MYANMAR
# ICT JOURNAL
WEEKLY JOURNAL OF INFORMATION AND COMMUNICATIONS T
အိုင်စီတီ ဂျာနယ် | VOLUME 2, ISSUE 11 THE WEEK OF MAR 18
WWW.ICT.COM.MM



ကမ္ဘာ့စီးပွားရေး ဖိုရမ် နေပြည်တော်တွင် ကျင်းပမည်

Samsung Galaxy S4

Pope Francis အမည်ဖြင့် Domain များကို နာရီပိုင်းအတွင်း အများအပြား မှတ်ပုံတင်လာကြ

ဂီတ၊ ရုပ်ရှင်နှင့် နည်းပညာ ဖလှယ်မှုတွေ ပါဝင်ဆင်နွှဲကြမည့် SXSW 2013 ပွဲတော်

Mobile Advertising လုပ်ငန်းများ ရာခိုင်နှုန်းများစွာ မြင့်တက်



2013 **Cadillac XTS**



**AvaDirect** P570WM Gaming Laptop




**HP** ElitePad 900 3G Tablet

YANGON ICT FAIR **SPECIAL** MARCH 22-24, 2013

REDLINK COMMUNICATIONS
Yangon ICT Fair (Computer & Mobile) နှင့် မြန်မာနှစ်သစ်ကူးအကြို
PROMOTION
22nd - 31st March 2013
360,000 Kyats
Silver, Gold, Platinum, Platinum+, Prepaid Plan
* Limited Stock
* Limited Area
* Terms & Condition Apply
270,000 Kyats
Gold+ Plan Only
Broadband WiMAX Service
YANGON ICT FAIR ( COMPUTER & MOBILE )
22-24 MARCH 2013
TATMADAW HALL ( BOOTH NO. C 1 )
နှင့်
RedLink Sales Offices များ နှင့်
Sales Agents များထံတွင် ဝယ်ယူရရှိနိုင်ပါသည်။
Sales Offices
* Pearl Condo : 09 73031684 ~ 85
* BAK (IT Mall) : 09 43170015
* Junction Square : 09 43170016
* Chaw Twin Gone : 01 660304, 664282
* Junction Maw Tin : 09 431 38326
Certificate No. TH 10/5319



Model: သဉ္ဇာနန်းဆင့်, Makeup: မေစံပယ်ညို, Photography: သိန်းဇော်ဝင်း (Photo Magic)


CITY STAR
Computer, Mobile&Electonic Sales&Service
အမှတ်(၁၇၀)မဟာဗန္ဓုလလမ်းနှင့်၃၃လမ်းထိပ်ကျောက်တံတားမြို့နယ်
Ph/09-73098509/01-377225/09-43066608
::Intel® 2.0 Pentium Dual Core
::MB Main board
:: 80 GB
::DDR3 2GB
::liteon SATA DVD Writer
:: Casing Normal
::Supply Normal
::AOC 18.5 LED
220000Ks
::Intel® 3.0 Pentium Dual Core
::MB Biostar G41
:: 160 GB
::DDR3 2GB
::liteon SATA DVD Writer
:: Casing Normal
::Supply Normal
::Acer 18.5 LED
252000Ks
::Intel® 2.8 GHZ G2010
::MB ASUS P8H61 MLX R2.0
:: 500 GB
::DDR3 2GB
:: ASUS DVD Writer
:: Casing Normal
::Supply Detech 550W
::LG 18.5 LED
296000Ks
::Intel® Corei3 3.3GHZ 3220
::Gigabyte H61MS2P
:: 1TB
::DDR3 4GB
::Liteon DVD Writer
:: Casing Normal
::Supply Detech 550W
::Viewsonic 20"VA2037
369000Ks
Lenovo G480
::Intel Pentium B980 (2.4GHZ)
::2GB DDR3 memory
::HDD 500 GB sata
::Graphic Nvidia 1 GB
::DVD Writer,Bluetooth,VGA
::HDMI,Cardreader,USB 3.0
G-469
Acer V5-471G
::Intel Core i3 (1.9GHZ)
::4GB DDR3 memory
::HDD 500 GB sata
::Graphic Nvidia 2 GB
::DVD Writer,Bluetooth,VGA
::HDMI,Cardreader,USB 3.0
G-579
Singtech W-243CU
::Intel atam(1.9GHZ)
::2GB DDR3 memory
::HDD 320 GB sata
::Screen 14" LED
::DVD Writer,Bluetooth,VGA,WiFi
::HDMI,Cardreader,USB 3.0
269000Ks
HP G4-2120TX
::Intel Corei3 .3110M(2.4GHZ)
::2GB DDR3 memory
::HDD 500 GB sata
::Graphic Nvidia 1GB
::DVD Writer,Cardreader
::HDMI,VGA
405000Ks
T -one (7") Tablet
- 7" wide multi-touch
- Cpu 1 GB
- Ram 512
- Storage 8 GB
- Android 4.04
-Card Reader, USB,
- WiFi, Camera
50000Ks
MoMo 8 (8") Tablet
- 8" wide multi-touch
- Cpu 1 GB
- Ram 512
- Storage 8 GB
- Android 4.0.4 OS
- Camera,WiFi,USB 2.0
78000Ks
Ason M92(9") Tablet
- 9" wide multi-touch
- Cpu 1 GB
- Ram 512
- Storage 8 GB
- Android 4.04
- USB,2.0
- WiFi, Camera
83000Ks
ONDA (10")V971T
::Storage 16GB
::Cpu 1.5 GB
::Ram 1GB
::Screen 9.7"
::Version (Andriod 4.1.1 OS)
:: Card reader,Camera , Wifi,USB 2 .0
135000Ks
Distributed by
TRi SPiDER Trading Co.,Ltd.
Office : No.137, Ground Floor, 46th Street (Upper Block)
Botahtaung Township, Yangon, Myanmar.
Contact : 01-297419, 09-450061923
ROKEA
Network - 2G, 3G (GSM 900MHZ)
4.7" WVGA.HD Super AMOLED Display
Dual Core 1.0 GHz
Dual SIM Card Slots
Android Version - 4.1.1
Storage - 16GB SD Card Included
Support 32GB
Battery - 3000mAh
2.0MP HD Dual Camera
with LED Flash Light
Bluetooth 2.0
Wi-Fi
ROKEA (R7100i)
3 Months Warranty
Network - 2G, 3G (GSM 900MHZ)
5.2" WVGA.HD Super AMOLED Display
Dual Core 1.0GHz
Dual SIM Card Slots
Android Version - 4.1.1
Storage - 16GB SD Card Included
Support - 32GB
Battery - 3800 mAh
2.0 MP HD Dual Camera
with LED Flash Light
Bluetooth 2.0
Wi-Fi
ROKEA Note
Gift
- Extra Battery
- Touch Pen
- Flip Cover
- Screen Guard
- Earphone
Included
- Myanmar Font
- Games
- Applications

# မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာ တက္ကသိုလ်တစ်ခု မန္တလေးတွင် ဖွင့်လှစ်မည်

TZO


Image Credit: www.travel-pictures-gallery.com

မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာ တက္ကသိုလ် တစ်ခုကို မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်ရှိ လေယာဉ်ကွင်းဟောင်း နေရာတွင် ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း၊ ဧက ၂၀ခန့် ကျယ်ဝန်းသည့် လေယာဉ်ကွင်းဟောင်းတွင် သဘာဝနှင့် အနီးစပ်ဆုံး အစိမ်းရောင် နည်းပညာဖြင့် တည်ဆောက်သွားမည် ဖြစ်ပြီး ဆောက်လုပ်ရေး လုပ်ငန်းများကို တင်ဒါခေါ်ယူနေကြောင်း သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနမှ သတင်း ရရှိပါသည်။ ယင်းတက္ကသိုလ်အား လာမည့် ပညာသင်နှစ်တွင် စတင် ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းနေပြီး အိန္ဒိယနိုင်ငံမှ သင်ရိုးညွှန်းတမ်း စာအုပ်များ၊ သင်ရိုး မာတိကာများကို ထောက်ပံ့ပေးမည် ဖြစ်သကဲ့သို့ သင်ကြားရေးအတွက်လည်း ပါမောက္ခများ စေလွှတ်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတကာ အဆင့်မီ အိုင်စီတီ ပညာရှင်များ ပေါ်ထွက်လာအောင် လေ့ကျင့် သင်ကြားပေးမည် ဖြစ်ပြီး ကျောင်းဝင်ခွင့်အတွက် တက္ကသိုလ် ဝင်တန်း စာမေးပွဲတွင် အမှတ်ကောင်းသည့် သူများကို ရွေးချယ်သွားမှာဖြစ်ကြောင်း သိရသည်။

မြန်မာ သတင်းအချက်အလက်နှင့် နည်းပညာ တက္ကသိုလ်တွင် ဘွဲ့ကြိုနှင့် ဘွဲ့လွန်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ် သင်ကြားပေးသွားမည် ဖြစ်ပြီး Commerce and Government, Communication, English and Soft Skills, Centre for Network Management, Centre for Community Learning Management စသည့် ဌာနများ ထည့်သွင်း ဖွဲ့စည်းသွားမည် ဖြစ်ပါသည်။ ဖေဖော်ဝါရီလ ၂၀ရက်နေ့က သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ဝန်ကြီးရုံး၌ ပြည်ထောင်စု ဝန်ကြီးနှင့် အိန္ဒိယနိုင်ငံဂန်ကြီးချုပ်၏ အကြံပေး ပုဂ္ဂိုလ်တို့ တွေ့ဆုံခဲ့ကြပြီး သင်ကြားမည့် ဘာသာရပ်များ၊ ဓာတ်ခွဲခန်းသုံး ပစ္စည်းများ၊ သင်ထောက်ကူ ပစ္စည်းများ၊ ကျွမ်းကျင် ပညာရှင်များ၊ အင်တာနက်နှင့် အခြား အခြေခံ အဆောက်အအုံများနှင့် ပတ်သက်၍ ဆွေးနွေး ခဲ့ကြကြောင်း သိရပါသည်။

# ကမ္ဘာ့ စီးပွားရေးဖိုရမ် နေပြည်တော်တွင် ကျင်းပမည်

TZO


Image Credit: www.mm-flashsongs.com

(၂၂)ကြိမ်မြောက် အရှေ့တောင် အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်ကို ပထမဆုံး အကြိမ်အဖြစ် မြန်မာနိုင်ငံ နေပြည်တော်တွင် ဇွန်လအတွင်း ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ ယခုနှစ် ဇွန်လ (၅)ရက်နေ့မှ (၇)ရက်နေ့ အထိကျင်းပမည့် ကမ္ဘာ့စီးပွားရေး ဖိုရမ်တွင် မြန်မာနိုင်ငံမှ ခေါင်းဆောင်များအပြင် နိုင်ငံ အသီးသီးမှ ခေါင်းဆောင် ၁,၀၀၀ကျော် တက်ရောက်မည် ဖြစ်ပြီး ယင်းအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ ရှေ့ဆက် ဆောင်ရွက်မည့် ပြုပြင် ပြောင်းလဲရေး များအပြင် ၂၀၁၄ခုနှစ်၊ အာဆီယံ ဥက္ကဋ္ဌ ရာထူးကို လွှဲပြောင်း တာဝန်ယူသည့်အခါ အဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုများကိုပါ ဆွေးနွေးကြမည် ဖြစ်ကြောင်း ဖိုရမ်ဖြစ်မြောက်ရေး ကော်မတီမှ မစ္စတာ Sushant Palakurthi Raoက ပြောကြားပါသည်။

အဆိုပါ ကမ္ဘာ့စီးပွားရေး ဖိုရမ်နှင့်အတူ ကမ္ဘာ့ လူငယ်ခေါင်းဆောင်များ နှစ်ပတ်လည် ထိပ်သီး အစည်းအဝေး YGLကို ရန်ကုန်မြို့တွင် ဇွန်လ ၂ရက်နေ့မှ ၇ရက်နေ့အထိ ကျင်းပမည် ဖြစ်ပြီး စီးပွားရေးလုပ်ငန်း၊ အစိုးရ၊ အရပ်ဘက် လူ့အဖွဲ့အစည်း၊ စာပေနှင့် ယဉ်ကျေးမှု၊ ပညာရပ် သင်ကြားရေးနှင့် မီဒီယာ လူမှုရေး လုပ်ငန်း ကိုယ်စားပြု လူငယ်ခေါင်းဆောင် ၂၀၀ကျော် တက်ရောက်မည် ဖြစ်ကြောင်း၊ ဤ YGL Summitတွင် အရပ်သား၊ လူမှုရေး အဖွဲ့အစည်းများ တိုးတက်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရေရှည် ထိန်းသိမ်းရေးနှင့် လူငယ် မျိုးဆက်သစ်များနှင့် တွေ့ဆုံရေးအား ဦးစားပေး ဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရပါသည်။

# မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ MCF Education Project Competition ပြိုင်ပွဲ ပြုလုပ်မည်

ဆုဒိ



မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်မှ ကျင်းပပြုလုပ်သော National ICT Award 2012အတွက် Education Project Competition ပြိုင်ပွဲကို မတ်လ ၃၀ရက်နေ့ နံနက် ၈နာရီမှ ၁၀နာရီအတွင်း MICT Parkတွင် ကျင်းပပြုလုပ်သွားမည် ဖြစ်သည်။ အဆိုပါ Project Showတွင် Education Project Competition (2012) ပြိုင်ပွဲမှ Project ၁၆ခု၊ အကောင်းဆုံးဆု ၄ဖွဲ့၊ ဆန်ကာတင် Final List ၁၂ဖွဲ့၊ IT Business Plan Contenst 2012 ပြိုင်ပွဲမှ Project ၁၀ခု (ပထမ၊ ဒုတိယ၊ တတိယ၊ ဆန်ကာတင်အဖွဲ့ 1st Asean ICT Award (2012)တွင် Corporate Social Responsibility Categoryဖြင့် ဆုရရှိထားသူများအား National ICT Award 2012 (Education Project Conpetition)က ချီးမြှင့်သွားမည် ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာ ပညာရှင်အသင်းမှ ကြီးမှူး၍ အသင်းနှစ်ပတ်လည် အထိန်းအမှတ်နှင့် အသင်းသားများ စုံညီ ပျော်ပွဲရွှင်ပွဲ အခမ်းအနားအား ၂၀၁၃ခုနှစ်၊ မတ်လ (၃၁)ရက် တနင်္ဂနွေနေ့ နံနက် (၉)နာရီမှစ၍ MICT Park, ပင်မဆောင်၊ Conference Hallနှင့် မြက်ခင်းပြင်တွင် ပျော်ရွှင်စရာ ဂိမ်းကစားနည်းများ၊ အသင်းမှ အလုပ်အမှုဆောင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနိုင်ခြင်းများ၊ အသင်းသားများအတွက် စိတ်ဝင်စားစရာ ကောင်းသည့် Lucky Drawများနှင့် အခြား အစီအစဉ်ပေါင်းများစွာအား ထည့်သွင်း စီစဉ်ထားကြောင်း သိရပါသည်။ အသေးစိတ် သိရှိလိုပါက အဆောင် (၁)၊ မြေညီထပ်၊ MICT-Park၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၆၅၂-၃၀၇၊ ၀၉-၇၃၂-၅၇၃-၇၇သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

## Pick-Up ကားများကို ကုန်တင်ယာဉ် အမျိုးအစားဖြင့် တင်သွင်းခွင့် ပြု

Pick-Up ကားအမျိုးအစားများကို ယခင်က လူစီးယာဉ်များအနေနှင့်သာ တင်သွင်း ခွင့်ပြုထားရာမှ ယခုအခါ ကုန်တင်ယာဉ် အမျိုးအစားများဖြင့် ပြောင်းလဲလိုက်ပြီ ဖြစ်သောကြောင့် အခွန် ပေးဆောင်ရာတွင်လည်း ပိုမို သက်သာ လာစေပြီး ယခင်က ၎င်းကားအမျိုးအစားများကို တင်သွင်းရာတွင် လူစီးယာဉ်အဖြစ် တင်သွင်းမှုအတွက် အခွန် ပေးဆောင်ရာတွင် ၈၀ ရာခိုင်နှုန်း ပေးဆောင်ရတာ ဖြစ်ပြီး လက်ရှိလုပ်ငန်းသုံး ကုန်တင်ယာဉ် အဖြစ် ပြောင်းလဲတင်သွင်းခွင့် ပြုလိုက်သည့်အခါ ၁၃ရာခိုင်နှုန်းသာ ပေးဆောင်ရမည် ဖြစ်ကြောင်း သိရသည်။ နိုင်ငံတကာတွင်လည်း အဆိုပါ ကားများကို ကုန်တင်ယာဉ်အဖြစ် သတ်မှတ်ထားကြောင်း သိရှိရပါသည်။

## စက်တင်ဘာလအတွင်း စမ်းသပ်ထုတ်လွှင့်ရန် ရှိသော ရုပ်သံလိုင်းများ

ရန်ကုန်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးတို့တွင် စက်တင်ဘာလ အတွင်းတွင် ရုပ်သံလိုင်းအသစ်များအား စတင် စမ်းသပ် ထုတ်လွှတ်သွားမည်ဟု ပြန်ကြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်ပိုင်း အတွင်းတွင် မြို့ကြီး ၂၀ ကိုပါ ထုတ်လွှင့်ပြသသွားပြီး အဆိုပါ လိုင်းများမှာ Reader Channel၊ ပြည်ထောင်စု Channel လွှတ်တော် Channelများ ဖြစ်ကြောင်း သိရသည်။ ၎င်းတို့ကို Free to Airအဖြစ် လာမည့်နှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ထုတ်လွှင့် ပြသသွားမည် ဖြစ်သည်ဟု သိရသည်။

## မထသ လက်အောက်သို့ တက္ကစီယာဉ်များ အပြီး လွှဲပြောင်းမည်

ရန်ကုန်မြို့တွင်းတွင် ပြေးဆွဲနေသော တက္ကစီယာဉ်များ အားလုံး၏ ယာဉ်မှတ်ပုံတင်ခြင်းနှင့် အခြားလုပ်ငန်းများကို ၂၀၁၃ခုနှစ်၊ မတ်လကုန်တွင် စတင်၍ မထသ ဗဟိုလက်အောက်သို့ အပြီးလွှဲပြောင်း သွားမည်ဖြစ်ကြောင်း မထသ ဗဟိုမှ တာဝန်ရှိသူ တစ်ဦးရဲ့ ပြောကြားချက်အရ သိရသည်။ ပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနရုံးမှ စာရင်းဇယားများအရ ဒီဇင်ဘာလ အတွင်း မှတ်ပုံတင် ထားသော တက္ကစီ အစီးရေ ၂၄၀၀၀ကျော်ခန့် ရှိပြီး စီမံကိန်းဦးစီးဌာန၏ စာရင်းအရ ကုမ္ပဏီများရှိ တက္ကစီများ အပါအဝင် AA Taxiအရေအတွက်မှာ ၂၆၉၀၀၀ကျော်ခန့် ရှိနေပြီ ဖြစ်သော်လည်း မတ်လကုန်တွင် တက္ကစီအစီးရေကို အတည်ပြု ကြေညာမည် ဖြစ်ကြောင်း မထသဗဟိုမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရပါသည်။

အိုင်စီတီ ဂျာနယ် Volume 2, Issue 11
MYANMAR ICT JOURNAL


## WHO WE ARE

### MYANMAR ICT JOURNAL

| | |
|---|---|
| Telephone | (01) 430-897, (01) 553-918 |
| Email (Ad) | advertising@myanmarict.com |
| Email (News) | newsroom@myanmarict.com |
| Email (Classified) | classified@myanmarict.com |
| SubscribeICT | circulation@myanmarict.com |
| Website | www.ict.com.mm |
| | www.facebook.com/myanmarict |
| Head Office | 58B, Myanma Gon Yaung Housing, Than Thu Mar Road, Tamwe Township, 11211, Yangon, Myanmar. |

### EDITORIAL TEAM

| | |
|---|---|
| CEO<br>Editor in Chief | Phyo Min Min |
| Editor | Than Htay |
| Feature Editor | Win-win, Dr. PTS, Ma Ma Zee Kwet, Ma Naw Phyu Lay, |
| | APT, TZO, Nay Aung Latt, iGeek, Key |
| Translator | Nyi Nyi Naing |
| Reporter | Daiwe, Jet Sin, Myo Zin |
| Proof Editor | Thandar Su Htwe, Kyawt Kyawt Paing |
| Accountant | Wai Wai Tun |
| Illustration | Ko Ko Aung, Lin Kyal |
| Photographer | Thein Zaw Win (Photo Magic) |
| Art Director | Media Lane, The Creative Agency |
| Film | Eagle Press Colour Separation |
| Printing | Seik Ku Cho Cho |

### ADVERTISING

| | |
|---|---|
| Snr. Marketing | Thwe Thwe Aye |
| Coordinator | May Thu Kyaw, Kyaw Lwin Htun, Ei Hnin Phyo, Moe Thidar Hlaing, Hnin Wai Aung |

### CIRCULATION/ DISTRIBUTION

| | |
|---|---|
| Manager | U Aung Than Htun |
| Coordinator | Nyi Min Htike, Thein Linn |

မြန်မာအိုင်စီတီဂျာနယ်ကို ယာယီမှတ်ပုံတင်အမှတ် ၁၅၂၁ဖြင့် ထုတ်ဝေပါသည်။


# တရုတ်နိုင်ငံ သမ္မတထံသို့ ဂမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

TZO

မစ္စတာရှီကျင့်ဖျင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ၂၀၁၃ခုနှစ်၊ မတ်လ၊ ၁၄ရက်တွင် (၁၂)ကြိမ်မြောက် တရုတ်အမျိုးသား ပြည်သူ့ကွန်ကရက်မှ ရွေးချယ် တင်မြှောက်ခဲ့ပါသည်။

ထိုသို့ ရွေးချယ်တင်မြှောက်ခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်ထံသို့ ဂမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့ကြောင်း သိရပါသည်။

# ပုပ်ရဟန်းမင်းကြီး အသစ် Pope Francis၏ အမည်ဖြင့် Domain Registration ပြုလုပ်မှုပေါင်း များစွာရှိခဲ့

ပုပ်ရဟန်းမင်းကြီး အသစ် Pope Francis၏ အမည်ကြေညာပြီးနောက် နာရီ အနည်းငယ် အတွင်းမှာပင် သူ၏အမည် (သို့) ဆင်တူ ဆက်စပ်နေသော အမည်များဖြင့် Domain Registrationပြုလုပ်မှုပေါင်း (၆၀၀)ကျော်ရှိခဲ့ကြောင်း Domain Registration Site တစ်ခုဖြစ်သည့် GoDaddy မှ CNETသို့ ပြောကြား ခဲ့ပါတယ်။ ပုပ်ရဟန်းမင်းကြီး နန်းတော် ပုပ်ရဟန်းမင်းကြီး အသစ်၏ အမည်ကို ကြေညာပြီး (၁၀)မိနစ်အတွင်းမှာပင် သူ၏အမည်နှင့် ဆင်တူသော အမည်များဖြင့် Domain Registrationပြုလုပ်မှု (၁၀၀)ကျော်ရှိခဲ့ပြီးနောက် (၁) နာရီ အကြာတွင် Registrationပြုလုပ်မှု (၄၇၉)ခု ရှိခဲ့ရာ လက်ရှိအချိန်ထိ (၆၇၄) ခုရှိသွားပြီဖြစ်ကြောင်း သိရပါတယ်။

အသစ်ပြုလုပ်ခဲ့တဲ့ Domain Nameတွေမှာ Pope, Bergoglio, Habemus Papumစတဲ့စကားလုံးတွေလည်း ပါဝင်ပြီး၊ လက်တင်ဘာသာစကားနဲ့ "We have a Pope"လို့ အဓိပ္ပါယ်ရတဲ့ Domain Nameတွေလည်း ပါဝင်တယ်လို့ သိရပါတယ်။ GoDaddy ရဲ့ Customerတွေထဲက အမျှော်အမြင်ရှိသူ တစ်ဦး ကတော့ www.PopeFrancis.comဆိုတဲ့ Domain Nameကို ၂၀၁၀ခုနှစ်၊ ဧပြီလ ကတည်းက လက်ဦးမှု ရယူပြီး၊ Registerလုပ်ပြီးသွားပါပြီလို့ GoDaddyမှ ပြောကြားခဲ့ပါတယ်။ ဘုန်းတော်ကြီး Jorge Mario Bergoglio အနေနဲ့ ပုပ်ရဟန်း မင်းကြီးအဖြစ် ရွေးချယ်ခံခဲ့ရပြီး၊ Pope Francisဟု အမည် ခံပြီးနောက် အချိန် အနည်းငယ်အတွင်းမှာ သူ့အမည်နဲ့ Domain Name Registration ပြုလုပ်မှုတွေ များစွာ ရှိခဲ့သလိုမျိုး အရင် ပုပ်ရဟန်းမင်းကြီး လက်ထက်ကလည်း ရှိခဲ့ပြီး၊ ထို Domain Nameများကို ပြန်လည် ရောင်းချခဲ့ခြင်းများလည်း ရှိခဲ့တယ်လို့ သိရပါတယ်။ BBCသတင်းဌာနနဲ့ အဆိုအရ၂၀၀၅ခုနှစ်တုန်းက www. PopeBenedictXVI.com ဆိုတဲ့ Domain Nameကို USD 5000နဲ့ ရောင်းချ ခဲ့တယ်လို့ သိရပါတယ်။

# မြေယာ လျှောက်ထားမှုများ အွန်လိုင်းမှ တစ်ဆင့် ပြုလုပ်နိုင်ပြီ

မြေယာ၊ အိမ်ယာများနှင့် ပတ်သက်သည့် လျှောက်ထားမှုများကို အွန်လိုင်းမှ လျှောက်ထား နိုင်ပြီဟု မြို့တော်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့် မြေယာစီမံခန့်ခွဲမှု ဌာနမှ Online Form Submission System (First Phrase) ပထမအဆင့်ကို ဆောင်ရွက်နေပြီ ဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့် မြေယာစီမံခန့်ခွဲမှု ဌာနအနေနှင့် အများပြည်သူများကို ဝန်ဆောင်မှုပေးသော လုပ်ငန်းများမှ အမည်ပေါက် မှန်မမှန် စစ်ဆေးခြင်း၊ လျှောက်လွှာ မြေပုံကူး၊ အဆောက်အအုံ အကြီးစား ပြင်ဆင်ခွင့်၊ လျှောက်လွှာ မြေပုံကူး ခြံစည်းရိုး ကာရန်ခွင့် လျှောက်လွှာများ၊ မြေပုံကူး၊ အဝီစိ တွင်းတူး ခွင့်လျှောက်လွှာ မြေပုံကူး ဘဏ်ငွေချေးခွင့် လျှောက်လွှာနှင့် မြေပုံကူး မှတ်ပုံတင် အဖြစ် ထားရှိရန် လျှောက်လွှာများကို အွန်းလိုင်းမှတစ်ဆင့် လျှောက်ထားနိုင်မည် ဖြစ်သည်။ www. ycdc.com.mmကို ဆက်သွယ် လျှောက်ထားနိုင်ကြောင်း သိရပါသည်။

# English ဘာသာစကားကို Mobile Phone ကိုင်နိုင်သူ မည်သူမဆို တတ်မြောက်နိုင်သော Urban Planet

Urban Planet Mobile Education Service Launchနှင့် M188တို့ ပူးပေါင်းပြီး လူကြီးလူငယ်မရွေး English ဘာသာစကားကို လေ့လာသင်ယူနိုင်သည်။ Urban Planet၏ အဓိက ဦးတည်ချက်မှာ Mobile သုံးစွဲသူ အားလုံးကို Mobile Telephoneမှတစ်ဆင့် English စာသင်ကြားနိုင်ရန် ရည်ရွယ်ထားပြီး Mobile Telephone ရှိသူအားလုံး မည်သည့်နေရာတွင်မဆို Mobile Telephoneမှတစ်ဆင့် English စကားပြော သင်ယူနိုင်အောင် ပြုလုပ်ပေးနိုင်သော ဝန်ဆောင်မှု တစ်ခု ဖြစ်သည်ဟု သိရသည်။ Urban Planetသည် 2008ခုနှစ်တွင် စတင် တည်ထောင်ခဲ့ပြီး 2011ခုနှစ်တွင် "Frost 8 Swllivan Most Innovative App"ဆုကို ရရှိခဲ့ပြီး GSM Mobile Awardမှ ချီးမြှင့်သော "Best Mobile Learning Innovation"ဆုကိုလည်း ရရှိခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ M188သည် ရတနာပုံတယ်လီပို့ (YTP), မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)နှင့် Blue Ocean Operating Managementမှ ပူးပေါင်းထားသော လုပ်ငန်းတစ်ခုပင် ဖြစ်ပြီး လုပ်ဆောင်ချက်များဖြစ်သော SMS ဝန်ဆောင်မှု၊ Data ဝန်ဆောင်မှုနှင့် Mobile Application ဝန်ဆောင်မှုနှင့် Mobile Application ဝန်ဆောင်မှုများကို မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော Mobile Application Service တစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံတွင် Mobile သုံးစွဲသူဦးရေ များပြားလာသည်နှင့်အမျှ e-Learningသည် မရှိမဖြစ် လိုအပ်သော အရာတစ်ခု ဖြစ်သည့်အတွက် Mobile Educationမှာ e-Learning ဖြင့် စာသင်ကြားခြင်းကြောင့် ရရှိသော အကျိုးကျေးဇူးများကြောင့် ယနေ့ခေတ်လူငယ်များမှာ Mobile Phoneနှင့် အကျွမ်းတဝင် ရှိကြသူများ ဖြစ်ကြပြီး Mobile Telephone သုံးစွဲသူ ဦးရေမှာ အရင်ကထက် ပို၍ တိုးပွားလာသည်နှင့်အမျှ Urban Englishသည် ကျောင်းသား၊ ကျောင်းသူများအတွက် အထူး သင့်တော်ပါသည်။ လွယ်ကူ၍ အချိန်တိုတိုအတွင်းမှာ သင်ယူနိုင်သော အခွင့်အရေးတစ်ခု ဖြစ်ပါသည်။ (၁) Basic၊ (၂) Business၊ (၃) TOEFLစသည်ဖြင့် (၃)မျိုး ခွဲထားပါသည်။ (၁) Basic ကဏ္ဍအောက်တွင် Basic (1)နှင့် (2)နှစ်ခု ပါရှိပြီး တစ်ခုစီတွင် သင်ခန်းစာ (၆ပ) စီ ထည့်သွင်းထားပြီး (၂) Businessကဏ္ဍအောက်တွင် သင်ခန်းစာ အခု (၆၀)၊ (၃) TOEFL ကဏ္ဍအောက်တွင် သင်ခန်းစာ အခု (၉၀)ပါရှိပါသည်ဟု သိရသည်။ ယခုစမ်းသပ်ကာလတွင် ၎င်းဝန်ဆောင်မှုကို အခကြေးငွေ ကောက်ခံခြင်း မရှိသေးကြောင်း အသုံးပြုလိုသူများသည် ဖုန်းနံပါတ် ၀၁-၂၃၉-၉၈၇၆ကို ခေါ်ဆို၍ မိမိနှစ်သက်ရာ Packageများကို အခမဲ့ သင်ကြားနိုင်ပြီး Package တစ်ခုစီကို အောက်ပါ ဈေးနှုန်းများဖြင့် ကောက်ခံသွားမည် ဖြစ်ပါသည်။ Package (1) -1000ကျပ်၊ Package (2) - 2000ကျပ်၊ Package (3) - 3000ကျပ်

ထို Package ဝယ်ယူမှုအတွက် ငွေပေးချေမှု ပုံစံမှာ အသုံးပြုသူ၏ Phone Billများထဲမှ ဖြတ်တောက်သွားမည် ဖြစ်ပါသည်ဟု သိရပါသည်။ သင်ခန်းစာ တစ်ခုစီကို Businessကဏ္ဍနှင့် Basic ကဏ္ဍကို (၅၀)ကျပ်နှုန်းဖြင့် သတ်မှတ်ပြီး TOEFL ကဏ္ဍအတွက် (၇၀)ကျပ်နှုန်း သတ်မှတ်ထားပြီး ထိုသင်ခန်းစာနှုန်းထားများကို ဝယ်ယူထားသော Package ပမာဏများထဲမှ ကောက်နုတ်သွားမည် ဖြစ်ကြောင်း သိရသည်။ နောက်ဆက်တွဲ သတင်း အချက်အလက်များကို သိရှိလိုပါက M188 ဖုန်းနံပါတ် 01-239-9188သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**Regent** ပညာရေး ကုမ္ပဏီမှ စက်တင်ဘာ ၂၀၁၃ တွင် ကျောင်းတက်မည့် ကျောင်းသူ၊ ကျောင်းသားများအတွက် အကောင်းဆုံး အကြံပေး ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။




## International Study Centre

Lancaster University · University of Lincoln · University of Huddersfield · Wales International Study Centre · University of Sussex · University of Surrey · Heriot Watt University · Keele University · University of Leicester · Kingston University London · LJMU · University of Stirling

**StudyGroup**

**One to One Counselling**
21 March (THU)
10:00 - 12:00 am
Regent office
Narnattaw Street

Courses available :
- Accounting
- Banking & Finance
- Business Administration
- Biomedical Science
- Computer Science
- Civil & Construction Engineering
- Electrical Power Engineering
- Information Technology
- Mechanical Engineering
- Network Design & Security
- Pharmaceutical Science
- Petrolium Engineering
- Tourism & Hospitality Management

မြန်မာကျောင်းသား၊ မိဘများ အားထားရာ

**Regent Consultancy Services Co. Ltd**
အမှတ် B-(13+23)၊ ရွှေကိန္နရီအဆင့်မြင့်အိမ်ရာ၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁) ၅၀၀၀၅၄၊ ၀၉၅၀-၁၉၈၇၀၊ ၀၉၇၃ ၂၀၅၃၃၃ office@regent-myanmar.com

# Do Co Mo Mobile & IT

## Promotion 14.3.2013 to 20.3.2013

### Sony xperia GO

Water Proof



- Android OS,v2.3
- upgradeable 4.0 (Ice cream sandwich)
- Dual-core 1GHz,
- Cortex - A9,
- 5.0Mega , LED Flash,
- Internal Memory 8GB
- 512 MB RAM

**186,000ks**

### HUAWEI

C8813



- Android OS,v4.1 (Jelly Bean)
- 1.2 GHz Processor,
- 5.0Mega ,
- Internal Memory 4GB
- 512 MB RAM
- 4.5inch capacitive

**115,000ks**

### HUAWEI

Y210



- Google Android OS,v2.3.6
- 800 mHz CPU
- 2.0Mega ,
- 256 MB RAM
- 512 MB ROM
- 3.5inch capacitive

**55,000ks**

Do Co Mo Mobile & IT ဆိုင်ခွဲတိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။

# Acer Aspire V3-471G(i7)

## PRICE - K 703,000



ဈေးနှုန်းချိုသာပြီး လူကြိုက်များခဲ့သော Series တစ်ခုဖြစ်တဲ့ Acer Aspire V3 အမျိုးအစားမှ 3rd Generation (i7)ကို ထပ်မံ ထုတ်လုပ်လိုက်ပါတယ်။ နိုင်မာ ထည်ဝါလှသော ဒီဇိုင်း အပြင်အဆင်နှင့် အထူး ကောင်းမွန်သော Keypadကို Island Design စတိုင် တီထွင်ထားမှုကြောင့် သန့်ရှင်းရ လွယ်ကူပြီး အလွယ်တကူ ပြုတ်မထွက်နိုင်ပါဘူး။ နည်းပညာပိုင်းတွင်လည်း နောက်ဆုံး ထွက်ရှိသော 3rdGeneration ဖြစ်သည့် Ivy Bridge Processor Core (i7)ကို အသုံးပြုထားသည့်အပြင် စွမ်းဆောင်ရည်ကို အလိုအလျောက် မြှင့်တင်ပေးသော Turbo Boost Technology အရ (2.4 GHz with up to 3.4 GHz)အထိ တိုးမြှင့် လုပ်ဆောင်ထားပါတယ်။ Graphic ပိုင်းဆိုင်ရာတွင်လည်း Nvidia Geforce GT 710M 2GBကို အသုံးပြုထားသည့်အတွက် Graphic ပိုင်း ဆိုင်ရာကို ပိုမိုအသားပေး အသုံးပြုသူများအတွက် ထူးခြား ကောင်းမွန်သည့်အပြင် Dolby Home Sound Systemပါ ပါရှိသည့်အတွက် ထူးခြား ကောင်းမွန်သော ရသမျိုးစုံကို ခံစား ရရှိနိုင်ပါမည်။ ထိုသို့ စုံလင်စွာ ပါရှိသော Notebook တွင် ထပ်မံ၍ 3rd Generationဖြစ်သော Intel Ivy Bridge Core i7 3610QM (2.4GHz) တပ်ဆင်ထားပြီး DDR 3 4GB Memory ပါရှိသည့်အပြင် သိုလှောင်မှု ပမာဏအနေဖြင့် 1 TB တပ်ဆင်ထားပါသည်။ HD Support Notebook တစ်လုံးဖြစ်တာမို့ ရုပ်ထွက် အသံထွက် ကြည်လင် ပြတ်သားတဲ့ 14" HD LED LCD, HD Webcam, HDMI Portတို့ ပါဝင်ပြီး Dolby Home Theater Systemကို အသုံးပြုထားပါတယ်။ လျင်မြန်စွာ ချိတ်ဆက်ပေးနိုင်တဲ့ Acer Nplify 802.11 a/g/n Wi-Fi , Bluetooth 2.1, USB 3.0 , Card Readerတို့ စုံလင်စွာ ထည့်သွင်းထားပြီး 6 Cells Battery တပ်ဆင်ထားပါတယ်။ Multimedia စွယ်စုံ အသုံးပြုချင်သူများ၊ Graphic အသားပေး အသုံးပြုချင်သူများ အတွက် ချိုသာသော ဈေးနှုန်း၊ အာမခံ သက်တမ်း (၂)နှစ်ဖြင့် ဈေးကွက်အတွင်းရှိ Acer၏ Dealer, Reseller ဆိုင်များတွင် လေ့လာ ဝယ်ယူနိုင်ပါသည်။













## Aoson M92 Wi-Fi Tablet (New)

PRICE - K 80,000



Wi-Fi Internetကို Screen Size ကြီးကြီးဖြင့် အသုံးပြုချင်သူများ အနေဖြင့် Brand အသစ်နဲ့ ထွက်ရှိလာတဲ့ Aoson M92ကတော့ အသင့်တော်ဆုံးပဲ ဖြစ်ပါတယ်။ ကောင်းမွန်တဲ့ Touch Screen ၊ ကြည်လင် ပြတ်သားတဲ့ Displayတွေကြောင့် အသုံးပြုသူတွေ အနေနဲ့ စိတ်ချမ်းသာစွာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ရှေ့နောက် Dual Camera ပါဝင်ပြီး CPU 1.0GHz, Ram 512DDR3, Android Version 4.0.4, Internal Storage 8GB ပါဝင်ပါတယ်။ Storage ထပ်မံ ဖြည့်သွင်းချင်သူများ အနေနဲ့ 32GB အထိ Support လုပ်နိုင်မှာ ဖြစ်ပါတယ်။ ကလေးငယ်များအတွက် ဂိမ်းအနိမ့်အမြင့် မျိုးစုံ ဆော့ကစားနိုင်ပြီး Movie ကြည့်ရာတွင်လည်း အဆင်ပြေနိုင်ပါတယ်။ နောက်ကျောဘက် အဖြူရောင်၊ အရှေ့ အနက်ရောင်အပြောင် အဖြစ် လုပတဲ့ Aoson M92 Tabletလေးကို ဈေးနှုန်းသင့် SCS Computer ဖုန်း - 01-290-384, 09-730-001-01တွင် ၈၀,၀၀၀ကျပ်ဖြင့် ဝယ်ယူရရှိနိုင်ပါတယ်။



## World Cheapest Copier Printer A3

PRICE - K 750,000

ကမ္ဘာ့ အသက်သာဆုံးနှင့် Maintainance Cost အနည်းဆုံး Copierကို ပြပါဆိုရင်တော့ Bizhub Brandထဲရှိ Copier Printerပဲ ဖြစ်ပါတယ်။ A3 Size Paperအထိ Copy အလျင်အမြန် 16 Pagerper Minuteဖြင့် ဆွဲနိုင်ပါတယ်။ ထို့ပြင် Copy ဆွဲစဉ်တွင် 200mအား အဆ-50မှ +200အထိ ချဲ့နိုင်၊ ချုံ့နိုင်ပြီး လုပ်ငန်းသုံးအတွက် အထူး သင့်တော်သော Japan Brand (Brand New) Copierပဲ ဖြစ်ပါတယ်။ ထို့ပြင် USB Port ပါဝင်သဖြင့် သီးသန့် Laser Print တစ်လုံး မလိုတော့ဘဲ ကွန်ပျူတာဖြင့် ချိတ်ဆက်၍ A4, Letter, Legalမှ စ၍ A3 Size အထိ အားမနာတမ်း Print ထုတ်ခြင်း၊ Scan ဖတ်ခြင်းများကိုပါ 600dpi Printing 2400x2400 dpi Scanningဖြင့် ပြုလုပ်နိုင်သဖြင့် ရုံးသုံး၊ ဆိုင်သုံးအတွက် အထူး သင့်လျော်သော Servicesလေးပဲ ဖြစ်ပါတယ်။ Refill Tonerနှင့် Consumableများလည်း ဈေးနှုန်း သက်သာသော Servicesလေးပဲ ဖြစ်ပါတယ်။ ရောင်းဈေး ၇၅၀,၀၀၀ကျပ်ဖြင့် Matrix II၊ ဖုန်း - ၀၁-၂၅၀-၀၈၄နှင့် ၀၂-၆၈၁-၈၂တို့တွင် ဝယ်ယူ ရရှိနိုင်ပါတယ်။

## GP 21 Giant Power UPS 1200W

PRICE - K 55,000



Giant Power UPSဟု ဆိုရလောက်အောင် Watt ဆွဲအား အထူး လိုအပ်သော နေရာများအတွက် ထုတ်လုပ်ထားသော UPSပဲ ဖြစ်ပါတယ်။ သာမန် UPSများထက် နှစ်ဆပိုမို ကြီးမားပြီး အတွင်း၌လည်း 7.5Ah Batteryနှစ်လုံးဖြင့် ပါဝါနှစ်ဆ ထောက်ပံ့ ပေးထားပါတယ်။ အနောက်ဘက်တွင်လည်း AC 220 True Out Put ရရှိသော Universal Port 3 Port ပါရှိပြီး ဆွဲအား အသင့်အသင့်ရှိသော ပစ္စည်းများအား ၃ခု တပ်ဆင်နိုင်ပြီး ဆွဲအား အလယ် အလတ် ရှိသော ကွန်ပျူတာ ၂လုံးခန့် Laser Printerများပါ မီးပျက်နှင့် အရှိန်မပျက် ဆက်လက် Runနေရန်အတွက် တောင့်တင်းသော Battery Wattအားဖြင့် ၄၅မိနစ်၊ ၁နာရီခန့် ထိန်းသိမ်းထားနိုင်ပါတယ်။ကွန်ပျူတာ၊ ပရင်တာများ သာမက ယနေ့ခေတ်အခါတွင် အိမ်သုံး၊ တီဗီကြီးများ၊ အောက်စက်များ၊ စပီကာကြီးများပါ သက်တမ်း ကြာရှည်ခံရန်နှင့် မီးပျက် (မီးခုန်)၊ မီးအား အတက်အကျဖြစ်တိုင်း ပျက်သွားခြင်း၊ ပိတ်သွားခြင်းများ မဖြစ်ရန်အတွက် ဤ Watt အားကြီးကြီး UPSအားခံထားပြီး သုံးစွဲသင့်သော Giant Versionပဲ ဖြစ်ပါတယ်။ ရောင်းဈေး ၅၅,၀၀၀ကျပ်ဖြင့် Matrix II၊ ၂၅၀-၀၈၄နှင့် ၀၂-၆၈၁-၈၂တို့တွင် ဝယ်ယူ ရရှိနိုင်ပါသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 11
MYANMAR ICT JOURNAL

# Myanmar ICT Fair (Computer & Mobile)

2013, March 22-24
Booth Plan, Tatmataw Hall, Yangon




ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာ ပညာရှင်အသင်းနှင့် ရန်ကုန်တိုင်း ဒေသကြီး ကွန်ပျူတာ လုပ်ငန်းရှင် အသင်းတို့မှ ပူးပေါင်းကျင်းပမည့် ပထမအကြိမ် Yangon ICT Fair (Computer & Mobile) (March 2013)ကို ၂၀၁၃ခုနှစ်၊ မတ် (၂၂)ရက်နေ့မှ (၂၄)ရက်နေ့အထိ ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ၊ တပ်မတော်ခန်းမတွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သိရှိပါသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်း၌ Mobileနှင့် ITကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၎င်းတို့၏ ဆက်စပ်ပစ္စည်းများအား လက်တွေ့လေ့လာ ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ စီစဥ်ခြင်း ဖြစ်ကြောင်း သိရှိရပါသည်။ ပြပွဲတွင် အီလက်ထရောနစ် ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ၊ ဆက်သွယ်ရေး ပစ္စည်းများအား ဆိုင်ခန်းများ ဖွင့်လှစ်ပြသ ရောင်းချသွားမည် ဖြစ်ကြောင်း သိရှိရပြီး CD အရောင်းဆိုင်များ၊ စာအုပ်အရောင်းဆိုင်များ၊ Scanner, Copier, Camera, Projector အရောင်းဆိုင်များ၊ Software & Trainingဆိုင်များ၊ Website, SMS Solution, Wimax, Wi-Fi, Networking Product, Mobile & Mobile Software, Virus Softwareများ၊ Electronic Dicitonary, HD Digital Recevierများနှင့် ရုပ်သံလိုင်း အရောင်းဆိုင်များလည်း ပါဝင် ရောင်းချပြသသွားမှာ ဖြစ်ကြောင်း သိရှိရပါသည်။

ထို့အပြင် KBZ Bank, CB Bank, Ayarwaddy Bankစသည့် ဘဏ်များမှလည်း ATM Cornerများ ထားရှိပေးသွားမည် ဖြစ်ကြောင်း သိရှိရပါသည်။ ပြပွဲတွင် ကုမ္ပဏီပေါင်း (၆၃)ခုမှ ပြခန်းပေါင်း (၁၈၀)ခန်းအား ခင်းကျင်းပြသသွားမည် ဖြစ်ပြီး ပြခန်းရက်အတွင်း မနက် (၉)နာရီမှ ညနေ (၅)နာရီအထိ ဝင်ရောက် လေ့လာဝယ်ယူနိုင်မည် ဖြစ်ကြောင်း သိရပါသည်။

## KMD

A6 B3

KMD Mobileတွင် မိုဘိုင်းဖုန်း Brandမျိုးစုံကို အထူး လျှော့ဈေးများဖြင့် ရောင်းချပေးသွားမည့်အပြင် ဗလာမပါ ကံစမ်းမဲများ၊ လက်ဆောင်များ၊ Application အခမဲ့ သွင်းပေးခြင်း အစရှိသည့် ဝန်ဆောင်မှုများ ပေးသွားမည် ဖြစ်ကြောင်း သိရှိရပါသည်။ ပြပွဲရက် (၃)ရက်အတွင်း Smart Phoneအသစ် တစ်လုံးစီကို ကြမ်းခင်းဈေး (၃)သောင်းကျပ်ဖြင့် လေလံဆွဲ ဝယ်ယူနိုင်မည်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

Lenovo, Fujitsu, Toshiba အစရှိသော Notebookများအား အထူးဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ အခြားသော အထူးအစီအစဉ်များ အနေဖြင့် Apple iPod Touch (32)GBကို (၉၉,၀၀၀) ကျပ်ဖြင့် ရောင်းချပေးသွားမည် ဖြစ်ပြီး ကွန်ပျူတာ ဆက်စပ်ပစ္စည်းများကိုလည်း ၅၀ရာခိုင်နှုန်းအထိ လျှော့ချ ရောင်းပေးသွားမည့် Happy Sales အစီအစဉ်များလည်း ပါဝင်ကြောင်း သိရပါသည်။ Notebook, Desktop, All in One PC, iPhone 5, Macbook Air, Macbook Pro, iMac ဝယ်ယူသူများ အတွက် ငွေသားနှင့် လက်ဆောင် ကံစမ်းမဲ အစီအစဉ်များ ပါရှိပြီး ပြခန်းရက်အတွင်း မနက် (၁၁)နာရီအချိန်များတွင် Apple iPad 32GB, iPod Shuffleများကို ကြမ်းခင်းဈေး (၅)သောင်းဖြင့် တစ်ရက်လျှင် တစ်လုံးစီကို လေလံ စနစ်ဖြင့် ရောင်းချပေးသွားမည် ဖြစ်ကြောင်းလည်း သိရပါသည်။ Lenovo Product ဝယ်ယူသူများအတွက် Lenovo Mouse, Lenovo Head Phone, Lenovo Speaker, Mcafee Antivirus 3 Yearsတို့ ဖြစ်ပြီး ငွေကျပ် (၄)သောင်းကျော် တန်ဖိုးရှိကြောင်း သိရသည်။

## Dell

A7

Dell Notebook ဝယ်ယူသူများအနေဖြင့် USD 24, 15, 10သို့မဟုတ် RAM 4GB Upgrade တို့အား သတ်မှတ် Model များအလိုက် မဲနှိုက်ရန်မလိုဘဲ လက်ဆောင် ရရှိမည် ဖြစ်သည်။ Dell Laptop ဝယ်ယူပါက ကျပ် ၁၇၅,၀၀၀တန် Microsoft Window 8 Professional License (1 User)အား ကျပ် ၆၇,၉၀၀ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး အခြား အစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

## Asus

D1

ပြပွဲတွင် ASUS Notebook ဝယ်ယူသူတိုင်း အနေဖြင့် ကျပ်ငွေ ၅,၀၀၀မှ ၅၀,၀၀၀ ကျပ်အထိ ငွေသား ကံစမ်းမဲများ ကံစမ်းခွင့် ရရှိမည် ဖြစ်ပြီး ASUS Lovely Summer's Lucky Draw အစီအစဉ်တွင်လည်း ပါဝင်ခွင့် ရရှိမည် ဖြစ်ကာ ASUS Tablet 10လုံးအား လက်ဆောင် ပေးအပ်သွားမည် ဖြစ်ကြောင်း သိရပါသည်။

## Gandama OA

A2

Gandama OA အရောင်းပြခန်းမှလည်း ပြခန်းရက်အတွင်း တစ်ရက်လျှင် Printer ၄လုံးစီ ကံစမ်းမဲ ဖောက်ပေးသွားမည် ဖြစ်ပြီး၊ ဝင်ရောက် လေ့လာသူများအနေဖြင့် Form ဖြည့်သွင်းရုံဖြင့် အခမဲ့ ကံစမ်းခွင့် ရရှိမည် ဖြစ်ကာ၊ ကုမ္ပဏီပစ္စည်းများကိုလည်း ၅ရာခိုင်နှုန်းမှ ၁၅ရာခိုင်နှုန်းအထိ ဈေးနှုန်းများ လျှော့ချ ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရပါသည်။

## Alliance Star

A1

Alliance Star အရောင်းပြခန်းမှလည်း မည်သည့် ပစ္စည်းကို ဝယ်ယူသည် ဖြစ်စေ ကျပ်တစ်သိန်းဖိုး ဝယ်ယူတိုင်း ကံစမ်းမဲကူပွန် တစ်စောင် ပေးအပ်သွားမည် ဖြစ်ပြီး ပြပွဲနောက်ဆုံး ရက်တွင် ကံစမ်းမဲများ ဖောက်ပေးသွားမည် ဖြစ်ကြောင်း သိရပါသည်။ ကျပ်တစ်သိန်းဖိုးအောက် ဝယ်ယူသူများအတွက်လည်း ငွေသားကံစမ်းမဲ အစီအစဉ်များ ပါဝင်ကြောင်း သိရပါသည်။

## Acer

A5

Acer အရောင်းပြခန်းမှ Acer Aspire E1-471 Notebook ( Core i3 2348M (2.3GHz), 2GB, 500GB ,14")ကို ၃၉၉,၀၀၀ကျပ်ဖြင့် အရေအတွက် ကန့်သတ် ရောင်းချပေးမည့် အပြင် Memory 2 GBကို အခမဲ့ ထပ်မံ တိုးမြှင့်ပေးသွားမည် ဖြစ်ကြောင်း သိရပါသည်။ Acer Notebook ဝယ်ယူသူတိုင်း အနေဖြင့် ကျပ်ငွေ တစ်သောင်းမှ တစ်သိန်းကျပ်အထိ ငွေသားကံစမ်းမဲ အစီအစဉ်တွင် လည်းကောင်း 4GB SLN Memory Stick ကံစမ်းမဲ အစီအစဉ်တွင် လည်းကောင်း ပါဝင်ခွင့် ရရှိမည် ဖြစ်သည့်အပြင် Acer Notebook ဝယ်ယူသူတိုင်းအတွက် Mouse, Cleaning Kits, Keypad Protector, Notepad, Ball Pen, Bag စသော လက်ဆောင်များ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရပါသည်။ ထို့အပြင် Acer Notebook (Aspire V5-471G(i3) (i5)/ V3-471G (i7) or Aspire S Series ဝယ်ယူသူတိုင်း အနေဖြင့် 8 GB SLN Memory Stickနှင့် လက်ဆောင်(၆)မျိုး ပေးသွားမည် ဖြစ်ကြောင်း သိရပါသည်။

## Citicom

A3

Citicom အရောင်းပြခန်းမှ ကျပ်ငွေ တစ်သိန်းဖိုးနှင့်အထက် ဝယ်ယူသူတိုင်းအတွက် အထူးဈေးနှုန်းများနှင့် ရောင်းချပေးသွားမည့်အပြင် ကျပ်ငွေ တစ်သောင်းမှ သုံးသောင်းကျပ်အထိ ငွေသားကံစမ်းမဲ အစီအစဉ်များ လက်ဆောင်ပေးသွားမည့် အစီအစဉ်များ ပါဝင်ကြောင်း သိရပါသည်။ ထို့အပြင် Apple Product, Notebook, Netbook, Desktop ဝယ်ယူသူတိုင်းအား Laser Printer ၁လုံးလျှင် ကျပ် ၅၅,၀၀၀နှုန်းဖြင့် ရောင်းချ ပေးသွားမည် ဖြစ်ပြီး Epson Product ဝယ်ယူအားပေးသူများအတွက် Photo Paper (1 Pack)များအား လက်ဆောင် ပေးအပ်သွားမည် ဖြစ်ကြောင်း သိရပါသည်။

## RedLink

C1

RedLink အရောင်းပြခန်းမှလည်း ကနဦး တပ်ဆင်ခ ၃၆၀,၀၀၀ကျပ်ဖြင့် Silver, Gold, Platenium အမျိုးအစား စက်များအား တပ်ဆင်ရောင်းချ ပေးသွားမည် ဖြစ်ပြီး Gold Puls Plan အမျိုးအစားအား ၂၇၀,၀၀၀ကျပ်ဖြင့် တပ်ဆင် ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရပါသည်။

# I.C.E

ခုဝယ်ခုပေါက် ......

ဗလာမပါကံစမ်းမဲ

12 to 21 . 3. 2013 (10days)

Purchase with Purchase အထူးဈေးနှုန်းဖြင့် ဝယ်ယူခွင့်

- PC
- Branded-PC
- All-in-One

((( ဝယ်ယူအားပေးသူများအတွက်။ )))




50% Off

~~27500K~~

14000K

ခုဝယ်ခုပေါက် ...... ဗလာမပါကံစမ်းမဲများ

- Notebook
- Tablet
- Smart Phone

((( ဝယ်ယူအားပေးသူများအတွက်။ )))



Brother Laser Printer



Micro SD (8GB/16GB/32GB)

Memory Stick (8GB/16GB/32GB)

Cliptec HeadSet

Wirless Mouse

၁၀၀၀၀ကျပ်
၂၀၀၀၀ကျပ်
၃၀၀၀၀ကျပ်

အမှတ် (၄၁၊ ၄၃၊ ၄၄၊ ၄၅)၊ လမ်းမတော် လှည်းတန်းလမ်း ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
(၁၀လမ်းနှင့်၁၁လမ်းကြား၊ အလယ်ဘလောက်)

218202, 216484, 214808



# CREATIVE WEB TRAINING

YOUR BEST WAY TO BE PROFESSIONAL

## No.1 Web Development Training Centre in Myanmar

မြန်မာနိုင်ငံတွင် Quality အကောင်းဆုံး Web Site များကိုတည်ဆောက်ပေးနေသော CREATIVE WEB STUDiO မှ Professional များကိုယ်တိုင်သင်ကြားပေးသည်။

- Web Essential
- Professional Web Designer
- Professional Web Developer
- Advance (Web Master)
- Software Design & Development

ဆယ်တန်းအောင်ပြီး ကျောင်းသား / သူများ ကျောင်းသားကဒ်နှင့် လာရောက်အပ်နှံလျှင် **20% Discount** ပေးမည်။

20%

သင်တန်းကျောင်း ခွဲမရှိပါ

### Web Essential

- Introduction to Internet & WWW
- Web Design & Analysis
- HTML/CSS - JavaScript
- Adobe Flash
- Adobe Photoshop
- Web Marketing ( online and offline marketing)
- Network Essentials & TCP/IP

| | | | |
|---|---|---|---|
| Intro & Web Marketing | - 2 Days | JavaScript & TCP/IP | - 16 Days |
| HTML/CSS & Web Design | - 12 Days | Photoshop | - 12 Days |
| Flash | - 8 Days | | |
| Duration | : 50 Days | | |

Fl php Microsoft .net

CREATiVE WEB STUDiO မှ Professional ဆရာများကိုယ်တိုင် CWS Training Center တစ်ခုတည်းတွင်သာ အထူးကြပ်မတ်သင်ကြားပေးပါသည်။ (CWS မှဆရာများ အိမ်လိုက်မသင်ပါ)

Online Enroll : www.myanmartraining.com

လစဉ်တန်းခွဲ သစ်များ ရှိပါသည်

Building 6, Room 3, Myanmar Info Tech,Universities Hlaing Campus(11052), Yangon, Myanmar.Tel: (+95-1) 50 70 51, 507049 , E-mail: training@creative-webstudio.com

အိုင်စီတီ ဂျာနယ် Volume 2, Issue 11 MYANMAR ICT JOURNAL

# HP ElitePad 900 (3G) Tablet

PRICE - USD 1,099

ညီညီနိုင်




Aluminumနဲ့ Glass ပေါင်းစပ်ထားတဲ့ ကိုယ်ထည်နဲ့ ပြတ်သားစွာ လုပနေတဲ့ HP ElitePad Tabletဟာ 9.2mm ထုထည်နဲ့ အလေးချိန် 1.5lbပဲ ရှိပြီး ပေါ့ပေါ့ပါးပါး သယ်ဆောင်သွားဖို့ အဆင်ပြေတဲ့ Ultraportable Tablet တစ်လုံးပဲ ဖြစ်ပါတယ်။ Operating Systemအနေနဲ့ Windows 8 OSကို သုံးထားပါတယ်။ မျက်နှာပြင် အကျယ် 10.1inchesရှိပြီး Screen Resolution 1280x800 Pixel ပါဝင်ပါတယ်။ Intel Atom Processorကို အသုံးပြုထားပြီး CPU Speed 1.8 GHzရှိလို့ မြန်ဆန် သွက်လက်တဲ့ Performanceကို မြင်တွေ့ရမှာပါ။ 2GB RAMနဲ့ Storage Memory 64GB ပါဝင်မှာ ဖြစ်ပြီး 32GB Versionနဲ့လည်း ရရှိနိုင်မှာ ဖြစ်ပါတယ်။ ပေါ့ပေါ့ပါးပါး သယ်သွားလို့ ရပြီး Performance ကောင်းတဲ့ ElitePadကို လုပ်ငန်းခွင်မှာပါ သုံးလို့ရအောင် ရည်ရွယ်ထားတယ်လို့ ဆိုပါတယ်။ 3G Networkသုံး Tablet တစ်လုံး ဖြစ်ပြီး Wi-Fi ချိတ်ဆက်ဖို့ 802.11n Standardနဲ့ ချိတ်ဆက်လို့ ရပြီး Bluetoothလည်း ပါဝင်ပါတယ်။ ဒါ့အပြင် ရှေ့ဘက်၊ ကျောဘက် နှစ်ဘက်စလုံးမှာ ကင်မရာ ပါဝင်ပြီး ရှေ့ဘက် ကင်မရာနဲ့ 1080P HD Videoတွေ ရိုက်ကူးနိုင်ပါတယ်။ ကျောဘက်မှာလည်း 8mp ကင်မရာ ပါဝင်တာကြောင့် ဓာတ်ပုံတွေ၊ ဗီဒီယိုတွေ ရိုက်ကူးဖို့ ကောင်းမွန်မှာ သေချာပါတယ်။ ဒါ့အပြင် ၈နာရီနဲ့ ၂၄မိနစ် ဆက်တိုက် အသုံးပြုလို့ ရတာကြောင့် ကောင်းမွန်တဲ့ Battery Lifeပါပဲ။ Micro SD Card Reader ပါဝင်ပြီး ဈေးနှုန်းကတော့ USD 1,099လို့ သိရပါတယ်။ Ref: CNET Asia

# Acer Aspire V5-571PG (i5) Window 8

PRICE - K 721,600




Window 8ကို ဈေးချိုချိုသာသာ သုံးစွဲလို့ရမည့်အပြင် Touchကို လျင်မြန်စွာ အသုံးပြုနိုင်မည့် Aspire V5-571PG Notebookကို ဈေးကွက်အတွင်း အောင်မြင်စွာ ဖြန့်ချိပြီး ဖြစ်ပါသည်။ ပုံမှန် Notebookတွေထက် (၃၀)% ပါးလွှာပြီး (၁၀)% ပေါ့ပါးတဲ့ Aspire V5 Seriesများထဲမှ Window 8 အသုံးပြု Aspire V5-571PGမှာ (၁) လက် ၁၀ ချောင်းလုံးနဲ့ ထိတွေ့ အသုံးပြုနိုင်ပြီး Multi Gestures အသုံးပြုနိုင်ပါတယ်။ ပုံမှန်ထက် (၃၀)% ကျယ်ပြန့်ပြီး လျင်မြန်စွာ အသုံးပြုနိုင်မည့် Touch Padနှင့် Numberတွေကို လွယ်ကူစွာ နှိပ်နိုင်မယ့် Numeric keypad (၂) ပုံမှန် Notebookတွေထက် (၃၀)% ပါးလွှာပြီး (၁၀)% ပေါ့ပါးပါတယ်။ (၃) Acerရဲ့ Always Connect နည်းပညာက အင်တာနက်ကို ၂.၅ စက္ကန့်အတွင်း ချိတ်ဆက်နိုင်ပြီး ၄ဆ ပိုမို လျင်မြန် ပါတယ်။ (၄) Dolby Advanced Audio V2ကို အသုံးပြုထားလို့ ကြည်လင်ပြတ်သားတဲ့ အသံထွက် စနစ်က ရုပ်ရှင်ရုံ တစ်ရုံသို့ ရောက်ရှိသွားသကဲ့သို့ သောတဆင်ရမယ်။ (၅) Intelရဲ့ Third Generation Core i5 Processorကို အသုံးပြုထားပြီး Nvidia Graphic 1 GB ပါဝင်တဲ့ စွမ်းဆောင်ရည်မြင့် လုပ်ဆောင်ချက်တွေကို ပြုလုပ်နိုင်မယ်။ မြင့်မားတဲ့ စွမ်းဆောင်ရည်နဲ့ Window 8ကို မြည်းစမ်းလိုသူများအတွက် စိတ်ဝင်စားမယ့် Acer Aspire V5-571PG Notebookမှာ Intel Corei5 3317U (1.7 GHz)/ Nvidia Geforce GT620M 1GB/ 4GB Memory/ 750 GB HDD/ DVD-RW/ 15.6" Multi Tocuh HD Acer Cine Crystal Screen/ Window 8 64 bit ပါဝင်ပြီး Bluetooth 4.0, Card Reader, Webcam, USB 3.0, Acer Nplify 802.11 a/g/n Wi-Fiတို့ စုံလင်စွာ ပါရှိပြီး 4 Cell Li-ion Battery ဖြစ်ပါတယ်။ လေ့လာ ဝယ်ယူလိုသူများ အနယ်နယ် အရပ်ရပ်ရှိ Acer၏ Dealer, Reseller ဆိုင်များတွင် အာမခံသက်တမ်း (၂)နှစ်ဖြင့် ဝယ်ယူနိုင်ပါသည်။

# Lenovo A2207A SIM + 3G Tablet (New)

PRICE - K 170,000



နာမည်ကြီး Lenovoမှ Brand ဖြစ်တဲ့ 3G Tablet Lenvo A2ကတော့ Colourအညိုရောင် အရှေ့ဘက် အပြောင်သားနဲ့ လုပပြီး ဒီဇိုင်း ဆန်းတယ်။ SIM Card ထည့်ပြီး ဖုန်းပြောနိုင်တယ်။ CPU 1.2Ghz , Ram 512, Storage ပမာဏ အနေနဲ့ 20GB အနေနဲ့ ရရှိမှာ ဖြစ်ပါတယ်။ Internet အသုံးပြုချင်သူများ အနေနဲ့ Wi-Fi Internetကိုလည်း အသုံးပြုနိုင်သလို ဖုန်း SIM Cardမှ 3G Internetကိုလည်း အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဖုန်း SIM Card ထည့်ရန် Double Slot ပါဝင်ပါတယ်။ Screen Size ၇လက်မ ရှိပြီး Resolution 1024x600 ဖြစ်တာကြောင့် Android Game အနိမ့်ရော အမြင့်ပါ Resolution ကောင်းကောင်းဖြင့် ကစားနိုင်မှာ ဖြစ်သလို Movieနှင့် MTVများကိုလည်း ကြည်လင် ပြတ်သားစွာ ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ လက်ဆောင်ပေးရန် သင့်တော်ပြီး ကျောင်းသုံး၊ ရုံး အတွက်ပါ အဆင်ပြေနိုင်တဲ့ Lenovo A2 SIM+3G Tabletကို ဈေးနှုန်းသင့် ၁၇၀,၀၀၀ကျပ်ဖြင့် SCS Computer ဖုန်း - 01-290-384,09-730-001-01တွင် ဝယ်ယူ ရရှိနိုင်ပါတယ်။

# အခြားသော Outdoor Wireless Productများထက် သာလွန်သည့် Air MAX



Wireless Frequencyများ အနေဖြင့် Unlicensed Bandများ ဖြစ်သော 2.4နှင့် 56GHZ Frequency Bandများကို သုံးစွဲနိုင်စေရန် ပြုလုပ်ထားပြီး Dynamic Frequency Selectionကိုပါ Support လုပ်ထားကြောင်း သိရသည်။ Air Maxတွင် Ubiquiti၏ အဓိက Outdoor Long Distance Point to Pointနှင့် Point to Multipoint Wireless Productများကို တွေ့ရမည် ဖြစ်သည်။ နောက်ဆုံးပေါ် Ubiquiti၏ ကိုယ်ပိုင် Air MAX M Series Technologyကို အသုံးပြုထားသောကြောင့် Latency, Throughputနှင့် Performanceတို့တွင် အခြား Outdoor Wireless Productများထက် သာလွန်သည်ကို သုံးစွဲသူများ ကိုယ်တိုင် တညီတညွတ်တည်း လက်ခံထားသည့် Product ဖြစ်ကြောင်း သိရှိရသည်။ စက်ရုံ၊ အလုပ်ရုံများ၊ ကျောင်းများ၊ ဆေးရုံများ၊ ဘဏ်နှင့် စီးပွားရေး လုပ်ငန်းများတွင် တစ်နေရာနှင့် တစ်နေရာ သတင်းအချက်အလက် ဆက်သွယ်ရေးအတွက် အကောင်းဆုံး Wireless Point to Pointနှင့် Point to Multipoint Solutionများ ဖြစ်သည်။ Security အနေဖြင့် Air MAX Productများ အားလုံးတွင် WEP, WPA, WPA-2နှင့် RADIUS Protocolများကို Support လုပ်ထားသည်။ 2x2 MIMOနှင့် Throughput Up To 150Mbpsအထိ ရရှိနိုင်မည့် Productများ ဖြစ်ပါသည်။ Distance အနေဖြင့် Antennaအပေါ်တွင် မူတည်ပြီး 50kmနှင့် အထက်ထိ ရရှိနိုင်ပြီး World Recordအနေနှင့် Ubiquiti၏ XR5 Radio Cardကို 34dBi Antennaဖြင့် 304km အကွာအဝေးကို အီတလီနိုင်ငံတွင် ချိတ်ဆက်ခဲ့သည့် မှတ်တမ်းများ ရှိကြောင်း သိရသည်။ Antennaများ အနေဖြင့် Long Distance PtP Communicationများအတွက် High Gain Dish Antennaများ၊ Parabolicနှင့် Gird Antennaများ၊ Multipoint Basestation Systemများအတွက် High Gain Sectorနှင့် Omni Antennaများကိုလည်း ရရှိနိုင်သည့် အပြင် Air MAX Productsများမှာ WISPနှင့် Carrierများအတွက် ရည်ရွယ်သော်လည်း ဈေးနှုန်းမှာ Home Userများအတွက်ပါ လက်လှမ်းမီသော ဈေးနှုန်း ဖြစ်ပါသည်။ Air MAX Productများတွင် သုံးစွဲထားသော Air OS Firmware Technologyမှာ သုံးစွဲသူများအတွက် ခက်ခဲရှုပ်ထွေးမှု မရှိစေဘဲ အလွယ်တကူ သုံးစွဲနိုင်မည် ဖြစ်ပါသည်။ Air OSတွင် Network Administratorများအတွက် အသုံးတည့်သော Spectrum Analyzer, Speed Test, Antenna Alignment, Device Discovery, Site Survey, Pingနှင့် Traceroute ကဲ့သို့သော Toolsများ ပါဝင်ကြောင်း သိရသည်။



# AvaDirect P570WM စွမ်းရည်ပြည့် Gaming Laptop

**PRICE - USD 3,981**



ဖျက်ဆင်

## အားသာချက်

Laptopရဲ့ Performance ကောင်းမွန်ပြီး Graphicsပိုင်းကိုလည်း အကောင်းမွန်ဆုံး အသုံးပြုထားတာ တွေ့ရပါတယ်။ Displayပိုင်းမှာဆိုရင်လည်း Resolution မြင့်မားပြီး ရုပ်ထွက် ကြည်လင်မှုကို အပြည့်အဝ ရရှိမှာ ဖြစ်ပါတယ်။ Laptop Keyboardကိုလည်း အရည်အသွေး ကောင်းကောင်း ပြုလုပ်ထားတာ တွေ့ရပါတယ်။

## အားနည်းချက်

Battery သက်တမ်း တော်တော်လေး ညံ့တာ တွေ့ရပါတယ်။ Audioပိုင်းမှာဆိုရင် သာမန် အဆင့်လောက်သာ ရှိပါတယ်။ ကိုယ်ထည် Size တော်တော် ထူတဲ့အတွက် ပေါ့ပေါ့ပါးပါး အသုံးပြုချင်သူတွေ အတွက်တော့ အဆင်ပြေမှာ မဟုတ်ပါဘူး။

## အသေးစိတ် ဖော်ပြချက်

AvaDirect P570wm Laptopကို အသေးစိတ် ဖော်ပြရမယ်ဆိုရင်တော့ Gaming Notebook အမျိုးအစားဖြစ်ပြီး Chipset အနေနဲ့ X79 Chipsetကို အသုံးပြုပေးထားပါတယ်။ Processorပိုင်းမှာဆိုရင်လည်း 3.3 GHz အမြန်နှုန်းရှိတဲ့ Intel Core i7 -3960X CPUကို အသုံးပြု ပေးထားတဲ့အတွက် Processorပိုင်းကို အခြား Gaming Laptopတွေထက် မြှင့်တင်ပေးထားတာ တွေ့ရပါတယ်။ Laptopရဲ့ Memoryပိုင်းမှာဆိုရင်လည်း RAM ပမာဏကို 32 GBထိ ဖြည့်တင်း ပေးထားတဲ့အတွက် Gamerတွေအတွက် အကြိုက်တွေ့စေမှာ ဖြစ်ပါတယ်။ Graphicsပိုင်းကိုတော့ Dual Nvidia Geforce GTX 680Mကို 4GBအထိ ထည့်သွင်းပေးထားပြီး 3D Version ဖြစ်တဲ့အတွက် 3D Gamesတွေကို ကောင်းကောင်း ကစားနိုင်မှာ ဖြစ်ပါတယ်။ Laptop Graphicsပိုင်းလည်း လုံလောက်မှု ရှိတဲ့အတွက် သာမန်ရုံးသုံး Softwareတွေနဲ့ HD Videoတွေလောက်တော့ ပြောစရာ မလိုလောက်အောင် ကောင်းမွန်နေမှာ ဖြစ်ပါတယ်။ Operation Systemအတွက်ကိုတော့ Microsoft Windows 8 Proကို အသုံးပြုပေးထားပါတယ်။ Data သိမ်းဆည်းဖို့ အတွက် Storage ပမာဏကတော့ 7200 rpm ရှိတဲ့ 750 GB Hard Diskတစ်လုံးနှင့် အတူ 8GB SSD ပါရှိမှာ ဖြစ်ပါတယ်။ ဒါ့အပြင် Secondary Hard Drive တစ်လုံး ပါရှိမှာ ဖြစ်ပြီး SSD 240GB ရရှိမှာ ဖြစ်တဲ့အတွက် Data သိမ်းဆည်းဖို့အတွက် လုံလောက်မှု ရှိမှာ ဖြစ်ပါတယ်။ Optical Drive အနေနဲ့ Data အကူးအဖတ် 8x အမြန်နှုန်းရှိတဲ့ Dual Layer Super Multi DVD RW တစ်လုံး တပ်ဆင်ပေးထားပါတယ်။ Laptopရဲ့ Wireless ချိတ်ဆက်ဖို့ အတွက်ဆိုရင်တော့ Killer Wireless-N High-Performance Wi-Fi Adapterကို အသုံးပြုပေးထားပြီး Online Gamesအတွက် Wireless Performanceကို ကောင်းကောင်း ရရှိမှာ ဖြစ်ပါတယ်။ အခြား Devicesတွေနဲ့ ချိတ်ဆက်ဖို့အတွက် ဆိုရင်တော့ Display Port, DVI, Firewire, Gigabit Ethernet, HDMI, Headphone, Line-in, Microphone, S/PDIF, Security Lock Slot, USB 2.0, USB 3.0, USB 3.0/ eSata စတဲ့ Portတွေကို ထည့်သွင်း ပေးထားပါတယ်။ USB Port စုစုပေါင်း 4 Port ပါဝင်ပြီး 9-1 Card Reader တစ်ခုပါ ထည့်သွင်း ပေးထားပါတယ်။

## ဒီဇိုင်း

Laptopရဲ့ Displayပိုင်းမှာ ဆိုရင်လည်း Screen Size 17.3လက်မ အကျယ်နှင့်အတူ 1920x1080 Resolution ရှိတဲ့အတွက် ရုပ်ထွက် ကြည်လင်မှုကို ပိုင်ဆိုင်နိုင်မှာ ဖြစ်ပါတယ်။ ကိုယ်ထည် Sizeကတော့ အလျား 16.5 x အနံ 11.26နှင့် အထု 2.28ပေါင်ရှိပြီး Laptop အလေးချိန် 13ပေါင် ရှိပါတယ်။ Built in Webcam ပါရှိပြီး 2.1 Megapixel ရရှိမှာ ဖြစ်ပါတယ်။

## Battery Life

Battery သက်တမ်းကတော့ ပုံမှန် အသုံးပြုမယ်ဆိုရင်တော့ 2နာရီ 5မိနစ် အသုံးပြုနိုင်မှာဖြစ်ပြီး Wi-Fi ဖမ်းယူ အသုံးပြုနေမယ်ဆိုရင်တော့ 1နာရီ 22မိနစ် ရရှိမှာ ဖြစ်ပါတယ်။

## သုံးသပ်ချက်

Gamerတွေ အတွက်တော့ အကြိုက်တွေ့စေမယ့် Gaming Laptop အမျိုးအစားတစ်ခု ဖြစ်ပါတယ်။ အခြား Laptopတွေထက် CPU Performace, Graphics Performanceတွေ မြှင့်တင် ပေးထားတဲ့ Laptop တစ်လုံး ဖြစ်ပြီး Resolutionလည်း ကောင်းကောင်း ရရှိမှာ ဖြစ်ပါတယ်။

3G Audio
Karaoke & Professional Entertainment Audio System




Before ~ 940000/Ks
After ~ 817800/Ks

အခြား KTV Amp &Speakers ထက် ထူးခြားအားသာချက်များ

- အာရှနှင့်အနောက်ဥရောပနိုင်ငံများတွင် ရောင်းအားအကောင်းဆုံးအမှတ်တံဆိပ်
- 5 Speakers, 3 Way System
- အသံထွက်အားကို ကြည်လင်ပြတ်သားစေပြီး Low, Mid, High ကို ပီသစွာ ထုတ်ပေးနိုင်ခြင်း
- တည်ဆောက်မှုပုံသဏ္ဍာန် ခိုင်ခန့်လှပသေသပ်ခြင်း
- စုံတွဲသီဆိုမှုတွင် တစ်ဦးခြင်းအသံ KEY ကိုချိန်ညှိနိုင်သည်။
- Mic Feedback ဖြစ်ခြင်းကို Limit လုပ်၍ရသည်။
- Volume Control, Mic Control အား Save လုပ်ထားနိုင်သည်။
- ပန်ကာ(၂) လုံးတပ်ထား၍ စက်၏ အပူရှိန်ကို ထိန်းပေးပါသည်။
- Subwoofer OutPut ထည့်ပေးထားသည့်အတွက် Dancing Room နှင့် DJ Room များအတွက် အထူးသင့်လျော်သည့် 3G Audio

ပြည်ပနိုင်ငံများမှ တိုက်ရိုက်တင်သွင်းသော မြန်မာနိုင်ငံအတွင်း လူကြိုက်များပြီး အသံအရည်အသွေးကောင်းမွန်သည့် အိမ်တွင်းအပန်းဖြေ၊ ကာရာအိုကေဆိုင်သုံး Sound System

အတာသင်္ကြန် အထူးလျော့ဈေး
20.3.2013 to 20.4.2013

သင်္ကြန်ကာလ မိသားစုမိတ်ဆွေသူငယ်ချင်းများ အပန်းဖြေဖို့ 3G Promotion Package ဝယ်လျှင်အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါပြီ။

SoundTech
Audio & Home Entertainment
No-376, Barr Street (Upper Block)Kyauktada Township, Yangon.
Hot Line : 09-500-3827,252066

အိုင်စီတီ ဂျာနယ်
Volume 2, Issue 11
MYANMAR ICT JOURNAL

Game Review




ရထား

စစ်ပွဲတစ်ခု ဖြစ်နေပါတယ်။ Moscow ဖြစ်နေတာပါ။ ၂၀၃၄ခုနှစ်မှာ ဖြစ်ပျက်နေတဲ့ တိုက်ပွဲတစ်ခု ပုံစံကို ဂိမ်းအဖြစ် ဖန်တီးထားတာပါ။ Metro: Last Light ဂိမ်းကို ၂၀၃၄ခုနှစ်မှာ ဖြစ်နေတဲ့ တိုက်ပွဲတစ်ခုအဖြစ် ဇာတ်အိမ် တည်ထားပြီး Moscowမြို့ရဲ့ အငွေ့အသက်တွေပါ ထည့်ထားပေးပါတယ်။ 4A Games (Developer)တွေရယ် Deep Silver (Publisher)တို့က ပူးပေါင်း ထုတ်လုပ်ကြမယ့် Metro: Last Lightကို May 14, 2013ရက်နေ့မှာ USတွင် စတင် ဖြန့်ပါမည်တဲ့။ ကျွန်တော်တို့ဆီကိုလဲ မကြာခင် ရောက်လာမှာပါ။ ဒီလိုဂိမ်းတွေက စစ်ပွဲတွေကြားမှာ တိုက်ခိုက်မယ်။ ရန်သူတွေကို နှိမ်နင်းမယ်စတဲ့ ဂိမ်းရဲ့ ခံစားချက်တွေအပြင် စိတ်လှုပ်ရှားမှုတွေကိုပါ ခံစားရနိုင်တဲ့အတွက် ကစားသူတွေ နှစ်သက်ကြပါတယ်။ PC, PS3, Wii U, Xbox 360အတွက်ပါ ထုတ်ပေးထားတာ ဖြစ်တဲ့အတွက် Platform အစုံမှာပါ ကစားလို့ ရနိုင်ပါတယ်။ ထွက်ရှိပြီးသားဖြစ်တဲ့ Metro ၂၀၃၃ဂိမ်းရဲ့ အားနည်းချက်တွေကို ပြင်ဆင်ထားတဲ့ Metro: Last Lightကို ကစားချင်တဲ့ ဂိမ်းမာတွေအတွက် Preview လုပ်ပေးလိုက်ပါတယ်ဗျာ။

ဇာတ်အိမ်ကတော့ ပြောထားတဲ့အတိုင်းပဲ တည်ဆောက်ထားတာဆိုတော့ အမြင်အသစ်တွေ ရှိနေပေမယ့် ၂၀၃၃ရဲ့ နောက်ဆက်တွဲ ပုံစံမျိုး တွေ့ကြုံနေရမှာပါ။ ကဲဟုတ်ပြီ ဘာတွေ ပြောင်းလဲ လာမှာလဲဆိုရင် Artyomဆိုတဲ့ ဇာတ်လိုက်ကြီးအပြင် သူရဲ့ပါတနာတွေ ပါလာမယ်၊ အသွင် ပြောင်းလဲနေတဲ့ အကောင် အကြီးစားတွေ ပါလာမယ်၊ လက်နက်တွေ အနည်းငယ် ဆန်းသစ်လာပါမယ်။ Metro ၂၀၃၃ဂိမ်းရဲ့ နောက်ဆက်တွဲဖြစ်လာမယ့် Metro: Last Lightဟာ First-Person Shooter ဂိမ်းအပြင် Survival Horror အရသာကိုပါ ခံစားရနိုင်မှာပါ။ ရန်သူတွေကို တိတ်တဆိတ် တိုက်ခိုက်ရမှာ ဖြစ်တဲ့အတွက် သေချာမှ တိုက်ခိုက်သင့်ပါတယ်။ ဂိမ်းရဲ့ ကစားရတဲ့ အပိုင်းတွေမှာ Artyomတစ်ယောက်ထဲ ဂင်ကြမ်း ရတဲ့ အပိုင်းတွေ ပါဝင်ပါတယ်။ ရန်သူတွေက လူတွေအပြင်၊ အသွင်ပြောင်း အကောင်အကြီးတွေရော၊ အကောင်ငယ်လေးတွေပါ တိုက်ခိုက်ရမှာ ဖြစ်တဲ့အတွက် လက်နက်တွေတော့ လိုသလို အသုံးပြုလို့ ရနိုင်ပါတယ်။

သေသွားတဲ့ ရန်သူတွေဆီက လက်နက်တွေကိုလဲ ယူသွားနိုင်ပါတယ်။ အလင်းရောင် အားနည်းတဲ့ နေရာတွေ ရောက်ရင်ပို သတိထားရမှာပါ။ ရန်သူတွေနဲ့ နီးလေ ပိုဂရုစိုက်ရလေပါပဲ။ စစ်ဆင်ရေးတစ်ခု ပြုလုပ်နေရသလိုပါပဲ။ Carbeထဲမှာ ရန်သူတွေ ရှိနေတဲ့အတွက် သတိထားရပါမယ်။ ရန်သူတွေကလဲ ကိုယ်ရဲ့ ပတ်ချာလည်မှာ ရှိနေပါတယ်။ Metro: Last Lightက ဘယ်လို အရသာမျိုးလဲ သိချင်နေရင် Metro ၂၀၃၃ဂိမ်းကို ဆော့ကြည့်လို့ ရပါတယ်ဆိုတဲ့အကြောင်း သတင်းကောင်းပါး လိုက်ပါတယ်ဗျာ။

Easy One Mobile

»» လူကြီးမင်းတို့ဘဝမှာ တစ်ခါမှမကြုံဖူးတဲ့ ဈေးနှုန်းချိုသာမှုနှင့် အကောင်းဆုံးဝန်ဆောင်မှုတွေကို ကြုံချင်ရင် Easy One Mobile ဆိုင်ကိုသာ လာခဲ့ပါ။

"စစ်မှန်သော ပစ္စည်းများကိုသာ ရောင်းချပေးပါသည်၊"

Ez1

အမှတ် (၁၆၃)၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ Tel: 01-250941
www.facebook.com/easyonemobile / easyone.mobile@hotmail.com

Central Link (ကျောင်းခွဲမရှိပါ)
Language Training Centre

မေလတွင်ကျင်းပမည့် (ပဥ္စမ)အကြိမ်မြောက် E.P.S (TOPIK) စာမေးပွဲကို သင်ရိုးစာအုပ်အသစ် ဖြင့်စတင် စစ်ဆေးမည် ဖြစ်သောကြောင့် ဝင်ရောက်ဖြေဆိုမည့်ကျောင်းသားများ အတွက်(အနီးကပ်) သင်တန်း များကို March လ (၁၆ရက်နှင့်၁၈ရက်) နေ့များမှာ ဖွင့်လှစ်ပေးပါမည်။

(အမျိုးသမီးများလည်း တက်ရောက်နိုင်ပါသည်။)

Central Link ကျောင်းမှ E.P.S (TOPIK) ဝင်ရောက်ဖြေဆိုမည့် ကျောင်းသားများအတွက် ပတ်စပို့မရှိသေးသူများ အားလမ်းညွှန်ဆောင်ရွက်ပေးခြင်း၊ စာမေးပွဲလျှောက်လွှာဖြည့်ပေးခြင်း၊ စာမေးပွဲဖြေဆိုချိန်တွင်အခက်အခဲ မရှိစေရန်ဆောင်ရွက်ပေးခြင်း၊ စာမေးပွဲအောင်မြင်ပြီးပါက အလုပ်လျှောက်လွှာတင်သည်မှကိုရီးယားနိုင်ငံ သို့ ထွက်ခွာချိန် အထိလိုအပ်သော ကူညီပံ့ပိုးမှုများကို ဝန်ဆောင်မှုပေးပါသည်။

သင်တန်းဖွင့်လှစ်မည့်ရက်နှင့်သင်တန်းချိန်များ ကိုအသေးစိတ်စုံစမ်းရန်
Ph: 09 731 900 40, 09 86 51 531

အမှတ်၁၂၃၊ ဘီ-၂/၁၂၅-၂၊ ဦးချစ်မောင်လမ်း(မင်းလမ်းနှင့်ဈေးကွေ့မှတ်တိုင်ကြား)ဗဟန်း။




| 1 | 2 | 3 | 4 | 5 |
|---|---|---|---|---|
| 162-170, 36th Street (mid), Kyauktada Tsp.,Yangon. Tel : 09 730 24327, 09 730 24328, 09 730 41734, 09 730 41735 | 78th Street, Bet. 39th St. & 40th St., Maha Aung Myay Tsp., Mandalay. Tel : 09 910 24812, 09 910 24819, 09 201 6125 | 98, Inya Road, Kamaryut Township. Tel : 01 514303, 09 430 23804. | 51, U Chit Maung Road, Bahan Township. Tel : 09 731 45164 NEW | 55F, Yangon-Insein Road, Hlaing Township. Tel : 01 519796 NEW |

အိုင်စီတီ ဂျာနယ်
Volume 2, Issue 11
MYANMAR ICT JOURNAL

## Animation Review




| | |
|---|---|
| Blu-Ray Release Date | February 27, 2013 |
| Genre | Action, Horror, Super Natural |
| Studio | Production I.G |
| Score | 2.5 out of 5 |

နေအောင်လတ်

Blood-C: The Last Dark ရုပ်ရှင်ဟာ 2011က ထွက်ရှိထားတဲ့ Blood-C Animation Seriesရဲ့ တိုက်ရိုက် အဆက်ဖြစ်ပြီး Blood-C Seriesရဲ့ ဇာတ်သိမ်းလည်း ဖြစ်ပါတယ်။ Blood-C Seriesဟာ နာမည်ကြီး Blood Franchsiရဲ့ နောက်ဆုံး ထွက်ရှိထားတဲ့ Animation Seriesဖြစ်ပြီး Blood-C မတိုင်ခင်က အခြား Seriesနှင့် ရုပ်ရှင်တွေဖြစ်တဲ့ Blood: The Last Vampire OVA Movie, Korea မင်းသမီး Jun Ji Hyun ပါဝင်ထားတဲ့ Live Action ရုပ်ရှင်ဇာတ်ကားနှင့် Blood+ အမည်ရ Anime Seriesတို့လည်း ထွက်ရှိဖူးပါတယ်။ အခု နောက်ဆုံး ထွက်ရှိထားတဲ့ အရင် ဇာတ်လိုက်မင်းသမီး ဖြစ်ပြီး Monster Slayer တစ်ယောက်ဖြစ်တဲ့ Saya ပါဝင်ထားပြီး ယခင် ဇာတ်လမ်းတွေနှင့် တိုက်ရိုက် ဆက်စပ်မှု မရှိတဲ့အတွက် Actionနှင့် Supernatural ဇာတ်လမ်း စိတ်ဝင်စားသူတိုင်း ကြည့်ရှုနိုင်ပါတယ်။ Blood-Cကိုတော့ အရင် Blood Seriesတွေရဲ့ Studio ဖြစ်တဲ့ Production I.Gနှင့် နာမည်ကျော် Manga Artist အဖွဲ့ CLAMPတို့ ပူးပေါင်း ရေးဆွဲထားတာ ဖြစ်ပြီး CLAMP အဖွဲ့အနေနှင့် ဇာတ်ကောင် ဒီဇိုင်းပိုင်းနှင့် ဇာတ်လမ်းပိုင်းကော ဇာတ်ညွှန်းပိုင်းတွေမှာ ပါဝင်ထားပါတယ်။ အမျိုးသမီး Mangaka ၄ယောက် ပါဝင်တဲ့ CLAMPဟာ Cardcaptor Sakura, Chobitsနှင့် Tsubasa Chronicles Seriesတွေရဲ့ ဖန်တီးရှင် အဖွဲ့ ဖြစ်သလို လူကြိုက်များတဲ့ Code Geass Seriesရဲ့ Character Designerတွေလည်း ဖြစ်ပါတယ်။

Blood-C Seriesမှာတော့ Sayaကို နေ့ခင်းဘက်မှာ သာမန် ကျောင်းသူတစ်ယောက်အသွင်၊ ညဘက်မှာတော့ မကောင်းဆိုးဝါး Furukimonoများကို နှိမ်နင်းသူ တစ်ယောက်အဖြစ် မြင်တွေ့ရမှာဖြစ်ပြီး Episode အတော်များများက Furukimonoတွေနှင့် Sayaရဲ့ တိုက်ခိုက်ခန်းတွေကို အသားပေးထားတဲ့ Action ဇာတ်လမ်း ဖြစ်ပေမယ့် Blood-C: The Last Dark ရုပ်ရှင်ကတော့ Furukimonoတွေနှင့် Sayaရဲ့ တိုက်ပွဲများထက် ဇာတ်လမ်းပိုင်း ပို အသားပေးထားတာ တွေ့ရပါတယ်။ အခု Blood-C: The Last Darkမှာတော့ Sayaဟာ သူမကို အတိတ်မေ့အောင် ပြုလုပ်ပြီး သူမရဲ့သွေးမှ တစ်ဆင့် မကောင်းဆိုးဝါး Furukimonoတွေကို ကိုယ်တိုင် ထိန်းချုပ်နေသလို လူသားများနှင့် Furukimonoတို့ကြားမှ သဘောတူညီမှု စာချုပ်ကို ချိုးဖောက်ရန် ကြိုးပမ်းနေသူ Fumitoကို လက်စားချေရန် ကြိုးပမ်းပုံ ဇာတ်လမ်း ဆင်ထားပါတယ်။ Series အပြီးမှာ လွတ်မြောက်သွားတဲ့ Fumito ရှိရာ Tokyoမြို့သို့ Saya ကိုယ်တိုင် ရောက်ရှိလာပုံနှင့် The Last Dark ရုပ်ရှင်ကို အစပျိုးထားပြီး Production Qualityကတော့ Production I.Gရဲ့ ထုံးစံအတိုင်း အလွန် ထူးခြား ကောင်းမွန်နေတာ တွေ့ရမှာပါ။

Blood ရုပ်ရှင်နှင့် OVAတွေရဲ့ ထုံးစံအတိုင်းပဲ ရထားပေါ်မှ တိုက်ပွဲတစ်ခုနှင့် ဇာတ်လမ်း ဖွင့်ထားပြီး ဇာတ်ကောင် လှုပ်ရှားမှုပိုင်း၊ အလင်းအမှောင်ပိုင်းနှင့် Animation Qualityပိုင်းကတော့ ဇာတ်လမ်း အစထဲက အထူးကောင်းမွန်တာ တွေ့ရမှာပါ။ အရင် Seriesက ဇာတ်ကောင်အများစု ပြန်လည် မပါတော့ သလို၊ တော်တော်များများလည်း သေကုန်ပြီဆိုတော့ Sayaနှင့်အတူ Fumitoကို နှိမ်နင်းဖို့ ကြိုးစားနေတဲ့ SIRRUT အမည်ရ Hacker အဖွဲ့ကို ထည့်သွင်း ပေးထားပြီး Mana Hiiragiနှင့် Hiro Tsukiyama အစရှိတဲ့ ဇာတ်ကောင် အသစ်တွေကို ထည့်သွင်း ပေးထားပါတယ်။ The Last Dark ရုပ်ရှင်ဟာ ဇာတ်လမ်း အသားပေးဖြစ်ပေမယ့် ဇာတ်ကောင်အသစ်တွေဟာ အရင် Seriesကလောက် စိတ်ဝင်စားဖို့ ကောင်းတာ မတွေ့ရသလို Series အလယ်ပိုင်းနှင့် နောက်ပိုင်းတုန်းကလို ကြမ်းတမ်းရက်စက်တဲ့ Actionခန်းတွေ နည်းသွားတဲ့အတွက် မျှော်လင့်ထား သလောက်ကြီး အားရဖို့ မကောင်းတာ တွေ့ရမှာပါ။ CGI Effectတွေအနေနှင့် ယာဉ်တွေ၊ အဆောက်အဦးတွေမှာ သုံးထားတာ ကြည့်ကောင်းပေမယ့် CGI သုံးပြီး ဆွဲထားတဲ့ Furukimonoတွေက 2D Versionလောက် ကြည့်မကောင်းတာ တွေ့ရပါတယ်။ CLAMP ဇာတ်လမ်းတွေ ထုံးစံ Cross Overအနေနှင့် XXXHolic ဇာတ်လမ်းနှင့် အနည်းငယ် ချိတ်ဆက်ထားတာ တွေ့ရမှာပါ။ Blood-C: The Last Darkဟာ TV Seriesလောက် ကြည့်ရတာ အရသာ မတွေ့ပေမယ့် Animation Qualityနှင့် Actionခန်းတွေ ရေးဆွဲထားတာ ကောင်းမွန်တဲ့ ရုပ်ရှင်ဖြစ်လို့ Action Horror ဇာတ်လမ်း စိတ်ဝင်စားသူနှင့် မူရင်း Blood-C Series ကြည့်ပြီး သူတွေ အနေနဲ့ကတော့ ကြည့်ရှုသင့်တဲ့ Animation Movie တစ်ကား ဖြစ်ပါတယ်။



## New Games




### Space Channel 5 Part 2

Genre - Music/ Rhythm

SEGA ရဲ့ နောက်ဆုံး အသစ်ထွက်ရှိထားတဲ့ Rhythm Game တစ်ခုဖြစ်ပြီး Keyboard Keysတွေကို အသုံးပြုပြီး သီချင်းဆိုရ၊ ကရမည့် Rhythm Action ဂိမ်းသစ် ဖြစ်ပါတယ်။ ကစားသူဟာ Space Channel 5မှ Reporter ဖြစ်တဲ့ Ulalaနေရာကနေ ဝင်ရောက် ကစားရမှာဖြစ်ပြီး ရန်သူ Rogue Dancerများနှင့် Dance Battleများမှာ ရင်ဆိုင်ကာ ပြန်ပေးဆွဲ ခံရသူများကို ကယ်တင်ရမှာ ဖြစ်ပါတယ်။




### Tomb Raider

Genre - Action/ Open World

Square Enixရဲ့ Tomb Raider ဂိမ်းသစ်ဟာ အရင် Tomb Raider ဂိမ်းများနှင့် ဇာတ်လမ်းဆက်စပ်မှုမရှိသည့် Reboot ဂိမ်းသစ်ဖြစ်ပြီး Lara Croft နေရာမှ ပြန်လည်ပါဝင်ကစားရမှာဖြစ်ပြီး Puzzleနှင့် Platforming Gameplayများ ရောစပ်ထားပြီး Bermuda Traingle အတွင်းရှိ ကျွန်းပေါ်တွင် ဝင်ရောက် ကစားရမှာ ဖြစ်ပါတယ်။




### The Sims 3 University Life

Genre - Simulation

The Sims 3 ဂိမ်း၏ Expansion အသစ်ဖြစ်ပြီး PCအတွက် သီးသန့် ထုတ်လုပ်ထားတာ ဖြစ်ပါတယ်။ ကိုယ်တိုင် ဖန်တီးထားတဲ့ Sims Characterများကို တက္ကသိုလ် ကျောင်းသား ကျောင်းသူများ အသွင်ဖြင့် ကျောင်းဘာသာရပ်မျိုးစုံ၊ သင်တန်းမျိုးစုံ၊ ကျောင်းပါတီမျိုးစုံ တက်ရောက်နိုင်သလို ပျော်စရာ Customization Optionsတွေမျိုးစုံ ထည့်သွင်းပေးထားပြီး EAက ဖြန့်ချိထားပါတယ်။




### Da Capo Collection

Genre - Visual Novel

English ဘာသာဖြင့် ထွက်ရှိထားတဲ့ High School Romance Da Capo Collectionမှာ Da Capo နှင့် Da Capo II နှစ်ဂိမ်းလုံး ပါဝင်ပါတယ်။ ကစားသူဟာ Jun'ichi အမည်ရ ကျောင်းသားနေရာမှ ဝင်ရောက်ပြီး ဂိမ်းအတွင်း ကိုယ်တိုင် ရွေးချယ်မှုများ ပြုလုပ်နိုင်သလို မင်းသမီး ဂုယောက်ထဲမှ တစ်ယောက်ကို ရွေးချယ်ရမှာ ဖြစ်ပါတယ်။

RECOMMENDED STORE: Game Hive Video Game Sales & Service, Contact: 09 7311 8550, 09 541 7272

**ABILITY SOFTWARE SERVICES CO.,LTD**

- Banking System
- Business Accounting System
- Point Of Sales
- Restaurant Management
- Workflow System
- Money Changer Management System
- Human Resources Management System
- Hotel Management System
- Beauty Saloon Management

လုပ်ငန်းစာရင်းများ စနစ်ကျမှန်ကန် မြန်ဆန်စေရန် Package Software များအပြင် သင့်လုပ်ငန်းအတွက် စိတ်တိုင်းကျ Customized Software များလည်း ရေးဆွဲပေးပါသည်။

ABILITY better way to SUCCESS

No.(89),4th fl.,Anawrahta Rd.,Corner of Seikkantha St.,Kyauktada Tsp.,Yangon.
E-mail:ability.itsolution@gmail.com
PH:01-388808 , 09-5072366

**info** COMPUTER သင်တန်းများ နှင့် LANGUAGE သင်တန်းများကို အခြေခံ မှ အဆင့်မြင့်အထိ အချိန်ညှိနိုင်း သင်ကြားပေးသည့် အပြင် COMPUTER SERCIVE ပါတာဝန်ယူဆောင်ရွက်ပေးသည်။

TRAINING CENTER

*Computer Courses*

| | | |
|---|---|---|
| Basic Course | - 24,000 Ks | |
| DTP Course | - 35,000 Ks | |
| Graphic Design | - ~~45,000 Ks~~ | (34,000 Ks) - 20% OFF |
| A+ Course | - ~~50,000 Ks~~ | (45,000 Ks) - 10% OFF |
| Video Editing | - ~~60,000 Ks~~ | (54,000 Ks) - 10% OFF |
| Email & Internet | - 10,000 Ks | |
| Advanced Excel | - 35,000 Ks | |
| Computer For Kid | - 20,000 Ks | |

*Language Courses*

| | |
|---|---|
| Englsih Course | - 30,000 Ks |
| Chinese Course | - 20,000 Ks |
| Korean Course | - 30,000 Ks |

အလုပ်လိုချင် သူများအတွက် အထူးအခွင့်အရေး

ဤသင်တန်းကျောင်းမှ Course နှစ်ခု ပြီးမြောက်သော သင်တန်းသား/သူ တိုင်းအား မည်သည့် ငွေကြေးတစ်စုံတစ်ရာမှ ကုန်စရာမလိုပဲ လုပ်ငန်းခွင်များနှင့် ချိတ်ဆက်ပေးထားပါသည်။

ဂ/၁၁၀ B3 လေးထောင့်ကန်လမ်းမကြီး သဃ်န်းကျွန်းမြို့နယ် (Junction Zawana ရှေ့)
ဖုန်း ၀၁ ၅၇၃၇၇၈၀၉ ၅၀၁၈၄၆၄၀၉ ၄၃၀၈၄၅၇
E mail infotrainingcenter13@gmail.com

*Why INFO?*

- သွားရေးလာရေးလွယ်ကူသော Junction Zawana ရှေ့တွင်ရှိခြင်း
- မှန်ကန်သောဈေးနှုန်း ထိရောက်သောသင်ကြားမှုများ
- တစ်ဦးချင်းအချိန်ညှိနိုင်းသင်ကြားပေးခြင်း
- သင်တန်းပြီးလျှင် လုပ်ငန်းခွင်များရောက်အောင် ဝန်ဆောင်မှုပေးခြင်း

FG Advance Computer Training & Service Centre **FUTURE GATE**

**Advance Computer Training & Service Centre**

တိုးတက်နေသောနည်းပညာခေတ်ထဲတွင် ကိုယ်ပိုင်အတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် ရည်ရွယ်ဖွင့်လှစ်သော (A+ Hardware Engineering) ကွန်ပျူတာပြုပြင်ခြင်း အထူးသင်တန်းဖြစ်ပါသည်။

သင်တန်းကာလအတွင်းကွန်ပျူတာတစ်လုံးအားကျွမ်းကျင်ပိုင်နိုင်စွာ တပ်ဆင်ပြုပြင်နိုင်ရန်အထူးကြိုးပမ်း မှတ်၍ စာတွေ့ လက်တွေ့ အားလုံးကိုသင်ကြားရမည်။သင်တန်းပြီးဆုံးပါက သင်တန်းမှသတ်မှတ်ထားသော အရည်အချင်းစစ်စာမေးပွဲအား ဖြေဆိုအောင်မြင်မှသာ သင်တန်းဆင်းလက်မှတ်ထုတ်ပေးမည်ဖြစ်ပါသည်။ စာမေးပွဲမအောင်မြင်သော သင်တန်းသားများသည် နောက်လတန်းခွဲသစ်တွင် တတ်ကျွမ်းသည်အထိ ဆက်လက်သင်ကြားရမည်။သင်တန်းကာလ(၁)လ၊ ပြီးပါက လုပ်ငန်းအတွေ့အကြုံရရှိရန် အထူးလိုအပ်သောကြောင့် အလုပ်သင်အဖြစ်ဆက်လက်လုပ်ကိုင်နိုင်ရန်စီစဉ်ထားပါသည်။

A+ Hardware Engineering သင်တန်းပြီးဆုံးပါက **Network Engineering** အားဆက်လက် တက်ရောက်သင်ကြားနိုင်ပါသည်။



| | |
|---|---|
| သင်တန်းချိန် | နံနက် (၉:၀၀)နာရီမှ နေ့လည် (၁၂:၃၀)နာရီ အထိ |
| သင်တန်းရက် | တနင်္လာနေ့ မှ သောကြာနေ့ အထိ တစ်ပတ် (၅)ရက် |
| သင်တန်းကာလ | (၁) လ + အလုပ်သင် |
| သင်တန်းကြေး | (၁) သိန်း |

စုံစမ်းရန်
09 4200 386 15

Computer Service
အိမ်၊ ရုံးအရောက်ဝန်ဆောင်မှုပေးသည်။

ဝန်ထမ်းများအတွက်ရုံးချိန်အလွတ်။ ။ ညနေ (၅:၃၀) မှ ည (၉:၀၀) အထိ သီးသန့် နယ်မှသင်တန်းသားများအတွက်အဆောင်စီစဉ်ပေးသည်။

အမှတ်၊(၁၀၄/၁၁၂)၊၃၇လမ်းနှင့်၃၈လမ်းကြား၊ အနော်ရထာလမ်းမပေါ်၊ကျောက်တံတားမြို့နယ်၊ရန်ကုန်။
Tel: 24 27 23
E - Mail:koyewintun007photo@gmail.com

အိုင်စီတီ ဂျာနယ်
Volume 2, Issue 11
MYANMAR ICT JOURNAL

# မြန်မာ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရန် ပင်မစီမံကိန်း ဖော်ဆောင်မည်

TZO



Image Credit: www.onthegotours.com

နော်ဝေး အစိုးရက ငွေကြေး ထောက်ပံ့ပြီး အာရှစိမ်းလန်းဖွံ့ဖြိုးရေး ဘဏ်၏ နည်းပညာ အကူအညီဖြင့် အကောင်အထည်ဖော်မည့် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန၏ မြန်မာ့ခရီးသွားလုပ်ငန်း ပင်မ စီမံကိန်းကို ယခုနှစ် မတ်လကုန်တွင် စတင်မည်ဖြစ်ကြောင်း သိရသည်။ ယင်းစီမံကိန်းကို ယခုနှစ် ဇန်နဝါရီလ ၃၁ရက်နေ့က အပြီးသတ် အကြမ်းထည် ရေးဆွဲခဲ့ပြီး ဤပင်မ စီမံကိန်းတွင် e-Visa ကိစ္စ၊ ခရီးသွားဒေသများ ပိုမို တိုးချဲ့သတ်မှတ်ရန် ကိစ္စ၊ ဟိုတယ်ဇုန် အသစ်များ ဖော်ထုတ်ရန် ကိစ္စ၊ ဟိုတယ်ခရီးနှင့် သက်ဆိုင်သော ဥပဒေ လုပ်ထုံးလုပ်နည်းများ စသည်တို့ ပါဝင်ကြောင်း၊ Master Plan အဖွဲ့ ခေါင်းဆောင် ဒေါက်တာ ပေါလ်ရော်ဂျာက ပြောကြားသည်။

ထို့အပြင် နိုင်ငံခြား ခရီးသွားများ၏ လုံခြုံရေးကို ကြပ်မတ်သည့် ရဲတပ်ဖွဲ့ များကိုလည်း ပြည်ထဲရေး ဝန်ကြီးဌာနနှင့် ပူးပေါင်း လုပ်ဆောင်မည်ဟုလည်း သိရသည်။ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါ ပင်မစီမံကိန်း စပြီး အကောင်အထည် ဖော်သည်နှင့် ခရီးသွားလုပ်ငန်း မည်သည့် အခြေအနေ ရောက်နေပြီး မည်သည့် လိုအပ်ချက်များ ရှိနေသနည်း။ ဈေးကွက် မြှင့်တင်ရေး စီမံခန့်ခွဲရေးများအပြင် ဝန်ကြီးဌာန၏ မူဝါဒအပိုင်းများကိုပါ စနစ်ကျအောင် လုပ်ဆောင်နိုင်ကြောင်း သိရပါသည်။

Master Planမှ မစ္စတာ ပေါလ်ရော်ဂျာက ၂၀၁၅ခုနှစ်တွင် အာဆီယံ ဈေးကွက် မြှင့်တင်ရေးနှင့် မြန်မာနိုင်ငံ၏ နယ်စပ်ဂိတ်ပေါက်များ ဖွင့်လှစ် ပေးခြင်း၊ နိုင်ငံတကာ အဆင့်မီ လေယာဉ်ကွင်းများ တည်ဆောက်ခြင်းနှင့် ဥရောပ သမဂ္ဂမှ စီးပွားရေး ပိတ်ဆို့မှုများကို ပိုမို ဖွင့်လှစ်ပေးလာပါက မြန်မာနိုင်ငံ အနေဖြင့် ရေပန်း အစားဆုံး ခရီးသွားနယ်မြေ ဖြစ်လာနိုင်သည်ဟု ဆိုပါသည်။

မီးခိုး မထွက်သော စက်ရုံများဟုဆိုသည့် ခရီးသွားလုပ်ငန်းသည် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ သဲ့ယူသလို ရှာပေးနိုင်သော လုပ်ငန်းတစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံသည် သဘာဝ သယံဇာတကြွယ်ဝ သကဲ့သို့ သဘာဝ ပတ်ဝန်းကျင် တောတောင်ရေမြေ အလှအပတို့လည်း ဝေဝေဆာဆာ ပေါများ လှသည်။ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ် ဘုရားပုထိုးများ၊ အဆောက်အဦးများမှာလည်း လက်ညှိုးထိုး မလွဲရှိသည်။ ယင်းတို့အား နိုင်ငံခြား ခရီးသွားတို့က လွယ်လင့်တကူ ခံစားပျော်မွေ့နိုင်ရန် ဖန်တီးပေးနိုင်ရမည်။ ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်နိုင်သော ဒေသများ ပိုမို တိုးချဲ့ပေးပြီး လမ်းပန်း ဆက်သွယ်ရေး လွယ်ကူ ချောမွေ့စေရန်နှင့် တည်းခိုနေထိုင် စားသောက်ရေး အဆင်ပြေစေရန် ဟိုတယ်များ တည်းခိုခန်းများကို အဆင့်မြှင့် စီစဉ် ဆောင်ရွက်ပေးထားရမည်။ သို့မှသာ မိမိနိုင်ငံကို ဝင်လာသည်မှ ပြန်ထွက်သွား သည်အထိ ယဉ်ကျေးမှုနှင့် မကိုက်ညီသော ကိစ္စများမှလွဲ၍ အားလုံး အဆင်ပြေ ချောမွေ့နေပါက နိုင်ငံခြား ခရီးသွားတို့၏ စိတ်တွင် ကိုယ့်နိုင်ငံကို ထပ်တလဲလဲ လာချင်စိတ်များ ဖြစ်ပေါ်နေမည်မှာ မလွဲမသွေ ဖြစ်ပါတော့သည်။

# သစ်ခွဲသားများအား လွတ်လပ်စွာ ဝယ်ယူနိုင်တော့မည်

TZO



Image Credit: www.sykestimber.co.uk

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန နေပြည်တော်၌ မတ်လ(၅)ရက်နေ့၊ နံနက် (၉)နာရီက ပြည်တွင်းသုံး သစ်ခွဲသားများ ပြည်သူသို့ လွတ်လပ်စွာ ရောင်းချနိုင်ရေး ညှိနှိုင်း အစည်းအဝေးကို ကျင်းပ ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ အစည်းအဝေးတွင် ပြည်ထောင်စု ဝန်ကြီး ဦးဝင်းထွန်းက ပြည်သူသို့ သစ်ခွဲသား ဖြန့်ဖြူးမှုစနစ်ကို လာမည့် ဘဏ္ဍာနှစ်မှစ၍ ပြုပြင် ပြောင်းလဲမည် ဖြစ်ကြောင်း၊ လိုအပ်သော သစ်ခွဲသားများကို မည်သည့် ပါမစ်မှ မလိုဘဲ၊ မည်သည့် စီစစ် ကန့်သတ်မှုမျိုးမှ မလိုဘဲ လွတ်လပ်စွာ ရောင်းချနိုင်အောင် ညှိနှိုင်း ဆွေးနွေး အဖြေရှာပြီး မဖြစ်မနေ ဆောင်ရွက်ပေးရန်၊ ရောင်းချမှုစနစ် လွယ်ကူ ချောမွေ့စေပြီး ပြည်သူသို့ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် ဆွေးနွေးမှာကြား ခဲ့ပါသည်။ ပြည်သူသို့ တိုက်ရိုက် လွတ်လပ် ပွင့်လင်းစွာ ရောင်းချသည့်စနစ် ရေရှည် တည်တံ့ရန် မြန်မာ့ သစ်လုပ်ငန်းနှင့် သစ်တော ဦးစီးဌာနတို့မှ အဓိက ပူးပေါင်း ဆောင်ရွက်ရန် ဖြစ်ပြီး တရားမဝင် သစ် ထုတ်လုပ် ရောင်းဝယ်မှုကို ထိရောက်စွာ တားဆီးရန် လိုအပ်ကြောင်းနှင့် ပြည်သူသို့ သက်သာသော ခွဲသားဈေးနှုန်းဖြင့် ရောင်းချနိုင်ရေး ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်းလည်း သိရပါသည်။

# မြန်မာ့ဧည့်မထဆန်များ ဂျပန်ဈေးကွက် စတင်ရရှိ

TZO



Image Credit: www.findingdulcinea.com

ပြည်ပနိုင်ငံများမှ ဝယ်ယူလျက်ရှိသော မြန်မာ့ဆန်များကို တောင်ကိုရီးယား နှင့် ရုရှားတို့အပြင် ဂျပန်နိုင်ငံမှလည်း ဆန်များ စတင် ဝယ်ယူနေပြီ ဖြစ်သဖြင့် လာမည့် မေလဆန်းတွင် သင်္ဘောဖြင့် တင်ပို့တော့မည် ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ် တင်ပို့မည့် ဆန်အမျိုးအစားမှာ ဧည့်မထ အမျိုးအစားဖြစ်ပြီး ဆန်တန်ချိန် ၅၀၀၀တင်ပို့မည် ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံက ဆန်ဝယ်ယူမည့် တင်ဒါခေါ်ရာတွင် မြန်မာနိုင်ငံ ကိုလည်း ဖိတ်ခေါ်ခဲ့သည့်အတွက် တင်ဒါအောင်ပြီး ဂျပန် ဈေးကွက်ကို စတင် ရရှိခဲ့ခြင်း ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါး အသင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရပါသည်။ ဂျပန်သို့ ဆန်ပထမဆုံး တင်ပို့မည့် ကုမ္ပဏီမှာ မြန်မာ့လယ်ယာ စီးပွားရေး အများပိုင် ကုမ္ပဏီဖြစ်ပြီး ဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၉၀နှုန်း ရရှိမည် ဖြစ်သည်။ တင်ပို့မည့် ဆန်များတွင် အရည်အသွေး ပြည့်ဝမှု ရှိ၊ မရှိ ဆန်များအတွင်း ဓာတု အကြွင်းအကျန်များ ပါဝင်ခြင်း ရှိ၊ မရှိ စမ်းသပ် စစ်ဆေးမှုများ ပြုလုပ်ပြီးမှသာ တင်ပို့ရန် စည်းကမ်းသတ်မှတ်ထားသည်။

မြန်မာ့ဧည့်မထ ဆန်များကို ဂျပန်နိုင်ငံ Mitsui ကော်ပိုရေးရှင်းက ဝယ်ယူခြင်း ဖြစ်ပြီး နောက်ပိုင်းတွင်လည်း ဂျပန်မှ ဆန်တင်ဒါများကို မြန်မာ့လယ်ယာ စီးပွားရေး အများပိုင် ကုမ္ပဏီက ဆက်လက် တင်ဒါသွင်း ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပသို့ ဆန်တန်ချိန် ၁ဒသမ ၅သန်း တင်ပို့နိုင်ရန် မျှော်မှန်းထားရာ ယခု အချိန်အထိ ဆန်တန်ချိန် ၁ဒသမ ၆သန်းကျော် တင်ပို့ထားပြီး ဖြစ်ကြောင်း သိရပါသည်။

Approved Centre (Since 2008)
Golden Crown
အမှတ် (၁၅၀)၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း ၀၁-၃၇၃၀၃၀
၀၉-၇၃၂၃၄၉၉၂

အင်ဂျင်နီယာဘာသာရပ်ကို စိတ်ဝင်စားသော လူငယ်များအတွက်

Applied Mechanical Engineering Diploma
Applied Electronic Engineering Diploma
Applied Electrical Power Engineering Diploma
Mechanical & Electrical Engg Diploma
Diploma in Construction ( Civil )
Diploma in Refrigeration & Air-Condition

သင်တန်းကြေးအား အရစ်ကျခွဲသွင်းနိုင်သည်။

မတ်လ (၂၀) တွင်တန်းခွဲသစ်စမည်။ 10% Off

Advanced Diploma in Electrical & Electronic
Advanced Diploma in Mechanical
Advanced Diploma in Construction (Civil)

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသူများ။ လုပ်ငန်းခွင်သို့ ဝင်ရောက်နေပြီး နိုင်ငံတကာအသိအမှတ်ပြု Diploma ရလိုသူများ။ GTI အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။ဂုဏ်ထူးဆောင်ဖြင့် အောင်ချက်များ ဖြင့် 2011 ခုနှစ်အတွက် ကမ္ဘာ့အမှတ်အများဆုံး ရွှေတံဆိပ်ဆုရှင်ကိုလည်းမွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ သင်လည်း ကမ္ဘာ့အဆင့်ထူးချွန်သူဖြစ်ချင်ရင် . . . .

# ပညာ ပေးမှာလား၊ ပညာ စမ်းမှာလား

ပညာဆိုတာ လူတိုင်းနဲ့ နိစ္စဓူဝ တွေကြုံနေရတဲ့ အရာတစ်ခုပဲ ဖြစ်ပါတယ်။ လူ့လောကကို ရောက်ရှိလာ ကတည်းက မွေးဖွားပြီး ၃နှစ်၊ ၄နှစ်မှ စတင်ပြီး မူကြိုလို့ ခေါ်တဲ့ ကျောင်းပညာရေးနဲ့ ထိတွေ့လာရပါတော့တယ်။ ဒါကနေ တစ်ဆင့်သူငယ်တန်းမှ မသေခင် စပ်ကြားထိ ပညာဆိုတာတွေ လေ့လာ သင်ယူမှုတွေနဲ့ လူတိုင်း အစပျိုးလာရမှာပဲ ဖြစ်ပါတယ်။ ငယ်ရွယ်စဉ် စတက်ကတည်းက ကျောင်းပညာရေးဟာ လူ့ဘဝတစ်သက်တာမှာ အရေးကြီးဆုံးပါပဲ။ ကလေးတစ်ယောက်ရဲ့ ဘဝလမ်းကြောင်း အစ ကောင်းမှသာ အနှောင်းသေချာမှာ ဖြစ်ပါတယ်။ ဒါကြောင့် လူတစ်ယောက်ရဲ့ လက်ဦးဆရာဟာ မိဘတွေ ဖြစ်သလို ဒုတိယကတော့ ကျောင်းနေတဲ့ အရွယ်ကစပြီး ပညာသင်ကြားပေးတဲ့ ဆရာ၊ ဆရာမတွေပဲ ဖြစ်ပါတယ်။ ဆရာတွေ၊ ဆရာမတွေ မကောင်းခဲ့ရင်တော့ ဒီကလေးရဲ့ ဘဝလမ်းကြောင်းဟာ အရာအားလုံး ကျွမ်းထိုး မှောက်ခုံ ဖြစ်သွားမှာ အမှန်ပဲ ဖြစ်ပါတယ်။ ပြောကြတာ သင်လည်း ကြားဖူးမှာ ဖြစ်ပါတယ်။ တပည့်မကောင်း ဆရာ့ခေါင်းဆိုတဲ့ လူတွေရဲ့ ပုံသေနည်းတွေလည်း သိမယ်လို့ ထင်မြင်မိပါတယ်။ ဒါကြောင့် လူတစ်ယောက်ရဲ့ လမ်းကြောင်း မှန်ကန်ဖို့ ဆရာတွေ၊ ဆရာမတွေသာ အခရာပင် ဖြစ်ပါတယ်။

ပညာဆိုတဲ့ မြန်မာ ဝေါဟာရ အဓိပ္ပာယ်ကို လေ့လာ သုံးသပ် ကြည့်မိတယ်။ ပညာဆိုတာ ပါဠိကလာတဲ့ မြန်မာစကား တစ်လုံးပါပဲ။ ပညာကို မြန်မာ အဘိဓာန်မှာ အခြေခံအဓိပ္ပာယ် နှစ်မျိုး ပေးတယ်။

(၁) အသိဉာဏ်၊ ခွဲခြား ဝေဖန်နိုင်သော အသိဉာဏ်။

(၂) အတတ်

ဒါကြောင့် ပညာသင်တယ်ဆိုတာ အတတ်ပညာ ဆည်းပူး လေ့လာတာ ဖြစ်သလို၊ အသိဉာဏ် မြင့်မားအောင် အားထုတ် လေ့ကျင့်တဲ့သဘောလည်း ပါဝင်ပါတယ်။ ပညာရှိနှင့် ပညာတတ်ဆိုတာ ပညာရဲ့ အဲဒီ အဓိပ္ပာယ်နှစ်မျိုးကို အခြေခံပြီး ခွဲခြား ပြောဆိုကြတဲ့ သဘောပဲ။ ပညာရှိဆိုတာက အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံပြီး အကောင်းအဆိုး ဝေဖန်ခွဲခြားနိုင်တဲ့ ပုဂ္ဂိုလ်ကို ဆိုလိုတာ။ ပညာတတ် ဆိုတာက အသိပညာတွေ၊ အတတ်ပညာတွေ လေ့လာသင်ယူ တတ်မြောက်ထားတဲ့ ပုဂ္ဂိုလ်လို့ ခွဲခြားသတ်မှတ်ထားလို့ ရပါတယ်။ သို့သော် ပညာရှိလောက်တော့ မရင့်ကျက်၊ မပြည့်ဝ၊ မမြင့်မားဘူးပေါ့။ မြန်မာမှာ ပညာနဲ့ တွဲစပ်ပြီး သုံးတဲ့ စကားလုံးတွေ အများကြီး ရှိသေးတာကို လေ့လာမှတ်သားရပါတယ်။ ဥပမာ - ပညာပြတယ်။ ပညာ ပေးတယ်။ ပညာ စမ်းတယ်။ ပညာ ပြတယ်ဆိုတာ ညစ်တဲ့သဘော၊ ပညာပေးတယ် ဆိုတာ ဆုံးမတာ၊ ပညာစမ်းတာက ကျွမ်းကျင်မှု အရည်အသွေးကို စမ်းသပ်တာပဲ ဖြစ်ပါတယ်။ ဒါတွေနှင့် ဆက်စပ် လာတဲ့အခါကျတော့ ပညာရဲ့ အဓိပ္ပာယ်တွေက ပိုမို ကျယ်ပြန့် နက်ရှိုင်းလာတာကို တွေ့ရှိရပါတယ်။

မြန်မာ - အင်္ဂလိပ် အဘိဓာန်မှာ ပညာကို အင်္ဂလိပ်ဘာသာနှင့် ဖွင့်တဲ့အခါ စကားလုံး ခြောက်လုံးကို လေ့လာ သုံးသပ်



မိပါတယ်။

(၁) Knowledge, Learning, Education, Schooling

(၂) Skill, Craftဆိုတဲ့ စကားလုံး ခြောက်လုံးကို တွေ့ရှိရပါတယ်။

အဲဒီထဲကမှ Learningဆိုတဲ့ အပိုင်းလေး အဓိကထား ပြောချင်မိပါတယ်။ ဒီလို မပြောခင် Learnဆိုတဲ့ ဝေါဟာရနဲ့ ပတ်သက်တာကတော့ သင်အံ လေ့ကျင့်သည်၊ သင်ကြားသည်၊ လေ့လာ တတ်မြောက်သည်၊ အာဂုံဆောင်သည် ဆိုတာတွေပေါ့။ ဒီတော့ ပြောချင်တာက ဆရာဆိုတာ တပည့်များကို သင်ကြားပြသတဲ့အခါ နာသုံးနာ ဆိုတာကို အဓိကထားရမှာပဲ ဖြစ်ပါတယ်။ စေတနာ၊ ဂါသနာ၊ အနစ်နာဆိုတာနဲ့ ဖန်တီးထားတဲ့ ကိုယ့်ရဲ့ တပည့်တွေကို ကျောသား ရင်သား မခွဲခြားပဲ ဆရာဆိုတဲ့ ဂုဏ်နဲ့ လိုက်လျောညီထွေစွာ နေထိုင် ကျင့်ကြံနိုင်ဖို့ အလွန်တရာမှ အရေးကြီး လှပါတယ်။ ကိုယ်မသိတာ၊ မတတ်တာကို သင်ကြားညွှန်ပြတဲ့ သူတွေကိုလည်း ဆရာအရာ အလေးထားကြတဲ့ မြန်မာလူမျိုးတွေရဲ့ အကျင့် လက္ခဏာဟာ ဆိုရင်ဖြင့် အတုယူစရာ ကောင်းလှပါတယ်။ ဆရာတွေကလည်း ကိုယ်သိတာ၊ တတ်တာကို ဖြန့်ဝေပေးပြီး ဆရာစားမချန် သွန်သင် လေ့ကျင့် ပျိုးထောင်သင့်ပါတယ်။ ဒါမှသာ ဆရာကောင်း ပီသမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပြောချင်တာက ယနေ့ခေတ် ကျောင်းပညာရေးမှာ ကျောင်းသား၊ ကျောင်းသူတွေကို ဘယ်လို သင်နေတာလဲဆိုတာ မိဘတိုင်းက စောင့်ကြည့်နေကြတယ် ဆိုတာပါပဲ။ ကျွန်မတို့ ခေတ်တုန်းကတော့ ကျောင်းပညာပဲ အားထားရတယ်။ ကျူရှင်တို့၊ ဂိုက်တို့၊ စာကျက်ဝိုင်းတို့ဆိုတာ ဝေလာဝေးပဲ။ ကျောင်းစာကို ကျောင်းမှာပဲ အပြီး ဆရာတွေ၊ ဆရာမတွေက အားကြိုးမာန်တက် သင်ကြား ပြသကြတယ်။ မုန့်စား ဆင်းချိန်တောင် မသိတဲ့စာလာမေး၊ ရှုပ်တယ်လို့ မတွေးတဲ့ အလွန်တရာ ချစ်ဖွယ်ကောင်းတဲ့ နာသုံးနာနဲ့ ပြည့်စုံတဲ့ ဆရာတွေ၊ ဆရာမတွေပါပဲ။ လေးစားဖို့လည်း အလွန်ကောင်းလှပါတယ်။

ဒီတော့ ကိုယ်က ဘယ်လောက် ပေးနိုင်သလဲ၊ ပညာဆိုတာ ပေးတိုင်းလည်း မယူတတ်သူတွေ တစ်ပုံကြီး ရှိပါတယ်။ ဒီလိုကျရင် ယူတတ်အောင် သင်ကြားပြသရမှာက ဆရာတွေရဲ့ စိတ်ဓာတ်ပဲ ဖြစ်ပါတယ်။ အဲ ယူချင်တာတောင် မပေးတတ်ဘူး ဆိုရင်တော့ ဆရာဆိုတဲ့ ဂုဏ်နဲ့ ထိုက်တန်လားဆိုတာ စဉ်းစားဖို့ လိုလာပြီ ဖြစ်ပါတယ်။ ငယ်တုန်းအရွယ် ကလေးတွေကို ပြုပြင် ရတာဟာ အမှန်တကယ်တော့ ထည့်တဲ့ခွက်ထဲ ပုံစံတစ်ကျ ဝင်ဖို့ အလွန်ပဲ ကောင်းလှပါတယ်။ ထည့်တတ်ဖို့လည်း လိုပါတယ်။ ကလေးတွေရဲ့ စိတ်ဟာ အန်မတန်မှ နုးညံ့ လှတဲ့အတွက် ဘဝတစ်လျှောက် အစွန်းအထင်း မပါသွားဖို့ အရေးကြီးဆုံးပါပဲ။ ဒါတွေ ဘာကြောင့် ပြောနေရသလဲ ဆိုတော့ ဆရာဆိုတာ ငါပြောသလိုလုပ်၊ ငါ လုပ်သလို မလုပ်နဲ့ဆိုတဲ့ လွဲမှားစွာ ကျင့်သုံး နေကြသူတွေ အများအပြား တွေ့ရှိ နေရလို့ပါပဲ။ နောက်တစ်ချက်က ကျောင်းတွေမှာ ကလေးတွေ ပညာရေး မပြိုင်ဆိုင်ပဲ သူ့ထက်ငါ ပိုတတ်အောင်၊ ပိုတော်အောင် သင်ပေးမယ်ဆိုတဲ့ စိတ်ထားတွေ မထားရှိကြပဲ ကျောင်းစိမ်းဂတ်စုံတောင် အပြိုင်အဆိုင် ဒီဇိုင်းတွေ လုပ်လားလုပ်ရဲ့၊ နောက် အိမ်မှာရှိသမျှ လက်ဝတ် ရတနာများ အပြိုင်အဆိုင် ထုတ်ဆွဲလား ထုတ်ဆွဲနဲ့ နောက် ကလေးတွေ ထမင်းဗူး ဘာတွေပါလဲ၊ လာတစ်ယောက် တစ်မျိုး ယူလာခဲ့လို့ ဆိုသူကလည်း ရှိသေးတာကို လေ့လာ တွေ့ရှိမိတော့ ကလေးတွေရဲ့ နောင်အနာဂတ် ပညာရေးကို အတော် ရင်လေးဖွယ် ဖြစ်မိပါတယ်။

ဟော ခုနောက်ပိုင်းလည်း ရောက်ရော ဘာတဲ့ ကျောင်းမှာ စာကို သေချာ မသင်တော့ပဲ အိမ်မှာ ခေါ်သင်တဲ့ ကျူရှင်တွေ၊ စာကျက်ဝိုင်းတွေ၊ ဂိုက်တွေ မှိုလို ပေါက်လာတော့တာပါပဲ။ ဒီလို အနေအထား ဖြစ်ပေါ် လာတာဟာ နောင်အနာဂတ် မျိုးဆက်တွေအတွက် တစ်နည်းကောင်းသလို မိဘတွေ အတွက်တော့ အင်း အများအားဖြင့် တစ်နေ့ လုပ်မှ တစ်နေ့စားရတဲ့ မိဘတွေအတွက်တော့ အလွန်တရာ ရင်လေးဖွယ်ပါပဲ။ ဘာကြောင့် ဒါကို ပြောရသလဲဆိုရင် မိသားစု တစ်စုမှာ သားသမီး ငါးယောက် ရှိတယ် ဆိုပါစို့။ မိဘက လက်လုပ် လက်စား ဘဝဖြစ်ပြီး သားသမီးတွေက ကျောင်းနေတုန်း အရွယ်ဆိုရင် သားသမီး ငါးယောက်ရဲ့ ခုခေတ် ကျောင်းစရိတ်တွေ ဘယ်လောက်လဲ ဆိုတာ သင်ပဲ စဉ်းစား မြင်ယောင်ကြည့်လိုက်လေ။ ဘယ်လောက်တောင် ကသီလင်တ နိုင်မယ့် ဘဝအခြေအနေလဲ ဆိုတာကိုပေါ့။ ဒါကို ဆရာတွေ၊ ဆရာမတွေက နားလည်မှု မပေးနိုင်ဘဲ ငါ့ကျောင်းသားက ငါ့ကျူရှင် တက်ရမယ်ဆိုတဲ့ (ကိုယ့်ဘာသာ ထုတ်တဲ့) ဥပဒေ တစ်ရပ်က ထုတ်ထားပြန်တော့ တကယ် မလွယ်တဲ့ ဘဝတွေကို ရင်ဆိုင်ရမှာ အမှန်ပဲ မဟုတ်ပါလား။ ဒီတော့ ဘာတွေ ဖြစ်လာသလဲဆိုတော့ ကျူရှင် မယူနိုင်တဲ့ကလေးက ကျောင်းမှာ မျက်နှာကောင်း မရတဲ့ဘဝကို အလိုလို ရောက်ပြီး ကျောင်းမတက်ချင်တဲ့ ရောဂါတစ်ခု စွဲကပ် အမြစ်တွယ်လာပါတော့တယ်။ ဒီကြားထဲ ဘာတွေ သင်လဲဆိုတော့ ကျောင်းမှာ ကိုယ်သင် ကိုယ်ထုတ် မေးခွန်း စနစ်က ကြီးစိုးနေတော့ ဒါသင် ဒါကျက် ဒါဖြေဆိုတဲ့ ပုံသေကားချပ်လည်း ချထားလေရဲ့။ ဒီတော့ ကလေးတွေရဲ့ စိတ်မှာ ဒီထက်ပိုပြီး တွေးခေါ်တတ်တဲ့ စိတ်ဓာတ်တွေ ပျောက်ဆုံးကုန်တယ်။ တဖြည်းဖြည်း အရွယ်ရောက်လာတဲ့ ကလေးတွေမှာ ကိုယ်တိုင် ဆုံးဖြတ်နိုင်တဲ့ စွမ်းအား မရှိတော့ပဲ သူများကိုပဲ အားကိုးလိုတဲ့ စိတ်တွေ ကိန်းအောင်းနေတဲ့သူတွေ ဖြစ်လာတော့မှာပေါ့။

ဒါနဲ့ ဟိုတစ်နေ့က အလုပ်က ပြန်တော့ ကျောင်းသားတစ်ယောက်ရဲ့ မိခင်က ရင်ဖွင့်ရှာတယ်။ သူ့ရဲ့ သားက ယခု သုံးတန်း တက်နေပါတယ်တဲ့။ အရင်ကတော့ အတန်းပိုင် ဆရာမဆီမှာ ကျူရှင်ထားတယ် ပေါ့လေ။ နောက် အတန်းပိုင် ဆရာမက ကလေး မီးဖွားတော့ စာမသင်နိုင်တော့ မိဘတွေရဲ့ ကိုယ့်သားသမီးပေါ် ထားတဲ့ မေတ္တာတရားက အလွန် ကြီးမားတယ် ဆိုတာ ယုံကြည်မိပါတယ်။ သားကလေးရဲ့ ပညာရေး နောင့်နှေးမှာစိုးလို့ အတန်းပိုင် ဆရာမက စာမသင်နိုင်တော့ အတန်းငယ်တုန်းက ထားတဲ့ ဆရာမဆီမှာ ကျူရှင် ပြောင်းထားလိုက်တယ်။ ဒါနဲ့ အတန်းပိုင် ဆရာမက ကလေးမွေးဖွားပြီး ကျောင်းပြန်တက်တော့ ကလေးက ဟိုပြောင်း၊ ဒီပြောင်း ပြောင်းနေရမှာစိုးလို့ မိဘက မပြောင်းပဲ ဒီတိုင်းပဲ ကျူရှင်ကို ထားလိုက်တော့တယ်။ ကျောင်းသားဆိုတာ ဘယ်မှာ ထားထား၊ ကလေး စာတတ်ဖို့ပဲ မဟုတ်ဘူးလား။ အဲဒီလို မဟုတ်ပဲနဲ့ တစ်ရက်တော့ အတန်းပိုင်ဆရာမက ကလေးကို ခေါ်ပြီး ကျူရှင် တက်နေတယ် မဟုတ်လားလို့ မေးပါတယ်။ ကလေး ဆိုတာ အပြစ်ကင်းတဲ့ အရွယ်လေ။ သူက မလိမ်ညာပဲ ဟုတ်ပါတယ်လို့ ပြောလိုက်တော့ ကလေးကို ကျူရှင် စာအုပ် သွားယူခိုင်းပါတယ်။ ကလေးက သွားယူပေးတော့ သူက သင်ပုံ သင်နည်းတွေ ကြည့်ပြီး ကျောင်းမှာ ကလေးရဲ့ ကျူရှင် စာအုပ်ထဲက ပုံစံအတိုင်း သင်ကြားပါတော့တယ်။ တစ်မျိုးပဲနော်။ ပြောပြတုန်းက မယုံကြည်ဘူး။ ဆရာမ ဆိုတာ ပညာရည် ပြည့်ဝလို့ နိုင်ငံတော်က ကလေးတွေရဲ့ ဘဝအတွက် ရွေးချယ်ပြီး အပ်ထားတာ မဟုတ်ဘူးလား။ ခုတော့ ကိုယ်ပိုင် အတွေးအခေါ် မရှိ၊ အိုင်ဒီယာ မထုတ် ကိုယ့်ပညာနဲ့ မသင်ပဲ ဘာလို့ သူများ သင်တာကို လိုက်အတုခိုးပြီး သင်တာပါ လိမ့်ပေါ့။ ပညာရေးခေတ်ကြီးက ဒါကြောင့် ဆုတ်ယုတ် ကုန်တာပါလား လို့လည်း တွေးမိတယ်။ ဒါနဲ့ ကလေးက တစ်ရက်တော့ ကျူရှင်စာအုပ် မယူသွားမိဘူး။ ဆရာမက ယူလာခိုင်းတော့ ကလေးက မပါဘူးပြောတာ သူ့ကို လိမ်တယ် ညာတယ်လို့ ကလေးကို ပြောပါလေရော။ အတန်းထဲမှာလည်း ကလေးကို အကြောင်းမရှိ အကြောင်းရှာ ရိုက်လာပါတယ်။ ဒီလို ဖြစ်လာတော့ မိဘ အနေနဲ့ကလည်း သွားပြောလည်း အခက်၊ မပြောလည်း ကိုယ့်သားသမီးက တဖြည်းဖြည်း ကျောင်းကြောက်တဲ့သူ ဖြစ်လို့ လာနေတယ်။ သွားပြောပြန်ရင်လည်း ကိုယ့်သားသမီးကို မဲပြီး ဆူမှာလည်း စိုးနေပြန်တော့ သင်လည်း မိဘနေရာကနေ ဝင်ပြီး ခံစားကြည့်စေချင်တယ်။ ဒီဆရာမကလည်း မကြာသေးခင်က သားသမီး မွေးထားတာပဲ ကိုယ်ချင်းစာ တရားထားပြီး ဆရာဆိုတဲ့ ဂုဏ်ကို ထိန်းသိမ်း သင့်တာပေါ့။ ခုတော့ ဘယ်လိုလူမျိုးတွေကို ဆရာမ ခန့်ထားသလဲ ဆိုတာတောင် စဉ်းစား မရဘူး ဖြစ်နေတယ်။

ဒါနဲ့ ဟာသပြောပွဲတစ်ခုမှာ ဆရာ အော်ပီကျယ် ပြောတဲ့ စကားတွေကို ကြားယောင် မိသေးတယ်။ ပညာရေး စနစ်ရဲ့ ပြယုဂ်ပေါ့လေ။ သူ့အိမ်မှာရှိတုန်း သူ့ရဲ့သားက စာအော်ကျက်နေတယ်တဲ့။ ကျက်တဲ့စာက ဘာစာလည်း ဆိုတော့ စာစီစာကုံးပါတဲ့။ ဟင် ကိုယ်တွေလက်ထက် ကတော့ စာစီစာကုံးက ကိုယ့်စိတ်မှာ ရှိတာကို ချရေးရတာပဲ၊ ကျက်ရတဲ့ စာမှ မဟုတ်တာပေါ့။ ဒါနဲ့ ဘာအကြောင်းလဲ ဆိုတော့ ကျွန်ုပ်၏ အကြောင်းတဲ့၊ ကလေးက အော်ဆိုနေတာက "ကျွန်တော်၏ အဖေသည် ဦးဘ ဖြစ်ပါသည်" ဆိုပြီး ထပ်ကာ ထပ်ကာ ဆိုနေတော့ အဖေဖြစ်တဲ့သူက မိန်းမကို လှည့်မေးပါတော့တယ်။ "မိန်းမရေ... အိမ်ကို ဘယ်သူလာသေးလဲတဲ့" မိန်းမဖြစ်သူက "ဘယ်သူမှ မလာပါဘူးတော်။ ဘာဖြစ်လို့လဲ" ဆိုပြီး မေးတော့ "မသိဘူးလေကွာ။ မင်းသားက ဆိုနေတာ သူ့အဖေက ဦးဘတဲ့" နောက်ပြီး မေးလိုက်ပါတယ်။ ဒါနဲ့ သူ့သား ဖြေပုံကြောင့် ဆရာ အော်ပီကျယ်လည်း ကိုယ့်နဖူးကိုယ်သာ ရိုက်လိုက်ပါတော့တယ်။ သားဖြေပုံက "အဖေကလည်း ဘာသိလဲ။ သား သူငယ်ချင်းရဲ့ အဖေလည်း ဦးဘပဲ"တဲ့လေ။ ကဲ ကောင်းကြရောပဲ။ စာစီစာကုံးတောင် ကိုယ့်အကြောင်းအရာကို ဘယ်လိုလမ်းကြောင်းနဲ့ ဘယ်လို ရေးရတယ် မပြောပြပဲ ကျက်ဖြေဘဝတွေ ရောက်လို့နေတဲ့ ပညာရေး ခေတ်ကြီး ဖြစ်လို့ နေပါတော့တယ်။ ပညာရေးစနစ်ကို ဒီလိုသာ လုပ်နေမယ်ဆိုရင်တော့ နောင်အနာဂတ် သားကောင်းများ ဘယ်လို ဘဝမှာ ဖြတ်သန်းကြရမလဲဆိုတာ စဉ်းစားမိတာကြောင့် အပြုသဘောဖြင့် ရေးသားတင်ပြ လိုက်ရခြင်းပင် ဖြစ်ပါတော့တယ်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 11
MYANMAR ICT JOURNAL

MYANMAR JOB SEARCH

ဤကဏ္ဍတွင် အခမဲ့ ကြော်ငြာလိုပါက www.myanmarjobsearch.com တွင် အချက်အလက်များကို ဝင်ရောက် ဖြည့်စွက်နိုင်သည်။

## အလုပ်ရှာဖွေနေသူများ (Job Seeker)

### Computer/ ICT/ Electronics

| | |
|---|---|
| NAME | Phu Pwint Zaw |
| SEEKING | IT |
| AGE | 23 |
| Contact | 450014443 |
| NAME | Hlaing Minn Paing |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 943206636 |
| NAME | Aye Min |
| SEEKING | Hardware/ Network Engineer |
| AGE | 24 |
| Contact | 4294967295 |
| NAME | Pyi Phyo Han |
| SEEKING | Network Engineer |
| AGE | 27 |
| Contact | 450020858 |

### Engineering

| | |
|---|---|
| NAME | Thura Aung |
| SEEKING | Electrical Engineer |
| AGE | 22 |
| Contact | 09-49235687 |
| NAME | Toe Tet Aung |
| SEEKING | Engineering job |
| AGE | 22 |
| Contact | 943179323 |
| NAME | Pyae Phyo Zaw |
| SEEKING | Site Engineer |
| AGE | 24 |
| Contact | 943118562 |

### Other

| | |
|---|---|
| NAME | Aye Aye Mon |
| SEEKING | Chemical Engineer |
| AGE | 44 |
| Contact | 831168929 |
| NAME | San Lwin |
| SEEKING | Manager/ Officer/ Program Coordinator |
| AGE | 36 |
| Contact | 400028928 |
| NAME | Kyaw Kyaw |
| SEEKING | Chinese Translator |
| AGE | 31 |
| Contact | 4294967295 |
| NAME | Mya Hnin Yee |
| SEEKING | Quality Assurance / Quality Control/ Laboratory |
| AGE | 28 |
| Contact | 973221883 |

### Banking and Financial Services

| | |
|---|---|
| NAME | May Phyu Hnin |
| SEEKING | Any (Suitable) |
| AGE | 23 |
| Contact | 4294967295 |

### Accounting

| | |
|---|---|
| NAME | Khin Mu Lwin Kyaw |
| SEEKING | Accounting |
| AGE | 27 |
| Contact | 420071210 |
| NAME | Nway Nway |
| SEEKING | Administration Staff/ Accounting and Office Staff |
| AGE | 27 |
| Contact | 240702 |
| NAME | Su Myat Mon |
| SEEKING | Accounting |
| AGE | 26 |
| Contact | 420102147 |
| NAME | Chit Chit Po |
| SEEKING | Admin |
| AGE | 21 |
| Contact | 940153118 |
| NAME | May Su |
| SEEKING | Accountant |
| AGE | 23 |
| Contact | 421100204 |

### Education and Training

| | |
|---|---|
| NAME | Hlaing Minn Paing |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 943206636 |

## အလုပ်ရှင်များ၏ ခေါ်စာများ (Vacant Position)

### Moe Lwin Co., Ltd.

| | | |
|---|---|---|
| VACANT | Project Engineer | 1 |
| PHONE | 09-425-280-733 | |
| ADDRESS | No.528, Lower Kyeemyindaing Road, Kyeemyindaing Township. | |

### Machinery and Solutions Co., Ltd

| | | |
|---|---|---|
| VACANT | Logistics Coordinator | 1 |
| PHONE | 01-667-110 | |
| ADDRESS | 146-L/2, Shwe Hnin Si Street, Mayangone Township, Yangon. | |

### RVi INSTITUTE

| | | |
|---|---|---|
| VACANT | Finance and Admin Executive | 1 |
| PHONE | 951 - 535433 | |
| ADDRESS | No. 44, Than Lwin Road, Bahan Township, Yangon. | |

### DPS ( Design Printing Service)

| | | |
|---|---|---|
| VACANT | Graphic Designer | 5 |
| PHONE | (95-1)204020, 204200 | |
| ADDRESS | N0. 165, 1st Floor, 35th Street, ( Middle Block), Kyauktada Township, Yangon. | |

### Myanmar DYC Co.,Ltd

| | | |
|---|---|---|
| VACANT | Korea Interpreter | 3 |
| | Exporter & Importer (Trading) | 3 |
| | Electrical Technician | 3 |
| PHONE | 09-431-660-71 | |
| ADDRESS | Plot No. C-5 & C-6Mingaladon Industrial Park, Mingaladon Township, Yangon. | |

### EduPro Solutions Co., Ltd.

| | | |
|---|---|---|
| VACANT | Junior Web Programmer (PHP,C#.NET) | 3 |
| PHONE | 01-512-856 | |
| ADDRESS | 18, U Tun Linn Chan Street, Thabyenyo 1, #2C/ D, Yangon. | |

### Amd

| | | |
|---|---|---|
| VACANT | Office Secretary | 1 |
| | Asst. Executive Secretary | 5 |
| | Driver | 3 |
| | Supervisor - Technician | 2 |
| PHONE | (01) 218-437, 218-438, 09-731-762-48, 09-731-126-72 | |
| ADDRESS | 39(B), Thazin Lane, Baho Road, Ahlone Township, Yangon. | |

### PARKROYAL Yangon

| | | |
|---|---|---|
| VACANT | Marketing and Communications Manager | 1 |
| PHONE | (951)250388 | |
| ADDRESS | 33, Alan Pya Phaya Road, Dagon Township, Yangon. | |

ELITE Since 1997
ELITE
နိုင်ငံတကာအဆင့်မီကျွမ်းကျင်အင်ဂျင်နီယာတစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်သော
ENGINEERING TRAINING
ကျွမ်းကျင်တတ်မြောက်ရေးကို အထူးအလေးထားသင်ကြားပေးသည်
အမှတ် (၁၂၆)၊ မြေညီထပ်၊ ၃၉လမ်း(အောက်)၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
HOT LINE 01 246150, 095180790
နွေတန်းခွဲသစ်များစပြီ

အသုံးချ အင်ဂျင်နီယာသင်တန်းများ

၁။ ရေခဲသေတ္တာ၊ လေအေးပေးစက် လက်တွေ့၊ စာတွေ့သင်တန်း
၂။ လက်တွေ့လျှပ်စစ် အသုံးချသင်တန်း (ဝါယာရင်း၊ မော်တာ၊ ထရန်စဖော်မာ)
၃။ အဆင့်မြင့် Electrical Motor Control သင်တန်း
၄။ လက်တွေ့အသုံးချ အီလက်ထရွန်နစ်သင်တန်း (Basic Electronic, TV, VCD, DVD & EVD)
၅။ ကွန်ပျူတာဖြင့် Circuit ပတ်လမ်းရေးဆွဲနည်း သင်တန်း (Multi Simulation)
၆။ Programmable Logic Controller (PLC) သင်တန်း
၇။ Welding 3G, 4G, 5G, 6G သင်တန်း
၈။ Motor Winding Repair သင်တန်း
၉။ Pipe Fitter သင်တန်း
၁၀။ Marine Fitter (တွင်ခုံ၊ အင်ဂျင်စက်ပြင်၊ ဂဟေဆက်) သင်တန်း

အသစ်ဖွင့်လှစ်သော နည်းပညာသင်တန်းများ

၁။ Peripheral Interface Controller (IC အသုံးချ ထိန်းချုပ်မှု အတတ်ပညာ)
၂။ AutoCAD & 3Ds Max Engineering Drawing (2D, 3D) (အခြေခံနှင့် Civil, Mechanical, M&E, Architect AutoCAD)
၃။ လက်တွေ့အသုံးချ ကွန်ပျူတာပြုပြင်နည်းသင်တန်း (A+) (CompuTIA သင်ရိုးအတိုင်းသင်ကြားပေးသည်)
၄။ လက်တွေ့ နက်ဝပ်ချိတ်ဆက်နည်းသင်တန်း (Network+) (CCNA Guideline)
၅။ Phone ပြုပြင်နည်းသင်တန်း (Software & Hardware)
၆။ MatLAB သင်တန်း (အင်ဂျင်နီယာ တွက်ချက်ကွပ်ကဲမှုအတတ်ပညာ)
၇။ Programming သင်တန်း (Assembly, C++, Visual Basic)

နယ်ဆော်ဒါရှိသည်

- တစ်ဦးချင်းသင်ကြားနိုင်ခြင်း
- သင်တန်းပြီးဆုံးသည်နှင့် အလုပ်အကိုင် ရရှိနိုင်ခြင်း
- တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများအတွက် အထူးအစီအစဉ် ရှိခြင်း
- ဘာသာရပ်အားလုံးကို ၁၀ % Discount ပေးခြင်း
- နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများအတွက် ၁၅ % အထိ Discount ပေးခြင်း
- မိုဘိုင်းဖုန်းသင်တန်း တတ်ရောက်လိုသူများအတွက် ၅၀ % အထိ Discount ပေးမည်

# FREE CLASSIFIEDS

သင် ရောင်း/ဝယ် လိုသော ပစ္စည်းများကို ဤစာမျက်နှာတွင် အခမဲ့ ဖော်ပြနိုင်ရန် classified@myanmarict.comသို့ email ပေးပို့လိုက်ပါ။

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | Laptop, Notebook, Netbook, Mackbook, MacbookPro, Macbook Air |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPhone 3gs/ 4g/ 4s/ 5, Samsung S2, S3, Note, Note 2, HTC, Nokia, Sony, LG SKY, HUAWEI |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-730-481-06 |

| | |
|---|---|
| Condition | Used |
| Description | Netbook All Kind of Tablet & Sony PSP External Hard Disk |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-730-481-06 |

## Service

| | |
|---|---|
| Condition | Used |
| Description | Micro Net Computer ပြုပြင်ခြင်းလုပ်ငန်း |
| Contact | 09-502-7405 |

| | |
|---|---|
| Condition | Used |
| Description | Dream Future |
| Contact | 09-420-110-247 |

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | Laptop Ultrabooks Notebook Netbook Mackbook MacbookPro Macbook Air |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Tablet, all Kind of Tablet, PSP, External Hard Disk |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPad 4/ Mini/ 3/ 2/ 1, iPod 5G/ 4G, Macbook Pro, Mac Air |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Note Books, Net Books, Ultra Books, & More |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-450-039-844 |

| | |
|---|---|
| Condition | Used |
| Description | Netbook All kind of Tablet & Sony PSP External Hard Disk |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 01-376-420 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 5/ 4S/ 4 iPad 4/ 3/ 2/ Mini |
| Quantity | 1 |
| Price | K 280,000 |
| Condition | Used |
| Description | iPod 5/ 4/ Macbook Pro Macbook Air |
| Quantity | 1 |
| Price | K 180,000 |
| Condition | Used |
| Description | Samsung Note 1/ 2 S2/ S3 & Any Laptop |
| Quantity | 1 |
| Price | K 720,000 |
| Condition | Used |
| Description | Macbook Pro 15 (Intel Core Duo, Ram : 2GB, H.D.D : 80GB) |
| Quantity | 1 |
| Price | K 350,000 |
| Contact | 09-450-039-844 |

| | |
|---|---|
| Condition | Used |
| Description | MacBook Air 13 inch (Intel Core i5 Ram - 4GB SSD - 128GB With Box and Full Original Accessories) |
| Quantity | 1 |
| Price | K 750,000 |
| Contact | 09-730-481-06 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။ အလဲထပ် လုပ်ပေးသည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 2G/ 3G/ 3GS/ 4G/ 4S/ 5 |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPad 1/ 2/ 3/ 4/ Mini (Wi-Fi Only & Wi-Fi +3G), iPod Touch 4G/5G |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Desktop PC/ All in one PC/ Notebook/ Netbook |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Mac Book Pro/ Mac Air /iMac /Mac Mini /Any Tablet PC |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-730-521-97 |

| | |
|---|---|
| Condition | Used |
| Description | iPad 1/ 2/ 3/ 4/ Mini Wi-Fi Only & Wi-Fi +3G, iPod Touch 4G/5G |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-450-039-844 |



အိုင်စီတီ ဂျာနယ်
Volume 2, Issue 11
MYANMAR ICT JOURNAL


# MOBILE FRIEND

Laptop Sales & Services

Warmly Welcome 2013 Yangon ICT Fair Computer & Mobile (18-3-2013 to 24-3-2013)

Booth No - G8

**DELL** Latitude D531



**Dual Core 1.9GHz**
1GB RAM (DDR II)
80GB HDD (SATA)
VGA-351MB
COMBO (DVD-R+ CD-RW)
Lan-Wi-Fi
LCD - 14"(Wide)

~~215,000/-Ks~~

**154,000/-Ks**

**DELL** Latitude D531



**Dual Core 1.9GHz**
1GB RAM (DDR II)
60GB HDD (SATA)
VGA-351MB
COMBO (DVD-R + CD-RW)
Lan-Wi-Fi
LCD - 14"(Wide)

~~195,000/-Ks~~

**149,000/-Ks**

လက်ဆောင် (၅)မျိုး + Free Cupon

**DELL** Latitude D531



**Dual Core 1.9GHz**
2GB RAM (DDR II)
80GB HDD (SATA)
VGA-351MB
DVD-RW
Lan-Wi-Fi
LCD - 14"(Wide)

~~230,000/-Ks~~

**169,000/-Ks**

**NEC** VY 16A/W4



**Core Duo 1.7GHz**
1GB RAM (DDR II)
60GB HDD (SATA)
VGA-256MB
COMBO (DVD-R+CD-RW)
Lan
LCD - 15"

~~180,000/-Ks~~

**155,000/-Ks**

**NEC** VY 17M/ED1



**Core Duo 1.7GHz**
1GB RAM (DDR II)
40GB HDD (SATA)
VGA-256MB
COMBO (DVD-R+CD-RW)
Lan-Wi-Fi
LCD - 15"(Wide)

~~175,000/-Ks~~

**138,000/-Ks**

Warranty Parts (6)months & services (1)year

ရန်ကုန် ➡ အမှတ် (၁၃၈) - မြေညီ၊ ဆိပ်ကမ်းသာလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁ ၃၉၈၄၇၄၊ ၀၉ ၅၁၉၉၇၇၈၊ ၀၉၄၂၀၂၃၂၀
ပျဉ်းမနား ➡ အမှတ် (၁၀/၇၀)၊ ဗိုလ်တာရာလမ်း၊ ဗိုလ်ချုပ်ကြေးရုပ်အနီး၊ ရန်အောင် (၁) ရပ်ကွက်၊ ပျဉ်းမနားမြို့။ ဖုန်း - ၀၆၇ ၂၂၂၆၃၊ ၀၉၄၂၀၇၄၇၉၀၅

# Citicom
Computer

YANGON ICT FAIR
2013 IT & Mobile
တပ်မတော်ခန်းမ
22th to 24th March
Boot No. A3

Samsung Corner
Boot No. E1

SAMSUNG

ကျပ်တစ်သိန်းနှင့် အထက်ဝယ်ယူသူတိုင်းအတွက်
အထူးဈေးနှုန်း၊ အထူးလက်ဆောင်၊ အထူးကံစမ်းခွင့် . . .






Apple Product, Notebook, Netbook, Desktop ဝယ်ယူသူတိုင်း
Laser Printer (၁) လုံးကို (ကျပ် ၅၅,၀၀၀) ဖြင့် ဝယ်ယူနိုင်မည့်အပြင်
Distributor များ၏ ငွေသားကံစမ်းမဲ၊ အထူးလက်ဆောင် နှင့် Lucky Draw အစီအစဉ် . . .



Epson Product ဝယ်ယူသူတိုင်း
Photopaper (1) Pack လက်ဆောင်

April 10st ညနေ (၃း၀၀) နာရီတွင် Citicom အရောင်းပြခန်းတွင် ကံစမ်းမဲများ ဖွင့်လှစ်ပေးပါမည်။

ဈေးနှုန်းမှန်ကန်၍ အာမခံချက်ရှိသော
Samsung Product များကို
လက်တွေ့စမ်းသပ်ဝယ်ယူနိုင်မည့်အခွင့်အရေး...

**Authorized Retail Shop**



အထူးဈေးနှုန်း၊ အထူးလက်ဆောင်၊ အထူးကံစမ်းခွင့် ...

(ဘားလမ်း) မဟာဗန္ဓုလအရောင်းပြခန်း
အမှတ် (၁၈၆၊ ၁၈၈)၊ မဟာဗန္ဓုလပန်းခြံလမ်း (အလယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၃၇၃၁၇၅၊ ၃၇၆၅၆၄၊ ၃၇၆၅၆၆

ဆိပ်ကမ်းသာအရောင်းပြခန်း
အမှတ် (၁၀၁၊ ၁၀၃)၊ ဆိပ်ကမ်းသာလမ်း (အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၄၀၆၂၀၊ ၃၈၂၉၇၇၊ ၃၇၄၅၄၄

ရွှေဂုံတိုင်အရောင်းပြခန်း
အမှတ် (၁၇၃)၊ အခန်း (၁)၊ အနောက်ရွှေဂုံတိုင်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁၉၀၉၈၁

# ဘဝ နေဝင်ချိန်လေးများ လှပစေချင်

TZO



"အဘ ဟိုဘက် နည်းနည်းတိုးပေးပါ"

ကားပေါ်မှာ ကိုယ့်နောက်က ထွက်ပေါ်လာတဲ့ အမျိုးသမီး တစ်ယောက်ရဲ့ အသံပါ။

"အဘ...အဘ နည်းနည်း တိုးပါဦး"

နောက်ထပ် ကြားရပြန်တယ်။ ဆင်းရမယ့် မှတ်တိုင် ရောက်ခါနီးပြီမို့ အပေါက်ဝနား မရောက်တရောက် တိုးထားတဲ့ ကိုယ့်ကို ဒီတစ်ခါတော့ လက်တို့ပြီး နည်းနည်း ဖယ်ပေးဖို့ ပြောလာပါတယ်။ သူက အထဲကို ဝင်ဖို့အတွက် ကိုယ့်ကို ဖယ်ပေးဖို့ပြောတာ။ ကိုယ်က "အဘ"ဆိုတာ ကိုယ့်ကို ပြောနေမှန်း မသိ။ မကြားချင်ယောင် ဆောင်နေတာတော့ မဟုတ်ပါ။ တကယ်တော့ ကိုယ်က ကိုယ့်အသက် ကိုယ် မေ့နေတာ။

ကိုယ်က အဘ အခေါ်ခံရမယ့် အရွယ်တောင် ရောက်နေပြီလား။ ဌာနဆိုင်ရာမှာတုန်းကတော့ ကလေးတွေက ဆရာတို့၊ ဦးစီးတို့ ခေါ်တယ်။ အဘ ခေါ်တာ တစ်ယောက် နှစ်ယောက် ရှိတယ်။ တကယ်တော့ ရုံးတွေမှာက ညွှန်မှူးနဲ့ အထက်ကို ဝန်ကြီး အထိပေါ့။ အဘလို့ ခေါ်ကြတာ။ အခုတိုက်မှာတော့ ကလေးတွေက ကိုယ့်ကို အစုံခေါ်ကြတယ်။ အဘခေါ်တဲ့ သူနဲ့၊ ဦးလေး၊ အန်ကယ် ခေါ်တဲ့ သူနဲ့။ ဖြစ်နိုင်ရင် ကိုယ်က ရှိရင်း အသက်ကို မေ့ထားချင်တဲ့သူ တစ်ယောက်ပါ။ စိတ်ပျိုရင် ကိုယ်နုတယ်လို့ ဆိုတယ် မဟုတ်လား။ ဒါပေမယ့် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဆိုတဲ့ တရားသဘောအတိုင်း အိုခြင်းကိုတော့ တားလို့မရပါ။ သင်လည်း တစ်နေ့ အိုရမည်ဆိုတဲ့ စကားလေးလိုပေါ့။ အချိန်ကို ဆွဲထားလို့ မရသလိုပဲ နပျိုခြင်းကိုလည်း ဆွဲထားလို့ မရပါ။

တကယ်တော့ ကိုယ်နဲ့ တန်းတူ သူငယ်ချင်း တချို့၊ ကိုယ်နဲ့ ရွယ်တူတွေထဲက တချို့ဆိုရင် မြေးတောင် ရကုန်ကြပြီ။ ကိုယ်ကသာ အိမ်ထောင်ပြု နောက်ကျလို့ ကလေးက ငယ်သေးတာ။ ကိုယ်က အသက် ရှည်မယ့် လက္ခဏာတော့ ပါတယ်။ အသက်လမ်းကြောင်းကြီးက လက်ကောက်ဝတ်ကို ပတ်နေတာ။ တစ်ခုတော့ ရှိတယ်။ အသက်ရှည်ပြီး ကျန်းမာနေဖို့တော့ လိုတယ်။ အိပ်ရာထဲ လဲနေပြီးတော့ သေမယ့်ရက်ကို စောင့်နေတဲ့ နာတာရှည်မျိုးလည်း မဖြစ်ချင်ဘူး။ အိုမင်း မစွမ်း ဆိုတဲ့အတိုင်း မစွမ်းနိုင်တော့တဲ့ အခြေအနေမျိုးနဲ့လည်း အသက် မရှည်ချင်ပါ။ ကိုယ်က မစွမ်းနိုင်တော့လို့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရသလို ကိုယ့်ကို ပြုစုရတဲ့ လူတွေမှာလည်း မည်မျှပင် ဆွေရင်း၊ သားရင်း ဖြစ်ပါစေ ပင်ပန်းပြီး အချိန်ကြာလာတာနဲ့အမျှ ကိုယ့်အပေါ် စိတ်ရှည်နိုင်မည် မဟုတ်ပါ။

ပြီးခဲ့တဲ့ တစ်ပတ်က 7 Day News ဂျာနယ် အတွဲ ၁၂၊ အမှတ်-၁ရဲ့ Life စာမျက်နှာ "တွယ်ရာမဲ့ ဘိုးဘွားအိုတို့ရဲ့ အနာဂတ်"ဆိုတဲ့ ဆောင်းပါး တစ်ပုဒ်ကို ဖတ်လိုက်ရပါတယ်။ အသက် ၈၈နှစ် အရွယ် အမေအိုကြီးကို သားအရင်း ဖြစ်သူက ဆေးရုံမှာ စွန့်ပစ်ထားခဲ့တဲ့ အကြောင်း၊ ဆေးသွားဝယ်မယ် ဆိုပြီး ပြန်မလာတော့တဲ့ သားဖြစ်သူကို မျှော်ရင်း တာဝန်ကျ ဆရာမတွေ ကျွေးတဲ့ ထမင်းကို စားရင်း အသက် ဆက်ခဲ့ရတဲ့ အဘွားအိုကို နောက်ဆုံးမှာ ဆေးရုံအုပ်ကြီးရဲ့ အကူအညီနဲ့ ဆရာမ ဒေါ်သန်းမြင့်အောင် တည်ထောင်ထားတဲ့ ဆည်းဆာရိပ် ဂီလာန ဘိုးဘွားရိပ်သာကို ပို့ပေးခဲ့ကြောင်း၊ အမေအိုကြီး ကတော့ ဘိုးဘွားရိပ်သာကနေ သားဖြစ်သူ ပြန်အလာကို မျှော်နေဆဲ ဖြစ်တဲ့ အကြောင်းပါ။

နောက်တစ်ဦး ကတော့ သား နှစ်ယောက်ကို ဆယ်တန်း အောင်တဲ့အထိ ကျွေးမွေး စောင့်ရှောက်ခဲ့ပြီး မိသားစု တစ်စုလုံးကို ဦးဆောင် ဦးရွက် ပြုလို့ ရှေ့ဆုံးက ရင်ဆိုင် ဖြေရှင်းပေးခဲ့ပေမယ့် စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့တဲ့ အိုမင်းမစွမ်း ရောက်ချိန်မှာ သား၊ သမီး၊ မြေး၊ မြစ်တွေရဲ့ အငြိုအငြင်ခံပြီး ထမင်း စားနေရတဲ့ ဘဝမျိုးကို ရေရှည် မခံစားနိုင်တော့တဲ့အတွက် ကားမှတ်တိုင်မှာ လမ်းသွား လမ်းလာတွေဆီကနေ အလှူခံပြီး စားနေတဲ့ အသက် (၇၆)နှစ်အရွယ် အဘိုးအိုပါ။ သူကတော့ သားတွေဆီကနေ တစ်ပတ် ပြန်လည်လာမယ့် မေတ္တာတရားကို မျှော်လင့်နေတယ်လို့ ဆိုပါတယ်။

သူ့လိုပဲ ကားမှတ်တိုင်မှာ အလှူခံစားနေတဲ့ အသက် ၇၈နှစ်အရွယ် သီလရှင် ဆရာကြီး တစ်ဦးကတော့ အရင်က ဘိုးဘွားရိပ်သာမှာ နေခဲ့ဖူးပြီး စည်းကမ်းချက်တွေ သတ်မှတ်လိုက်တဲ့အတွက် ထောက်ပံ့ပေးမယ့် ဆွေမျိုးသားချင်း မရှိလို့ ဘိုးဘွားရိပ်သာမှာ ပြန်နေလို့ မရတော့တဲ့အကြောင်း ဖြစ်ပါတယ်။ ဘိုးဘွားရိပ်သာများမှာ ပြုစုစောင့်ရှောက်မှု ခံယူနေတဲ့ ဘိုးဘွားအများစုဟာ အမှန်တကယ် ခိုကိုးရာမဲ့ မဟုတ်ဘဲ ၎င်းတို့ရဲ့ မိသားစုဝင်တွေက အိမ်မှာ နေရတာထက် အေးချမ်းတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ပို့ထားတာ ဖြစ်တယ်လို့ သိရပါတယ်။

နောက်တစ်ခု ကတော့ အတော် ကြေကွဲစရာ ကောင်းတဲ့ အဖြစ်လေးပါ။ သူကွယ်လွန်ပါက သူ့ကို မြှုပ်နှံမယ့် အုတ်ဂူမှာ သားသမီး ကိုးယောက်က ပြန်မကြည့်နိုင်လို့ ကိုယ့်စရိတ်နှင့်ကိုယ် ရပ်ကွက်မှ သဂြိုဟ်၍ သူ့ရဲ့ ဆန္ဒအတိုင်း ဒီစာကို ရေးထိုးပါတယ်လို့ ခိုင်းခဲ့တဲ့ အဘိုးအို တစ်ဦးပါ။ သူပေးသလောက် ပြန်မရခဲ့တဲ့ မိသားစု မေတ္တာတရားကို အတော်စိတ်နာသွားပုံ ရပါတယ်။

သူ့လိုပဲ သားသမီး ဆွေမျိုး အသိုင်းအဝိုင်းကို နောက်ဆုံး ထွက်သက်အထိ စိတ်နာပြီး ဘဝ နိဂုံးချုပ်သွားတဲ့ ခိုကိုးရာမဲ့ သက်ကြီးရွယ်အိုများ ရှိသလို မိသားစု ဆွေမျိုးသားချင်းတွေရဲ့ ဖေးမ စောင့်ရှောက်မှုနဲ့ ဘဝ နေဝင်ချိန်ကို အေးအေးလူလူ ဖြတ်သန်းခွင့်ရတဲ့ သက်ကြီးရွယ်အိုများလည်း ရှိပေမယ့် အချိုးအစား အလွန် ကွာခြားကြောင်း သိရပါတယ်။

မြန်မာနိုင်ငံမှာ လူဦးရေရဲ့ တစ်ဆယ်ရာခိုင်နှုန်းဟာ သက်ကြီးရွယ်အိုများ ဖြစ်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ သက်ကြီးရွယ်အို သုံးသောင်းကျော်ဟာ ခိုကိုးရာမဲ့ ဖြစ်နေလျက် မဖြစ်မနေ စောင့်ရှောက်မှုပေးရန် လိုအပ်နေကြောင်းနဲ့ လူမှုဝန်ထမ်း ဦးစီးဌာနက အသိအမှတ်ပြုထားတဲ့ တရားဝင် ဘိုးဘွား ရိပ်သာ ၅၉ခု ရှိပြီး ပြုစု စောင့်ရှောက်ခွင့်ရတဲ့ ဘိုးဘွားက ၂,၀၀၀လောက်ပဲ ရှိတယ်လို့ ဆိုပါတယ်။

ဖြစ်ပျက်ဆိုတဲ့ သဘောတရားအရ ခန္ဓာကိုယ်ကြီးဟာ စက္ကန့်တိုင်းအတွင်းမှာ ယိုယွင်း ပျက်စီးနေတာပါ။ ငယ်ရွယ်တဲ့ အချိန်မှာ မသိသာပေမယ့် အသက် အရွယ် ကြီးရင့်လာတဲ့အခါကျတော့ ရုပ်ခန္ဓာကြီးဟာ တဖြည်းဖြည်း ကျလာတာ သိသာပါတယ်။ အိုနာကျိုးကန်း ဆိုတဲ့ အတိုင်း အိုမင်း ရင့်ရော်လာတဲ့အခါ မျက်စိက မှုန်၊ နားက ထိုင်း၊ ခါးက ကိုင်းနဲ့၊ ကိုယ့်ကို ပြုစု စောင့်ရှောက်ရတဲ့ သူတွေ စိတ်ငြိုငြင် စေတာတော့ အမှန်ပါ။ စည်းစိမ် ဥစ္စာတွေကို ကိုယ် ထိန်းသိမ်းနိုင်စွမ်း မရှိတော့တဲ့ တစ်ချိန်မှာ ကိုယ့်ကို ငြိုငြင်လာကြမှာ ဓမ္မတာပါ။

စုန်ရေ ဆိုတာပဲ ရှိတယ်။ ဆန်ရေဆိုတာ မရှိဘူးဆိုတဲ့ အတိုင်း ကိုယ်တွေကတော့ သားသမီးအပေါ် မျှော်လင့်မထားပါ။ ကိုယ်တွေ ဝတ္တရားရှိတဲ့ အတိုင်းတော့ သူတို့ကို ပျိုးထောင် ပေးသွားမှာပါ။ သူတို့ အသီးအပွင့်ကို သူတို့ ခံစားရရင်ပဲ ကျေနပ်ပါပြီ။ ကိုယ်တွေ လင်မယား နှစ်ယောက်က ပင်စင် လစာလေးနဲ့ လောက်ငအောင် နေထိုင်သွားပြီး ဘဝမှာ နောက်ဆုံး အချိန်လေးတွေကို အေးအေးလူလူ ဖြတ်သန်းသွားနိုင်ဖို့ပဲ မျှော်လင့်မိပါတယ်။

InnoLAB Training and Consultancy

English Classes

IELTS Classes

GENERAL ENGLISH

**Pre-Intermediate English**
- Vocabulary and grammar development
- Improvement of all 4 skills
- Opportunities for speaking
- Confident communication
- Video-assisted lessons
- Skills-based approach
- Learner-friendly methodologies
- Flexible teachers
- Maximum 10 students

LISTENING READING SPEAKING WRITING

BAND 6.5
**IELTS Foundation**
- Prepare for IELTS
- Improve your English language skills
- Acquire good learning skills
- Learn essential test taking strategies
- Experience action-based learning
- Build your confidence

BAND 7.5
**IELTS Advanced**
- Get top-grade preparation
- Advance your English
- Speak fluently and confidently
- Refine your exam strategies
- Receive remedy for your weak points
- Go beyond your limits

JAVA

**JAVA Foundation Class**

သင်ယူသူ၏ စိတ်ပါဝင်စားမှုကို အားပေးသော သင်ကြားနည်း

လက်တွေ့ပြုလုပ်ရသော သင်ခန်းစာများကိုအခြေခံ၍ တည်ဆောက်ထားသော သင်ခန်းစာများ

ကမ္ဘာ့အဆင့်မီ ပရိုဂရမ်မာတစ်ဦးကဲ့သို့ တွေးခေါ်နည်း

နိုင်ငံတကာ Java သင်တန်းများတွင် သင်ကြားသော ခေါင်းစဉ်များ

လက်တွေ့ ပရိုဂရမ်မာဖြစ်အောင် အဓိကထား ရေးဆွဲပေးထားသော သင်ရိုး

သင်တန်းကာလအတွင်း ရေးသားရသော project

No. 86/88, 4th Floor, 30th Street (Lower Block), Pabedan Township, Yangon.
Ph: 01-388427, 09-4200-85544
Website: www.innolabmm.com

အိုင်စီတီ ဂျာနယ် Volume 2, Issue 11 MYANMAR ICT JOURNAL

# ဒေါသအိုးကို ကွဲစေသော လေ

"ဆရာပီတိ ဆရာ တံခါးဖွင့်ပါဦး ဆရာ"

ညဥ့်နက်သန်းခေါင်ယံ အချိန်ဖြစ်သည်။ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်၌ ခေါ်သံကို သဲကွဲစွာ ကြားရသည်။ ဆေးရုံ၌ (သို့မဟုတ်) အသိတစ်ဦးဦး အခက်အခဲရှိ၍ လာခေါ်ခြင်း ဖြစ်မည်။ ဆရာဝန်ဘဝက သူများ အိပ်ကောင်းသော အချိန်တွင်လည်း အိပ်ကောင်းခြင်း မအိပ်ရ။ ရောဂါဟူသည်ကား ညဘက်တွင် ဖောက်တက်ကြသည် မဟုတ်ပါလား။

"ကိုတင်မြင့်ကြီးပါလား၊ ဆိုပါဦး ဘယ်သူ ဘာဖြစ်လို့" စာရေးသူ တာဝန်ကျရာ မြို့ငယ်လေးမှ လျှပ်စစ် အင်ဂျင်နီယာ ဦးတင်မြင့် ဖြစ်သည်။ မိမိတို့ ဆေးရုံအတွက် လျှပ်စစ်နှင့် ပတ်သက်လာလျှင် လိုလေသေးမရှိ ကူညီတတ်သူဖြစ်၍ မိမိလည်း တာဝန် ကျေရမည်ဟု အသိဝင်လာသည်။ "ကျွန်တော့် မြေးလေးပါဆရာ တစ်နာရီ လောက်ကတည်းက တတ်မတတ် ချက်မတတ် ငိုတာ ချော့လို့ကို မရဘူး၊ တစ်မိသားစုလုံးလည်း စိတ်ပူလို့ နေစရာ မရှိတော့ဘူး၊ အဲဒါကြောင့် အခု ဆေးရုံကို ခေါ်လာတာ"

"ဩော် ဟုတ်ပါပြီ ကိုတင်မြင့်ရယ်၊ ဆေးရုံမှာ ကလေးရောက်နေပြီပဲ လိုတာ လုပ်ပေးကြပါလိမ့်မယ် စိတ်မပူပါနဲ့။

"မဟုတ်ဘူး ဆရာရဲ့ ပြောရမှာ အားတော့နာပါတယ် ဆရာ၊ ဒီနေ့ တာဝန်ကျတဲ့ ဆရာဝန်လေးနဲ့ ဆရာမလေးက စိတ်ပူစရာ မလိုဘူး၊ ဒီအတိုင်းပဲ ကောင်းသွားလိမ့်မယ်ပဲ ပြောပြီး ဘာမှ မလုပ်ပေးဘူး၊ ဆေးလေး တစ်လုံးတောင် ထိုးမပေးဘူး၊ ကျွန်တော်တို့က စိုးရိမ်လို့ သေချာ ကြည့်ပါဦး ဆရာလို့ ပြောတာတောင် မလှုပ်တလှုပ်နဲ့ ဒါ့ကြောင့် ကျွန်တော့်လည်း စိတ်မရှည်တော့ဘူး၊ ဆရာကို လာပင့်တာ"

"ဒါနဲ့ ကလေး အသက်က"

"သုံးလပဲ ရှိပါသေးတယ် ဆရာ၊ ကျွန်တော့်ရဲ့ ရင်နှစ်သည်းချာ မြေးဦးရတနာလေးပေါ့၊ သူ့အမေရော၊ အဘွားပါ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြတယ်"

"ဟုတ်ကဲ့ပါ ကျွန်တော် အဝတ်အစား လေးလဲပြီး တစ်ခါတည်း လိုက်ခဲ့ပါ့မယ်"

"ကျေးဇူးပါ ဆရာ"

ဒီလိုအချိန် ဒီလို ပြဿနာ တက်သည်မှာ စာရေးသူတို့အဖို့တော့ မဆန်းပါ။ တစ်ကွေ့မဟုတ် တစ်ကွေ့ ကြုံတွေ့ရမြဲ။ ဆရာဝန်၏ ကိုင်တွယ်ပုံ ညံ့ဖျင်းလျှင် အတိုင်ခံ အတောခံကြရသည်။ စာသံပေသံဖြင့် စီကာပတ်ကုံး လုံးစေ့ ပတ်စေ့မကျန် ရှင်းပြရလျှင်လည်း စာရေးသူတို့ လူနာရှင်များက လက်မခံ ချင်ကြ။ ထို့ကြောင့် ဆရာဝန် အလုပ် လုပ်ရသည်မှာလည်း ဆေးကု တတ်ရုံနှင့် မပြီး။ "ဟိုကွေ့ကို ဟိုတက်နှင့် လှော်၍ ဒီကွေ့ရောက်လျှင် ဒီတက်နှင့် လှော်တတ်မှ" ရသည်။

"ဒီမိုကရေစီခေတ်၊ ဒီမိုကရေစီ ခေတ်"ဟူ၍ ဒီမိုကရေစီ ဆိုသည်ကို "လိုချင်တာ တောင်းနိုင်သော၊ အော်နိုင် ဟစ်နိုင်သော" လက်ကိုင်တုတ်သဖွယ် အသုံးပြုနေသော ယနေ့ခေတ် ပြည်သူ များကြောင့် တစ်ဖက်သတ် ပြဿနာများ ကြီးထွားလာရသည်။ အာဏာကို လက်တစ်လုံးခြား သုံးတတ်သော အကျင့်သည်ကား စာရေးသူတို့ ပြည်သူ ပြည်သားများ၏ သဘာဝအမွေ ဖြစ်သည်။ ယခင် အစိုးရ အရာရှိကြီးများမှ မဟုတ်။ တရားဝင် အာဏာမရသေးတိုင် နေရာတစ်ခု ရလာသော အဖွဲ့အစည်း ငယ်များမှ အသင်းဝင်များ ကိုယ်တိုင် " ငါတို့က ဘာအဖွဲ့ကကွ၊ ကျွန်မတို့က ....အသင်းဝင်တွေပါ" အစရှိသဖြင့် (အကျီဆင်တူဝတ်ပြီး) လခစား ဝန်ထမ်းများကို ခြိမ်းခြောက်တတ် ကြသည်ကို တွေ့လာရသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ယမန်နေ့က ရန်ကုန်မြို့ရှိ ဆေးရုံတစ်ခု၌ ဖြစ်ပျက်ခဲ့သော အဖြစ်နှင့် စာရေးသူတို့ ယနေ့ အဖြစ် တစ်ထပ်တည်း။

ယခုကလေးငယ်ကဲ့သို့ပင် သုံးလေးလသား၊ ကလေးငယ်တစ်ဦး ချော့မရအောင် ငိုသဖြင့် ထိုကလေးငယ်၏ အဖေ၊ အမေနှင့် အဘိုးအဘွားတို့က ဆေးရုံခေါ်လာကြသည်။ ဆေးရုံ ရောက်သည့်အခါ တာဝန်ကျ ဆရာမက ကလေး၏ အခြေအနေကို လတ်တလော စိုးရိမ်ဖွယ်ရာ ရှိ၊ မရှိ ကနဦး မေးမြန်းပြီး မှတ်တမ်း စာအုပ်ပြုလုပ်ရန် ကလေး၏ မိဘအမည် လိပ်စာတို့ကို မေးမြန်းသည်ကို ကလေး၏ မိဘများက "လျှာရှည်လိုက်တာ၊ ဆရာဝန် ဘယ်မှာလဲ အမြန်ခေါ်ပေး၊ ငါတို့ကလေးက အရေးကြီးတယ်" ပြီးလျှင် ဆရာမကို ထ၍ပင် ရိုက်ပစ်လိုက်ချင်ကြောင်း၊ Facebook စာမျက်နှာများပေါ်တွင် ဖော်ပြထားကြောင်း၊ ဆရာဝန်နှင့် တွေ့ပြီး ရိုးရိုး လေနာဖြစ်ကြောင်း လေဆေးပေးရုံနှင့် အငိုတိတ် သွားကြောင်း၊ ထိုဆရာမကို မကျေနပ်ကြောင်း၊ ထိုဆေးရုံမှ ဝန်ထမ်း များကို ပညာပေးသင့်ကြောင်း၊ Facebook စာမျက်နှာများပေါ်တွင် ဖော်ပြထားသည်ကို ဖတ်ရှုမိခဲ့၍ ဖြစ်သည်။

အမှန်တကယ်တော့ မိဘပြည်သူများ ကောင်းမွန်စွာ အိပ်စက်အနားယူနေချိန်တွင် ဆရာဝန်၊ ဆရာမများသည် မအိပ်စက်ဘဲ အလုပ်ကျ တာဝန်ယူပေးနေသည်ကို ကျေးဇူးမတင်သည့် အပြင် အာဏာသံဖြင့် ၎င်းတို့၏ အစေခံ ကျေးကျွန် ကဲ့သို့ ဆက်ဆံတတ်လာသော မြန်မာပြည်သူ ပြည်သားတို့အတွက် ရလဒ်ကား ကောင်းထားဖို့ ရှိမည်မထင်။ တိုးတက်လာသော လူမှုဆက်ဆံရေး ကွန်ယက်များမှာလည်း ထိုသို့ ဆဲဆို ပြောဆိုမှုများကို အားပေးအားမြှောက် ပြုနေသူကလည်း ပိုများသဖြင့် ပိုဆိုး ကြသည်။ မှန်ပါသည်။ ကလေး တစ်ယောက် နေမကောင်းလျှင် တစ်မိသားစုလုံး စိတ်ဆင်းရဲ ကြတတ်သည်။ စာရေးသူလည်း ထိုလေနာ ရောဂါသည် ကလေးများနှင့် မိဘများကို အမြဲ ကိုယ်ချင်းစာမိပါသည်။ "ဆရာဝန်တွေက အသည်းကို မာတယ်၊ ဒီမှာတော့ သေလုမတတ် ခံစားနေရတာ၊ သူတို့ကို ကြည့်တော့ အေးအေးဆေးဆေးပဲ" လူနာရှင်များ အမြဲ အပြစ်တင်နေကျ။ ထို့ကြောင့် မိဘပြည်သူတို့ကို သိစေချင်သည်မှာ လူနာရှင် ပြာပြာသလဲ ဖြစ်တိုင်း ဆရာဝန်၊ ဆရာမများ လိုက်ပြာ၍ မဖြစ်ပါ။ ခေါင်းအေးအေးထား၍ ဖြစ်သင့်သည်။ ဖြစ်တန်သည်ကို ဦးစားပေး ကုသနိုင်မှသာ အသက်ကယ်နိုင်မည် ဖြစ်သည်။ ခေါင်းပူလျှင် ဆုံးဖြတ်ချက် မှားမည်။ ဆုံးဖြတ်ချက်မှားလျှင် မည်သူ နစ်နာမည်နည်း။ ထို့ကြောင့် "ကလေးက ဒီလောက် ဖြစ်နေတာ ဆရာဝန်က အေးအေးဆေးဆေးနဲ့ ငါထရိုက်ချင်လိုက်တာ"ဟု ပြောသူများကို လည်းကောင်း၊ "ရိုက်ပစ်သင့်တယ်၊ ဆဲပစ်ကွာ"ဆိုသူများကို လည်းကောင်း သင်တို့ မိသားစု ကျန်းမာရေး အတွက် မမှားရလေအောင် တည်ငြိမ် ရင့်ကျက်အောင် ကြိုးစားထားရကြောင်း ပြောပြချင်ပါသည်။

ဇာတ်လမ်းကို ဆက်ရလျှင် အသက် သုံးလေးလသားများတွင် အကြောင်းအရင်းခံ မရှိတတ်သော လေနာ "Wind Colic"ကို ခံစား တတ်ကြရသည်။ ညနေစောင်း (သို့မဟုတ်) ညဥ့်နက်သန်းခေါင်ယံတွင် ရုတ်တရက် ထနာပြီး ချော့မရအောင် ငိုတတ်ကြသည်။ နို့ဆာလို့လား ဟူ၍ နို့တိုက်လည်း မပျောက်၊ အိပ်ချင်၍လား ဟူ၍ ချော့သိပ်လည်းမရ ထိပ်ကို မှုတ်ကြည့်လည်း မသက်သာ၊ ခြေမ နှိပ်လည်း မထူး၊ ရေမန်းလည်း မကယ်နိုင်ဘဲ ဆေးရုံ ပြေးရတတ်ကြသည်။ ဆေးရုံရောက်တော့ အတွေ့အကြုံများသော ဆရာဝန်နှင့် တွေ့လျှင် ဒီရက်ပိုင်းအတွင်း နို့အပြင် အခြား အစာကျွေး မိသလား"ဟု မေးတတ်ကြသည်။ အသက် အန္တရာယ် ပေးနိုင်သော အူစွပ်ခြင်း မျိုးများသည်လည်း ဤအရွယ်တွင် အစာ (ထမင်း/ဆန်မှုန့် စသည်)စကျွေးမိလျှင် ဖြစ်တတ်သောကြောင့်တည်း။ ကလေးကို စမ်းသပ်၍လည်း ထိုအူစွပ်သော လက္ခဏာ ရှိ၊ မရှိ သိနိုင်ပြီး ကလေး၏ နားပေါက်အတွင်း နှာခေါင်းပေါက် အတွင်းနှင့် ကြိုကြို ကြားကြား နေရာ အနံ့၌ ပုရွက်ဆိတ် ကဲ့သို့ ပိုးမွှားများ ဝင်ရောက်နေမှု ရှိ၊ မရှိလည်း စစ်ဆေး ရသည်။

ထို့အပြင် ကလေး၏ လက်ချောင်း လေးများ၊ ခြေချောင်း လေးများနှင့် သားယောက်ျားလေး ဆိုလျှင် ရွှေမန်းတို့၌ အနီးစ၊ အပ်ချည်မျှင်၊ ဆံပင်ချည်မျှင်များ ရစ်ပတ်နေ၍လည်း ကလေးငယ်သည် နာကျင်ပြီး ငိုယို တတ်သည်။ ထိုသို့ အန္တရာယ်ရှိသော လက္ခဏာဟူ၍ စိုးစဉ်းမျှ မတွေ့ရပါမူ ရိုးရိုးလေနာပင် ဖြစ်လိမ့်မည်။ Wind Colicလေနာကို ဘယ်လို ကုရမလဲပေါ့။ အဓိကအားဖြင့် Reassurance ကောင်းသွားမှာပါ စိုးရိမ်စရာ မရှိပါဘူး ဟူ၍ပင် "ဘာနဲ့ ကောင်းသွားမှာလဲ ဆေးဖြင့် မပေးရသေးဘဲ"မေးစရာ ရှိသည်။ အမှန်တကယ် ပေးစရာ ဆေးမရှိ။ အနောက်တိုင်း၌ သုတေသန ပြုချက်များအရ မည်မျှ ကောင်းသည်ဆိုသော လေဆေး ပေးစေကာမူ အကျိုးမရှိဟု ဆိုထားသည်။ ဘာမှ မပေးလည်း ကောင်းနိုင်သည်ဟူ၍ ထိုသို့ စာအုပ်ကြီးအတိုင်း အတိအကျ လိုက်နာလျှင် လူနာရှင်တို့ ကြိုက်မည် မဟုတ်။ ထို့ကြောင့် တစ်ဖက်က အားပေး ရသလို စိတ်ချမ်းသာအောင် လေဆေး ညွှန်ပေးရပြီ။ ရှေ့တွင် တင်ပြခဲ့သော ကလေးကား လေဆေးနှင့် သက်သာသွား၍ တော်သေးသည်၊ အကယ်၍များ မသက်သာလျှင် ၎င်း၏ အဖေက ထိုဆရာဝန်ကို သတ်တောင် သတ်သွားမည် ထင်ရသည်။

"ဆေးမရှိသော်ငြား နည်းတော့ ရှိသေးသည်"ကလေးအား (မိခင်မှလွဲ၍) တစ်ဦးဦးက ကျောပိုးပြီး (သို့မဟုတ်) ရင်ခွင်အပ်၍ ချီပြီး လမ်းလျှောက် ပါလေ။ ကားရှိလျှင် ကားနှင့် မြို့တစ်ပတ် ပတ်ပါလေ။ Motion Treatmentနှင့် သက်သာသွားသော ဆေး သုတေသနများစွာ ရှိလာသည်။ ဆာသည်ဟု ထင်၍ နို့တိုက်လျှင် ပိုနာ၊ ပိုအော် ဖြစ်တတ်သည်။ အရှက်တက် ခါနီးလျှင် အလိုလို ယူပစ်သလို ပျောက်သွားပြီး အိပ်သွားလိမ့်မည်။ နောက်တစ်နေ့ ပြန်ဖြစ်နိုင်သေးသည်၊ တချို့ ခြောက်လသားအထိ တစ်ရက်မပျက် ခံရတတ်သည်။ စောစီးစွာ ဆန်မှုန့် မကျွေးလိုက် မိပါစေနှင့်။

စာရေးသူတို့ ဆေးကုရသည်မှာ ယုံကြည်မှုရမှ ဆေးစွမ်းထက်သည်။ ယခုလည်း မိမိ၏ လက်ထောက် ဆရာဝန်လေး၏ ယူဆချက်ကို ကိုတင်မြင့်က မယုံကြည်တော့ မိမိထံ ရောက်လာခြင်းတည်း။ မိမိလည်း မေးမြန်း စမ်းသပ် ကြည့်တော့ ထင်သည့်အတိုင်းပင် "Wind Colie"

"ဆရာလေး ဘာဆေးပေးထားလဲ"

"ပေးထားတယ် ဆရာ"

"လုပ်ပါဦး ဆရာရယ်၊ ကလေးက မသက်သာသေးဘူး"မိသားစုတစ်စု လုံးကို ချော့ခေါ်ရင်း မိမိပေးလိုသော Messageပေးရသည်။

"ကဲ...အခု ဆေးပြောင်းပေးလိုက်ကွာ" ခဏအကြာတော့ ကလေး အငိုတိတ်သွားသည်။

"တော်သေးတာပေါ့ ဆရာရယ်၊ ဆရာ ရှိပေလို့ပဲ" အားလုံး ကျေးဇူးတင်ကြသည်။

သူတို့ ထင်ကြသည်က နောက်ထပ် ပြောင်းပေးလိုက်သော ဆေးက ပိုစွမ်း သည်ဟု၊ အမှန်တော့ နာမည်သာ ကွာသည်။ ဆေးကား အတူတူပင်။ သို့သော် ဒီတစ်ခါ ပြောင်းပေးလိုက် ရခြင်းကား ကလေးအတွက် မဟုတ်။ လူကြီးများ၏ Psycho (စိတ်)ကို ကုစား လိုက်ခြင်းတည်း။ ယခုတော့ သက်သာ သွားချေပြီ။ နာရီ ကြည့်ရင်း စာရေးသူ ပြုံးမိပြီ။ မနက် လေးနာရီပင် ထိုးတော့မည် မဟုတ်ပါလော။

ဂျာနယ် မှာရန်
၀၁-၄၃၀-၈၉၇

PTC SYSTEM Since 2003 Computer Training

No.65, 1st Floor, Phone Gyi Street (Middle Block)
Lanmadaw Township, Yangon, Myanmar
09-73166418, 01-704749, 0950-51381

A+Hardware Engineering Course + (Special Practical Camp)

ဤသင်တန်းတက်ရောက်ပြီးပါက Computer တစ်လုံးကို ကိုယ်တိုင် တပ်ဆင်နိုင်မည့် အပြင် OS Installation (Windows 7, Windows XP, 2003 Sever, 2008 Sever/...), Partitioning (Disk Management, Partition Magic, From Command line, etc,..), File System Convertion, Software Installation, Driver Installation, Font Installation & Troubleshooting, System Administration, System Performance, Power Management, Computer Policies, Data Security, Registry, Data Backup & Recovery, System Backup & Recovery, Printer, Scanner, Modem Installation, Sound Practical, Scanning Virus & Updating Virus Defination, Hard Disk Cloning, Quota Management, Direct Cable Communication, Reseting Password, System Protection, Creating USB image & Installing OS by Booting with USB Flash Drive, Internent Connection Configuration & Sharing, Peer- to -Peer Network Configuration (Windows XP, Windows 7), LAN Game ချိတ်ဆက်ခြင်း၊ Wierless Network ချိတ်ဆက်ခြင်း များကိုပါ တတ်မြောက်နိုင်မည် ဖြစ်ပါသည်၊ ထို့အပြင်....

PCs Overview, MotherBoard, BIOS & CMOS Setup, CPU, DOS, Main Memory, Hard Disk Drive (PATA, SCSI, SATA,), Expansion Slots (PCI / AGP/ PCI express x16/ PCI ex, ..), DVD & CD Media, Sound &Videos, Input / Output Devices & Power Supply စသည့် အကြောင်းအရာများကိုနှံ့နှံ့စပ်စပ် တင်ကြားတတ်မြောက် နိုင်ပါမည်။

Network Engineering Course သင်တန်းချိန်ညှိနှိုင်းသင်ကြားနိုင်ပါသည်။အမြန်တန်းခွဲများလည်းရှိပါသည်။

Network နှင့် သက်ဆိုင်သော လုပ်ငန်းခွင်များတွင် ခရီးရောက်နိုင်ရန် အထောက်အကူပြုသော သင်တန်းဖြစ်ပါသည်။

ဤသင်တန်းတက်ရောက်ပြီးပါက Server Based Network Configuration, (Windows 2008 Server, 2003 Server),DHCP Sevrer, DNS Server, IP V4, IP V6, Network Administration & Security (Policies & Permissions), User Profiles, Network Printer Installation & Administration, Exchang server (2003 , 2010), ISA Server,VPN Server, Internet Connection Sharing, Dial-up Networking & RRAS Server , Performance Monitor, Remote Desktop, Quota Management, Data Backup & Recovery, Fault Tolerant RAID System, Router Configuration, Management Switch Configuration, Wireless Networking, Server Backup & Recovery (2003, 2008) Server... စသည့် Partical များစွာ...နှင့် Theory များကိုပါ တတ်မြောက်နိုင်မည် ဖြစ်ပါသည်။

Graphic Design Course

Desktop Publishing Course

Basic windows course

Advanced Excel Course

Computer For Kids Course

(နွေရာသီ ကျောင်းပိတ်ရက်သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးနေပါပြီ. . . . .)

(MARCH လမှ MAY လထိ) ဤဖြတ်ပိုင်းဖြင့် လာရောက်အပ်နှံပါကသင်တန်းအားလုံးအတွက် ၁၀% Discount ရရှိမည်ဖြစ်ပါသည်။)

# နိုင်ငံခြားသားနဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်တော့မယ်ဆိုရင်

Win-Win


Image Credit: blogs.worldbank.org

**ယခင်အပတ်မှ အဆက်**

အော်စကာ - နိုင်ငံခြားက ရင်းနှီးမြှုပ်နှံသူတွေ အနေနဲ့ နိုင်ငံခြားမတည်ငွေရင်း ပြည်တွင်းကို ဘယ်လို ယူလာရမလဲ။

ဘကြီးဖြိုး - နိုင်ငံခြားက ရင်းနှီးမြှုပ်နှံသူက ဆောင်ရွက်မယ့် စီးပွားရေး လုပ်ငန်းအတွက် နိုင်ငံတော် အတွင်းရှိ နိုင်ငံခြားငွေဖြင့် လုပ်ငန်းဆောင်ရွက်ခွင့် ရှိသည့် ဘဏ်တစ်ခုခုတွင် အဆိုပြုချက်မှာ ပါတဲ့နိုင်ငံခြားငွေကို ငွေစာရင်း ဖွင့်လှစ်ပြီး အပ်နှံထားရမယ်။

အော်စကာ - စက်ပစ္စည်း၊ စက်ကိရိယာ၊ စက်ကိရိယာ အစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ အသုံးအဆောင် တန်ဆာပလာများ အပါအဝင် လုပ်ငန်းတွင် အမှန်သုံးစွဲရန် လိုအပ်ပြီး နိုင်ငံတော်အတွင်း မရရှိနိုင်တဲ့ ပစ္စည်းတွေ လိုင်စင်၊ တီထွင်မှု ပိုင်ဆိုင်ခွင့်၊ စက်မှု ဒီဇိုင်း၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် စတဲ့ အသိဉာဏ်ဆိုင်ရာ ပစ္စည်းများကို တန်ဖိုးဖြတ်နိုင်တဲ့ အခွင့်အရေး ကျွမ်းကျင်မှု နည်းပညာရပ်တွေအတွက် လျာထားငွေတွေ အတွက်ရော။

ဘကြီးဖြိုး - အဲဒီလျာထားငွေ အတွက်တော့ မလိုပါဘူး။ အဲဒီ လျာထားငွေမှတစ်ပါး ပြည်တွင်းမှာ ရင်းနှီးမြှုပ်နှံဖို့ တင်ပြထားတဲ့ နိုင်ငံခြားငွေ အပြည့်အဝကို ဖြစ်စေ၊ နှစ်ကာလ အပိုင်းအလိုက် တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်ခြင်း ဖြစ်ရင် အဆင့်အလိုက် ရင်းနှီးသုံးစွဲရမယ့် ပမာဏကို ဖြစ်စေ၊ ဘဏ်မှာ ငွေစာရင်း ဖွင့်လှစ်အပ်နှံရမယ်။

အော်စကာ - ဒီလိုဆို နိုင်ငံခြားငွေ နှစ်အလိုက် ပမာဏ လျာထားချက်ကို ကော်မရှင်ကို ကြိုတင် တင်ပြရမှာပေါ့နော်။

ဘကြီးဖြိုး - မှန်တာပေါ့။

အော်စကာ - ဘယ်ဘဏ်မှာ စာရင်းဖွင့်ထားတယ် ဆိုတာရော။

ဘကြီးဖြိုး - ရင်းနှီးမြှုပ်နှံသူက ဘဏ်စာရင်း ဖွင့်ပြီးရင် ဖွင့်လှစ်တဲ့ ဘဏ်လိပ်စာ၊ ငွေစာရင်း အမှတ်၊ ငွေ ထုတ်ယူခွင့်ရှိသူ၊ အမည်ပါတဲ့ တင်ပြချက်ကို ဘဏ်ငွေစာရင်း ဖော်ပြချက်မိတ္တူ ပူးတွဲပြီး ဘဏ်စာရင်း ဖွင့်တဲ့နေ့ကစပြီး (၇)ရက်အတွင်း ကော်မရှင်ကို တင်ပြရမယ်။

အော်စကာ - အဲဒီငွေတွေကို ရင်းနှီးမြှုပ်နှံသူက စာရင်းလွှဲပြောင်းခွင့် ရှိလား။

ဘကြီးဖြိုး - ပြည်တွင်းမှာ နိုင်ငံခြားငွေနဲ့ ပေးချေရမယ့် ကိစ္စ၊ မိမိလုပ်ငန်းနဲ့ ပတ်သက်တဲ့ ပြည်တွင်းရှိ မိတ်ဖက် ကုမ္ပဏီကို ဖြစ်စေ၊ နိုင်ငံသားကို ဖြစ်စေ၊ နိုင်ငံသားပိုင် ကုမ္ပဏီကို ဖြစ်စေ ဘဏ်ငွေစာရင်း လွှဲပြောင်းရမယ့် ကိစ္စတွေမှာ လွှဲနိုင်ပါတယ်။

အော်စကာ - ရင်းနှီးမြှုပ်နှံသူက မိမိရဲ့ စီးပွားရေး လုပ်ငန်းနဲ့ မသက်ဆိုင်တဲ့ တခြား ကိစ္စတွေအတွက် ဘဏ်က နိုင်ငံခြားငွေကို ထုတ်သုံးလို့ မရဘူးလား။

ဘကြီးဖြိုး - မိမိလုပ်ငန်းနဲ့ မသက်ဆိုင်တဲ့ ကိစ္စတွေအတွက် ထုတ်ယူသုံးစွဲခြင်း၊ ဘဏ်ငွေစာရင်း လွှဲပြောင်းခြင်း မပြုရပါဘူး။

အော်စကာ - ရင်းနှီးမြှုပ်နှံသူက သတ်မှတ်ကာလအတွင်း မိမိဘဏ်စာရင်းကို နိုင်ငံခြားငွေ ဖြည့်တင်းရာမှာ နိုင်ငံတော် အတွင်းမှာ ရှိတဲ့ နိုင်ငံခြားသား (သို့မဟုတ်) နိုင်ငံသား တစ်ဦးဦး (သို့မဟုတ်) ၎င်းတို့ရဲ့ ပြည်တွင်းဘဏ်စာရင်းကနေ ငွေစာရင်း လွှဲပြောင်း ရယူဖြည့်တင်းနိုင်ပါသလား။

ဘကြီးဖြိုး - အဲဒီလို ဖြည့်တင်းလို့ မရပါဘူး။

အော်စကာ - ရင်းနှီးမြှုပ်နှံမှု ပမာဏ တိုးချဲ့မယ့် လုပ်ငန်းတိုးချဲ့မယ်ဆိုရင် နိုင်ငံခြားငွေ ထပ်ဖြည့်တင်းရမှာပေါ့နော်။

ဘကြီးဖြိုး - မှန်တာပေါ့။ ထပ်မံ ဖြည့်တင်း ယူဆောင်လာမယ့် နိုင်ငံခြားငွေ ဖြည့်တင်းမယ့် လျာထားချက်ကို ကော်မရှင်ကို ကြိုတင် တင်ပြရမယ်။

အော်စကာ - ရင်းနှီးမြှုပ်နှံမှု ပမာဏ လျှော့ချမယ်၊ လုပ်ငန်း လျှော့ချမယ်ဆိုရင်ရော။

ဘကြီးဖြိုး - လျှော့ချရင် မူလပေးပို့ထားတဲ့ နိုင်ငံခြားငွေ ဖြည့်တင်းမယ့် လျာထားချက်ကို ပြင်ဆင်ရေးဆွဲပြီး ကော်မရှင်ကို ပြန်တင်ပြရမယ်။

အော်စကာ - လုပ်ငန်းရှိရင် စာရင်းရှိတယ်၊ စာရင်းတွေကို ဘယ်လို စစ်မလဲ။

ဘကြီးဖြိုး - စီးပွားရေး လုပ်ငန်းတစ်ခုချင်းအတွက် ၃၆၅ရက်လျှင် တစ်ကြိမ်၊ မှတ်ပုံတင် စာရင်းစစ်ထံ လုပ်ငန်း အပ်နှံပြီး စစ်ဆေးမှု ခံယူရမယ်၊ စာရွက်စာတမ်းတွေ စာရင်းတွေကို မြန်မာဘာသာနှင့် ဖြစ်စေ၊ အင်္ဂလိပ်ဘာသာနှင့် ဖြစ်စေ တင်ပြရမယ်။

အော်စကာ - မြန်မာ၊ အင်္ဂလိပ် မဟုတ်ဘဲ တခြားဘာသာနဲ့ ဆောင်ရွက်ထားရင်ရော။

ဘကြီးဖြိုး - အခြားဘာသာနဲ့ ဆောင်ရွက်ထားရင် နိုတြီက အသိအမှတ်ပြုထားတဲ့ အင်္ဂလိပ်ဘာသာ ပြန်ဆိုချက် ပူးတွဲ တင်ပြရမယ်။

အော်စကာ - ရင်းနှီးမြှုပ်နှံသူက ဘယ်အခါမှာ နိုင်ငံခြားကို သက်ဆိုင်ရာ နိုင်ငံခြားငွေနဲ့ လွှဲပြောင်းနိုင်သလဲ။

ဘကြီးဖြိုး - (က) နိုင်ငံခြား မတည်ငွေရင်း ယူလာသူ ရသင့်တဲ့

(၁) ပြန်လည် ထုတ်ယူရန် ကော်မရှင်က ခွင့်ပြုတဲ့ နိုင်ငံခြားငွေ။ (၂) လျော်ကြေးငွေ

(ခ) ကော်မရှင်က နိုင်ငံခြား မတည်ငွေရင်း ယူလာသူကို ပြန်ထုတ်ယူရန် ခွင့်ပြုတဲ့

(၁) ရှယ်ယာလွှဲပြောင်းပြီးနောက် ရသင့်တဲ့ ရှယ်ယာငွေ

(၂) စာရင်းရှင်းလင်း ဖျက်သိမ်းပြီး ခွဲဝေရရှိငွေ။

(၃) ခွင့်ပြုမိန့် သက်တမ်းကုန်လို့ ပြန်အပ်ရင် ရသင့်တဲ့ နိုင်ငံခြားငွေ။

(၄) ရင်းနှီးမြှုပ်နှံမှု လျှော့ချတဲ့ ပမာဏနဲ့ ညီတဲ့ နိုင်ငံခြားငွေ။

(ဂ) နှစ်စဉ် အမြတ်ငွေမှ အခွန်နုတ်ပြီး ကျန်တဲ့ အသားတင် အမြတ်ငွေ။

(ဃ) နိုင်ငံခြားသား အမှုထမ်းတွေရဲ့ လစာငွေနဲ့ တရားဝင်ရငွေက အခွန်ဆောင်ပြီး မိသားစု နေထိုင်စားသောက် ကုန်ကျစရိတ်ကို နုတ်ပယ်ပြီး တရားဝင် ကျန်ရှိငွေတွေကို သက်ဆိုင်ရာ နိုင်ငံခြားငွေနဲ့ နိုင်ငံခြားကို လွှဲပြောင်းနိုင်ပါတယ်။

အော်စကာ - ရင်းနှီးမြှုပ်နှံသူ ရရှိတဲ့ ကျပ်ငွေတွေကို ဘယ်လို သုံးနိုင်လဲ။

ဘကြီးဖြိုး - ရင်းနှီးမြှုပ်နှံသူ စီးပွားလုပ်လို့ရတဲ့ ကျပ်ငွေကို နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားပိုင် စီးပွားရေး လုပ်ငန်းရဲ့ ကျပ်ငွေစာရင်းကို လွှဲပြောင်းပြီး ယင်းငွေနဲ့ ညီမျှတဲ့ နိုင်ငံခြားငွေကို နိုင်ငံတော် အတွင်းရှိ ဘဏ်တွင် ဖွင့်လှစ်ထားတဲ့ နိုင်ငံခြား ငွေစာရင်းက နိုင်ငံခြားငွေနဲ့ ပြန်လည် ငွေစာရင်း လွှဲပြောင်း ရယူခွင့် ရှိပါတယ်။

အော်စကာ - ရင်းနှီးမြှုပ်နှံသူက ရတဲ့ အမြတ်ငွေကို နိုင်ငံတော်အတွင်းမှာပဲ လုပ်ငန်းတိုးချဲ့ချင်တယ် ဆိုရင်ရော။

ဘကြီးဖြိုး - ရတဲ့ အမြတ်ငွေကို နိုင်ငံခြား ပြန်မပို့ဘဲ လုပ်ငန်းတိုးချဲ့ ရင်းနှီးမြှုပ်နှံချင်ရင် ကော်မရှင်ရဲ့ ခွင့်ပြုချက် ရယူဆောင်ရွက်နိုင်ပါတယ်။

အော်စကာ - ရင်းနှီးမြှုပ်နှံထားတဲ့ အခြေပစ္စည်း ရောင်းရင်ရော။

ဘကြီးဖြိုး - အခြေပစ္စည်း ရောင်းပြီး ရတဲ့ ကျပ်ငွေတွေကို ကော်မရှင်ရဲ့ ခွင့်ပြုချက်မရဘဲ နိုင်ငံခြားငွေအဖြစ် စာရင်းပြောင်းပြီး မိမိဘဏ် ငွေစာရင်းမှာ ထည့်လို့ မရဘူး။

အော်စကာ - ရင်းနှီးမြှုပ်နှံသူက ပြည်ပက တင်သွင်းရမယ့် နိုင်ငံခြားမတည်ငွေရင်း တစ်ခုခုကို ပြည်တွင်းမှာ ကျပ်ငွေနဲ့ ဝယ်သုံးလို့ ရပါသလား။

ဘကြီးဖြိုး - အဆိုပြုချက်မှာ ပြည်ပက တင်သွင်းရန် ဖော်ပြထားတဲ့ နိုင်ငံခြားမတည်ငွေရင်း တစ်ခုခုကို ကော်မရှင်ရဲ့ ခွင့်ပြုချက်မရဘဲ ပြည်တွင်းမှာ ကျပ်ငွေနဲ့ ဝယ်သုံးလို့ မရပါဘူး။

အော်စကာ - မိမိစီးပွားရေး လုပ်ငန်းအတွက် ပြည်ပက တင်သွင်းလာတဲ့ အခြေပစ္စည်းကို ပြည်တွင်းမှာ ရောင်းပြီး ရတဲ့ကျပ်ငွေနဲ့ ပြည်တွင်းမှာ သုံးစွဲရန် ရှိတဲ့ အသုံးစရိတ်တွေ ပေးချေနိုင်ပါသလား။

ဘကြီးဖြိုး - မပေးချေနိုင်ပါဘူး။

အော်စကာ - ရင်းနှီးမြှုပ်နှံသူက နိုင်ငံခြား ငွေရေးကြေးရေး ကိစ္စတွေ ဘယ်လို လုပ်နိုင်ပါသလဲ။

ဘကြီးဖြိုး - ရင်းနှီးမြှုပ်နှံသူက (က) သက်ဆိုင်ရာ နိုင်ငံခြားငွေဖြင့် သတ်မှတ်တဲ့ ငွေလဲလှယ်နှုန်းအတိုင်း နိုင်ငံတော်အတွင်းရှိ နိုင်ငံခြား ဘဏ်လုပ်ငန်း လုပ်ခွင့်ရှိတဲ့ ဘဏ်ကတစ်ဆင့် နိုင်ငံခြားကို ငွေလွှဲပြောင်းနိုင်ပါတယ်။ (ခ) နိုင်ငံတော် အတွင်းက ဘဏ်မှာ နိုင်ငံခြား ငွေစာရင်း၊ ကျပ်ငွေစာရင်း ဖွင့်ပြီး ဆောင်ရွက် နိုင်ပါတယ်။ (ဂ) မိမိတရားဝင် ရရှိတဲ့ ကျပ်ငွေကိုလည်း နိုင်ငံတော် အတွင်းရှိ ဘဏ်မှာ နိုင်ငံခြားငွေကို လဲခွင့်ရှိပါတယ်။

အော်စကာ - ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းမှာ အမှုထမ်းတဲ့ နိုင်ငံခြားသားတွေကရော နိုင်ငံတော်အတွင်းက နိုင်ငံခြား ဘဏ် လုပ်ငန်း လုပ်ခွင့်ရှိတဲ့ ဘဏ်မှာ ငွေစာရင်း ဖွင့်နိုင်ပါသလား။

ဘကြီးဖြိုး - နိုင်ငံခြားငွေ အမျိုးအစားနဲ့ နိုင်ငံခြားငွေစာရင်းကို လည်းကောင်း၊ ကျပ်ငွေ စာရင်းကို လည်းကောင်း ဖွင့်လှစ် နိုင်ပါတယ်။

အော်စကာ - ရင်းနှီးမြှုပ်နှံသူက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေပါ ပြဋ္ဌာန်းချက်ကို လိုက်နာခြင်း မရှိကြောင်း၊ မရိုးမဖြောင့်သော သဘောနှင့် အဆိုပြုချက်ပါ အချက်အလက်များကို မမှန်မကန် တင်ပြပြီး ခွင့်ပြုမိန့် ရယူခဲ့ကြောင်း ကော်မရှင်က ထုတ်ပြန်တဲ့ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ စည်းကမ်းချက်တွေကို ဖောက်ဖျက် ကြောင်းတွေ့ရှိရင် ဘယ်လိုလုပ်မလဲ။

ဘကြီးဖြိုး - ကော်မရှင်က စုံစမ်း စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အော်စကာ - ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှင့် စပ်လျဉ်းပြီး ရင်းနှီးမြှုပ်နှံသူနဲ့ ပုဂ္ဂလိက (သို့မဟုတ်) အစိုးရဌာနအကြား အငြင်းပွားမှု ပေါ်လာရင် ဘယ်လို ဖြေရှင်းမလဲ။

ဘကြီးဖြိုး - အငြင်းပွားမှုတွေကို ချစ်ကြည် ရင်းနှီးစွာ ဖြေရှင်း ဆောင်ရွက် ရမှာပေါ့။ အဲဒီလို ဖြေရှင်းလို့ မပြေလည်ရင် (က) သက်ဆိုင်ရာ စာချုပ်မှာ အငြင်းပွားမှု ဖြေရှင်းနည်း သတ်မှတ်ထားခြင်း မရှိရင် နိုင်ငံတော်ရဲ့ တည်ဆဲ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမယ်။ (ခ) သက်ဆိုင်ရာ စာချုပ်မှာ အငြင်းပွားမှု ဖြေရှင်းနည်း သတ်မှတ်ထားရင် ယင်း သတ်မှတ်ထားတဲ့ ဖြေရှင်းနည်းအတိုင်း လိုက်နာ ဆောင်ရွက်ရမယ်။

အော်စကာ - ရင်းနှီးမြှုပ်နှံသူက ကော်မရှင်နဲ့ အစိုးရ ဌာနတွေကို တင်ပြတဲ့ အဆိုပြုချက် စာရင်းဇယား၊ စာချုပ်စာတမ်း၊ အထောက်အထား၊ ငွေရေးကြေးရေး၊ အလုပ်သမား ခန့်ထားရေးဆိုင်ရာ အထောက်အထား စသည်တို့မှာ တမင် မမှန်မကန် ဖော်ပြကြောင်း (သို့မဟုတ်) ထိမ်ချန်ကြောင်း တွေ့ရင် ဘယ်လို အရေး ယူမလဲ။

ဘကြီးဖြိုး - အဲဒီလို တမင် မမှန်မကန် ဖော်ပြမယ်၊ ထိန်ချန်မယ်ဆိုရင် ခိုင်လုံတဲ့ သက်သေခံ အထောက်အထား တွေ့ရှိပါက ရာဇဝတ်မှု ဖြစ်တဲ့အတွက် ရာဇဝတ်ကြောင်း အရ အရေးယူခြင်း ခံရမှာ ဖြစ်ပါတယ်။

အော်စကာ - ယခင်ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဖွဲ့စည်းတဲ့ ကော်မရှင်ရဲ့ ခွင့်ပြုမိန့်နဲ့ လုပ်ကိုင်နေတဲ့သူဟာ အဲဒီ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တွေ သက်ဆိုင်ရာ သဘောတူ စာချုပ်ပါ စည်းကမ်းချက်တွေနဲ့အညီ ဆက်လက် လုပ်ကိုင် အကျိုးခံစားလျက်ရှိရာမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက် လုပ်ကိုင် အကျိုး ခံစားချင်ရင် ဘယ်လိုလုပ် ရမလဲ။

ဘကြီးဖြိုး - အဲဒီလို ဆက်လက် လုပ်ကိုင် အကျိုးခံစားခွင့် ရရှိရေး အတွက် ကော်မရှင်ကို တင်ပြ လျှောက်လဲ ထားရမယ်။

အော်စကာ - အကျိုးအမြတ် ရယူခြင်း မပြုသော စီးပွားရေး လုပ်ငန်းအဖြစ် ဆောင်ရွက်ခြင်း မဟုတ်သော ကုန် ထုတ်လုပ်မှု ဝန်ဆောင်မှု လုပ်ငန်း များမှာ ဆောင်ရွက်တဲ့ ရင်းနှီး မြှုပ်နှံမှု တွေရော ဒီနည်း ဥပဒေတွေကို လိုက်နာ ရမလား။

ဘကြီးဖြိုး - အကျိုးအမြတ် မယူဘူး၊ စီးပွားရေးလုပ်ငန်း မဟုတ်ဘူးဆိုရင် ဒီနည်း ဥပဒေတွေနဲ့ အကျုံးဝင် သက်ဆိုင်ခြင်း မရှိပါဘူး။

အော်စကာ - ကုန်သွယ်မှု သက်သက်သာသာ ဆောင်ရွက်တဲ့ လုပ်ငန်းတွေကရော ဒီနည်းဥပဒေတွေနဲ့ သက်ဆိုင်ပါသလား။

ဘကြီးဖြိုး - ဒီနည်းဥပဒေတွေနဲ့ အကျုံးဝင် သက်ဆိုင်ခြင်း မရှိပါဘူး။

အော်စကာ - ခွင့်ပြုမိန့် ထုတ်ပေး နိုင်ရေးအတွက် ကော်မရှင်ရုံးက ဆောင်ရွက်တဲ့ လုပ်ငန်းကိစ္စအတွက် အခကြေးငွေ ပေးရမလား။

ဘကြီးဖြိုး - ကမကထပြုသူရဲ့ အဆိုပြုလွှာ တင်ပြမှုအပေါ် ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရေးအတွက် ကော်မရှင်ရုံးက ဆောင်ရွက်ရတဲ့ လုပ်ငန်း ကိစ္စ အရပ်ရပ်အတွက် ကမကထ ပြုသူထံမှ အခကြေးငွေ ရယူနိုင်ရေး အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ကောက်ခံနိုင်ပါတယ်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 11
MYANMAR ICT JOURNAL

# နိုင်ငံတကာ အဆင့်မီ ဝက်ဘ်ဆိုက် ရေးသားနည်းဆိုင်ရာ သင်တန်း ဖွင့်လှစ်မည်

TZO



www.webcoursesbangkok.com

အိုင်တီ နည်းပညာများ ဖွံ့ဖြိုး တိုးတက်လာသည်နှင့်အညီ Websiteများ၏ အခန်းကဏ္ဍမှာလည်း လွန်စွာ အရေးပါလာသဖြင့် ခေတ်မီဆန်းသစ်သော Websiteများအား စနစ်တကျ ရေးဆွဲတတ်စေရန် ရည်ရွယ်ပြီး Website ရေးဆွဲနည်း သင်တန်းကို Myanmar WWW Institute (M3WI) မှ ထပ်မံ ဖွင့်လှစ်သွားမည် ဖြစ်သည်။ ယင်းသင်တန်းတွင် Website တစ်ခုအား ဖန်တီးပုံကို အခြေခံမှစပြီး ကျွမ်းကျင်အဆင့်အထိ ရောက်အောင် သင်ကြားပေးမည် ဖြစ်သည်။ အဆိုပါ သင်တန်းတွင် အင်တာနက်ပေါ်၌ မိမိ သိရှိလိုသည့် အကြောင်းအရာများအား မည်ကဲ့သို့ ရှာဖွေရမည်၊ မည်ကဲ့သို့ အသုံးပြုရမည်ကို သိရှိစေရန်အတွက် Introduction to Internet & WWW, Web Pageများ ရေးသားရန် အတွက် မရှိမဖြစ် အရေးပါဆုံးဖြစ်သော HTML Web Pageများအား ပိုမို စနစ်ကျ လှပအောင် ပြုလုပ်နိုင်သော CSS, User ထည့်သွင်းထားသော Dataများကို စစ်ဆေးရန်အတွက် JavaScript Web Pageများ ရေးသားရာတွင် ပါဝင်မည့် အချက်များနှင့် လိုက်နာရမည့် အချက်များအား သင်ကြားပေးမည့် Web Design စသည့် ဘာသာရပ်များအား သင်ယူရမည် ဖြစ်သည်။

ထို့ပြင် Web Pageများကို အလွယ်တကူ ဖန်တီးနိုင်ရန်အတွက် Dreamweaver, Animationများ ပြုလုပ်နိုင်ရန်အတွက် Adobe Photoshop & Flash ၊ လူအများ သိရှိစေရန်အတွက် မည်ကဲ့သို့ Marketing ပြုလုပ်ရမည်ကို သိရှိနိုင်စေရန် eMarketing ၊ အင်တာနက်ပေါ်တွင် Data Interchange ပြုလုပ်ရန်အတွက် XML ၊ ကွန်ပျူတာများ Network ချိတ်ဆက်ရာတွင် လိုအပ်သော Protocol တစ်ခုဖြစ်သည့် TCP/IP စသည့် ဘာသာရပ်များလည်း ပါဝင်မည် ဖြစ်သည်။ ထို့အပြင် သင်တန်းသားများအား Assignmentများ၊ Projectများကို ကိုယ်တိုင် ပြုလုပ်စေခြင်းဖြင့် ပိုမို တတ်ကျွမ်း နားလည်စေမည် ဖြစ်သည်။ ထို့ကြောင့် လက်တွေ့ လုပ်ငန်းခွင်တွင် အမှန်တကယ် အကျိုး သက်ရောက် ဖြစ်ထွန်းစေမည် ဖြစ်သည်။ ၎င်းသင်တန်းအား ကွန်ပျူတာကို ကောင်းစွာ အသုံးပြုတတ်သူမည်သူမဆို တက်ရောက်နိုင်မည် ဖြစ်သည်။ သင်တန်း ကာလမှာ (၃)လခန့် ကြာမြင့်မည် ဖြစ်ပြီး သင်တန်းချိန်များမှာ (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) နံနက် ၉း၁၅ မှ ၁၂း၁၅ နာရီအထိ ဖြစ်သည်။

သင်တန်းသားဦးရေ ကန့်သတ်ထားသဖြင့် တက်ရောက်လိုသူများ အနေဖြင့် ကြိုတင် စာရင်းပေးသွင်း ကြရမည် ဖြစ်သည်။ အဆိုပါ သင်တန်းများကို Myanmar WWW Institute (M3WI) သင်တန်း တည်ရှိရာ အဆောင် (၅)၊ အခန်း (၄)၊ မြန်မာအင်ဖိုတက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ ၊ ရန်ကုန်မြို့။ (ဖုန်း) ဝ၁-၆၅၂-၂၈၈ ၊ ဝ၁-၅၂၁-၁၂၅ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

# Study Group International Study Centerမှ တာဝန်ရှိသူများ Regentတွင် Scholarship အစီအစဉ်များကို တစ်ဦးချင်း ဆွေးနွေးပေးမည်


Image Credit: www.cob.niu.edu

Study Group International Study Centerသည် ကမ္ဘာတစ်ဝန်းမှ နိုင်ငံအများစုတွင်ရှိသော တက္ကသိုလ်များ၊ ကောလိပ်များတွင် နိုင်ငံတကာမှ ကျောင်းသူ၊ ကျောင်းသားများ ပညာ ဆည်းပူးနိုင်ရန် လိုအပ်သော အရည်အချင်းများကို ဖြည့်ဆည်းပေးသော ပညာရေး အဖွဲ့အစည်းကြီး တစ်ခု ဖြစ်ပါသည်။

Study Group International Study Centerသည် UK နိုင်ငံတွင် Lancaster University, University of Leicester, Royal Holloway University of London, University of Surrey, University of Sussex, Keele University, Kingston University London, Leeds Metropolitan University, University of Huddersfield, University of Lincoln, Liverpool John Moores University, Cardiff University, Swansea University, University of Wales, Newport, Heriot-Watt University, University of Stirling စသည့် တက္ကသိုလ်များနှင့် Bellerbys College Cambridge, Bellerbys College Oxford, Bellerbys College London, Bellerbys College Brighton စသည့် Collegeများတွင် တက္ကသိုလ်အကြို International Foundation Programများ၊ တက္ကသိုလ်၏ ပထမနှစ်နှင့် တူညီသည့် International Year 1 Diploma Programများ၊ GCE A-Levelများနှင့် ဘွဲ့လွန် တက်ရောက်မည့် သူများအတွက် Pre-Masters Programများမှ တစ်ဆင့် အဆင့်မြင့် ထိပ်တန်း တက္ကသိုလ်များသို့ တက်ရောက်နိုင်ရန် ပေါင်းကူးသဖွယ် စီစဉ်ပေးခြင်း ဖြစ်သည်။

၂၀၁၃ခုနှစ်၊ မတ်လ (၂၁)ရက်နေ့၊ နံနက် (၁၀)နာရီတွင် Study Group International Study Centerမှ Assistant Recruitment Manager, Ms. Kelly Hsiehနှင့် တာဝန်ရှိသူများ Study Group International Study Center၏ ဝင်ခွင့် သတ်မှတ်ချက်များ၊ Scholarship အစီအစဉ်များနှင့် ပတ်သက်၍ တစ်ဦးချင်း အသေးစိတ် ဆွေးနွေး အကြံပေးမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ဆွေးနွေးလိုသူများ မိမိ၏ ပညာရေးဆိုင်ရာ စာရွက်စာတမ်းများ (မူရင်း၊ မိတ္တူ) နှင့်တကွ လာရောက် ဆွေးနွေးနိုင်မည်ဖြစ်သည်။ လူဦးရေ ကန့်သတ်ချက် ရှိသောကြောင့် ဆွေးနွေးလိုသူများ Regent Consultancy Service Co.,Ltd, အမှတ် ဘီ (၁၃+၂၃)၊ ရွှေကိန္နရီ အဆင့်မြင့်အိမ်ယာ၊ နာနတ်တောလမ်း (ရွှေကောင်း ဟော့ပေါ့အရှေ့)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း(ဝ၁-၅ဝဝ-ဝ၅၄၊ ဝ၉-၅ဝ၁-၉၈၇-ဝ၊ ဝ၉-၇၃၂-ဝ၅၃-၃၃)သို့ ဆက်သွယ် စုံစမ်း ကြိုတင် စာရင်းပေးသွင်းနိုင်မည် ဖြစ်ပါသည်။

# Kaplan Higher Education Academy၏ Scholarshipကို StudyAbroad Information Centerမှ တစ်ဆင့် လျှောက်ထားခွင့် ရရှိနိုင်


Image Credit: www.educationnews.com

KAPLAN HIGHER EDUCATION ACADEMY၏ Scholarshipကို STUDY ABROAD INFORMATION CENTERမှတစ်ဆင့် လျှောက်ထားခွင့် ရရှိနိုင်ပြီ ဖြစ်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။ KAPLANတွင် Diplomaတန်း တက်ရောက်ပြီး Bachelor Degree၊ Masterတက်ရောက်မည့် ကျောင်းသူ၊ ကျောင်းသားများ အဆိုပါ Scholarshipကို လျှောက်ထားနိုင်ပါသည်။ KAPLANသည် အလုပ်အကိုင် အခွင့်အလမ်း ရရှိမှု အကောင်းဆုံး ကျောင်းများတွင် တစ်ခု အပါအဝင် ဖြစ်ပါသည်။ KAPLAN၏ Partner Universityများအဖြစ် UKတွင် Royal Holloway University, Northumbria University, University of Portsmouth၊ Australiaတွင် Murdoch University၊ Irelandတွင် University of College Dublinတို့နှင့် ချိတ်ဆက်ထားပါသည်။ ထို့ကြောင့် Kaplanတွင် တက်ရောက်သော ကျောင်းသား၊ ကျောင်းသူများသည် စင်ကာပူနိုင်ငံတွင် ပညာသင်ကြားရုံဖြင့် UK, Australia, Irelandတို့မှ ချီးမြှင့်သော ဘွဲ့လက်မှတ်များကို ရယူနိုင်မည် ဖြစ်ပါသည်။

KAPLAN HIGHER EDUCATION ACADEMYတွင် Accounting & Finance, Business & Management, Communication & Media, Hospitality & Tourism Management, Humanities & Social Sciences၊ Information Technology အစရှိသည့် ဘာသာရပ် အမျိုးအစား စုံလင်စွာ ရွေးချယ် တက်ရောက်နိုင်မည် ဖြစ်ပြီး ပညာသင်ဆု လျှောက်ထားနိုင်ပါသည်။ KAPLANတွင် ပညာသင်ကြားလိုသူများသည် GCE "O" Level (သို့) IELTS 5.5 ရရှိရန် လိုအပ်ပါသည်။ KAPLAN၏ English Placement Testကို ဖြေဆိုသူများသည် IELTS (သို့) TOEFL ရရှိရန် မလိုအပ်ဘဲ KAPLANသို့ တိုက်ရိုက် တက်ရောက်နိုင်မည် ဖြစ်ပါသည်။ KAPLAN၏ English Placement Testကို STUDY ABROAD INFORMATION CENTERတွင် ဖြေဆိုနိုင်ပြီ ဖြစ်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။ အသေးစိတ် သိရှိလိုပါက STUDY ABROAD INFORMATION CENTERတိုက်(အေ)၊ (၁၁)လွှာ၊ အခန်းအမှတ် (၁၁ဝ၃)၊ ဒိုင်းမွန်းကွန်ဒို၊ (မေတ္တာဦး ဆေးခန်းအနီး)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ဝ၉-၅၁၅-၁ဝ၈၊ ဝ၉-၇၃၂-၂၄၂-၄ဝ၄သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပြီ ဖြစ်ပါသည်။

# InnoLABမှ အဆင့်မီ ကွန်ပျူတာ ပရိုဂရမ်းမင်း ပညာရပ်ကို လေ့လာသော သင်တန်းသူ၊ သင်တန်းသားများ တက်ရောက် သင်ကြားနိုင်ပြီ

TZO


Image Credit: www2.kspu.kr.ua

InnoLABမှ နိုင်ငံတကာ တက္ကသိုလ်များတွင် ပညာဆက်လက်ဆည်းပူးလိုသူများ၊ အင်္ဂလိပ်စာ အဆင့်အတန်းကို မြှင့်တင်လိုသူများနှင့် ကွန်ပျူတာ ပရိုဂရမ်းမင်းကို နိုင်ငံတကာ အဆင့်မီ လေ့လာချင်သူများအတွက် သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးနေပြီဖြစ်ကြောင်း သိရသည်။ ကနဦးအနေဖြင့် Pre-Intermediate English သင်တန်း၊ IELTS Foundation သင်တန်း၊ IELTS Advanced သင်တန်းနှင့် Java Foundation သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေပြီး Buisiness Englishနှင့် အခြား ပရိုဂရမ်းမင်း သင်တန်းများကိုပါ ဖွင့်လှစ် သင်ကြားပေးမည်ဟု သိရသည်။ အင်္ဂလိပ်စာ သင်တန်းများကို နိုင်ငံတကာ စာမေးပွဲများဖြစ်သော IELTS စာမေးပွဲကို Band 8 ဖြင့် ဖြေဆိုအောင်မြင်ခဲ့ပြီး၊ TOEFLနှင့် GMATတွင် ရမှတ် 660နှင့် 760 ရရှိထားသော ပြည်တွင်းပြည်ပ စာသင်အတွေ့အကြုံရှိ ဆရာဆန္ဒအောင်က ဦးစီး သင်ကြားပေးလျက်ရှိပြီး အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်ပြီး စာအသင်အပြကောင်းသော ဆရာဆရာမများကိုသာ ရွေးချယ်သင်ကြားကြောင်း သိရသည်။ သင်တန်းများကို ဘာသာစကား ကျွမ်းကျင်မှုအတွက်သာ မကဘဲ လေ့လာ သင်ယူနိုင်စွမ်းနှင့် ဘာသာစကား သုံးစွဲရာတွင် ယုံကြည်မှု တိုးတက်စေရန်ပါ သင်ကြားပေးလျက်ရှိသည်ဟု ဆိုသည်။ နိုင်ငံတကာ အဆင့်မီ စာသင်နည်းများကို မြန်မာစာသင်သားများနှင့် ကိုက်ညီအောင် ကျင့်သုံးသင်ကြားပြီး သင်ကြားမှု ထိရောက်စေရန် တစ်တန်းလျှင် ကျောင်းသား (၁၀)ဦးသာ လက်ခံသင်ကြားပေးနေကြောင်း သိရသည်။ သင်ကြားရေးအား ပိုမို ထိရောက်စေရန် စာရွက်စာတမ်းများ Audio များဖြင့်သာမက ရုပ်သံသင်ခန်းစာများဖြင့်ပါ အားဖြည့်သင်ကြားလျက်ရှိကြောင်း သိရသည်။ IELTS သင်တန်းများအတွက် စာမေးပွဲ ဖြေဆိုရာတွင် အထောက်အကူဖြစ်သော စာဖြေနည်းများကို လက်တွေ့ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ Java Foundation သင်တန်းကို မြန်မာဘာသာဖြင့် Java စာအုပ်များကို ရေးသားခဲ့သော ဆရာဆန္ဒအောင် ကိုယ်တိုင် ပြည်တွင်းပြည်ပ လက်တွေ့ လုပ်ငန်းခွင် အတွေ့အကြုံနှင့် စာသင် အတွေ့အကြုံများအပေါ် အခြေခံ၍ သင်ကြား ပေးလျက်ရှိကြောင်း သိရသည်။ သင်တန်းပြီးဆုံးချိန်တွင် လက်တွေ့ တတ်မြောက်စေရန် သီအိုရီနှင့် လက်တွေ့ ရေးသားခြင်းကို တိုက်ရိုက် ပေါင်းစပ်၍ သင်ကြားပေးနေပြီး စဉ်းစားတွေးခေါ်နည်းများကို အားပေးသော နည်းစနစ်များကို အသုံးပြုသွားမည်ဟု သိရသည်။ အသေးစိတ် သိရှိလိုပါက InnoLAB အမှတ် ၈၆၊ ၄ လွှာ၊ လမ်း- ၃၀ (အောက်ဘလောက်)၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၈၈-၄၂၇ နှင့် ၀၉-၄၂၀-၀၈၅-၅၄၄သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။

# Partner Universityဖြစ်သော University at Buffaloတွင် ပညာသင်ကြားမည့် ကျောင်းသား/သူများ STUDY ABROADမှ တစ်ဆင့် လျှောက်ထားနိုင်ပြီ


Image Credit: www.nortoncreative.com

SIM၏ Partner University ဖြစ်သော University at Buffalo, The State University of New Yorkတွင် တက်ရောက် ပညာသင်ကြားမည့် ကျောင်းသူ၊ ကျောင်းသားများ June Intakeအတွက် STUDY ABROADမှ ကျောင်းလျှောက်ထားနိုင်ပြီ ဖြစ်ကြောင်း သတင်းကောင်း ပါးအပ်ပါသည်။ University at Buffaloသည် University of New York Systemတွင် 64 Campus ရှိသော ကြီးမားသည့် University တစ်ခု ဖြစ်ပါသည်။ University at Buffaloတွင် လက်ရှိသင်ကြားနေသည့် Program (300)ကျော် ရှိပြီး ကျောင်းသူ၊ ကျောင်းသား (28,000)ခန့် တက်ရောက် ပညာသင်ကြားလျက်ရှိပါသည်။ US News and World Report စစ်တမ်းများအရ University at Buffaloသည် US၏ ထိပ်တန်းကျောင်း (120)တွင် တစ်ခုအပါအဝင် ဖြစ်ပါသည်။ စင်ကာပူနိုင်ငံ၏ SIM Global Educationနှင့် University at Buffaloတို့ ပူးပေါင်း စီစဉ်သော SIM-UB Programသည် စနစ်တကျ တိကျသော သင်ကြားရေး Program တစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် SIM-UB Programတွင် ပညာသင်ကြားသော ကျောင်းသူ၊ ကျောင်းသားများသည် အရည်အသွေး စံမီပြည့်ဝသော ပညာရေးကို သင်ကြားခွင့် ရရှိနိုင်ပါသည်။

University at Buffaloတွင် Communication, Economics, International Trade, Psychology, Sociology အစရှိသည့် ဘာသာရပ်များကို Single Major အဖြစ်လည်းကောင်း၊ Double Majorများ အဖြစ်လည်း တက်ရောက်နိုင်ပြီး Bachelor Degreeများကို ရယူနိုင်ပါသည်။ ထို့ပြင် အားသာချက် တစ်ခုအနေနှင့် Double Degreeလည်း ရယူနိုင်မည် ဖြစ်ပါသည်။

ကျောင်းလျှောက်လိုသည့် ကျောင်းသူ၊ ကျောင်းသားများ အနေနှင့် အသေးစိတ် သိရှိလိုသည်များ ရှိပါက STUDY ABROAD INFORMATION CENTER တိုက် (အေ)၊ (၁၁)လွှာ၊ အခန်းအမှတ် (၁၁၀၃)၊ ဒိုင်းမွန်းကွန်ဒို၊ (မေတ္တာဦး ဆေးခန်းအနီး)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၅၁၅-၁၀၈၊ ၀၉-၇၃၂-၄၂၄-၀၄သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပြီ ဖြစ်ပါသည်။

# University of Massachusetts (Boston, Lowell, Dartmouth)တို့သို့ တက်ရောက်နိုင်မည့် Navitas (USA)၏ ဆွေးနွေးပွဲအား AT & Sမှ ကျင်းပမည်

ကမ္ဘာ့အဆင့် သတ်မှတ်ချက် (၅၆)ရှိသည့် အမေရိကန် ထိပ်တန်း University of Massachusetts (Boston, Lowell, Dartmouth)တို့၏ ဒုတိယနှစ်သို့ တိုက်ရိုက် တက်ရောက်ခွင့် ရစေမည့် Navitas၏ ပညာရေး ဆွေးနွေးပွဲကို (၂၃.၃.၂၀၁၃) စနေနေ့၊ နေ့လည် (၁)နာရီမှ (၃)နာရီအထိ၊ ကုန်သည်ကြီးများ ဟိုတယ်၊ ပင်းယခန်းမတွင် ကျင်းပပြုလုပ်မယ်လို့ သိရပါတယ်။ အဆိုပါ ပညာရေး ဆွေးနွေးပွဲတွင် Navitas Pathway ဖြစ်တဲ့ University Pathway Program (UPP) အကြောင်းနဲ့ ကျောင်းဝင်ခွင့် လိုအပ်ချက်တွေ၊ အခြား သိမှတ် ဖွယ်ရာတွေကို ပညာရေးဆိုင်ရာ အရာရှိတစ်ဦးဖြစ်တဲ့ Mr.Domanicမှ အသေးစိတ် ဆွေးနွေးပေးမှာမို့ မိမိ ရှေ့ဆက်မယ့် ပညာရေးအတွက် အမေရိကန်နိုင်ငံကို ရွေးချယ်ထားတယ်ဆိုရင် မဖြစ်မနေ တက်ရောက်သင့်တဲ့ ဆွေးနွေးပွဲပဲ ဖြစ်ပါတယ်။ University of Massachusetts တစ်ခုလုံးက ကမ္ဘာ့အဆင့် သတ်မှတ်ချက် (၅၆)မှာ ရပ်တည်နေသလို သူ့ရဲ့ အစိတ်အပိုင်း တက္ကသိုလ်ကြီးတွေဖြစ်တဲ့ UMass Lowell, UMass Dartmouth, UMass Bostonတွေကလည်း အမေရိကန်နိုင်ငံ Tier 1 အဆင့်ဝင် ထိပ်တန်း တက္ကသိုလ်ကြီးတွေ ဖြစ်ပါတယ်။ ပညာရေးဆိုင်ရာ သုတေသန လုပ်ငန်းစဉ်တွေ အပါအဝင် အခြား သုတေသန လုပ်ငန်းစဉ်တွေမှာပါ ကမ္ဘာမှာ နာမည်ကျော်ကြားတဲ့ တက္ကသိုလ်ကြီးတွေ ဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ Navitasရဲ့ UPPတန်းတွေ အောင်မြင်ပြီး ဆိုရင်တော့ UMass Lowellရဲ့ College of Engineering, College of Fine Arts, Humanities and Social Sciences, College of Management, College of Sciences, Graduate School of Education, School of Health and Environmentစတဲ့ ပညာရေးဌာနများမှ ဘာသာရပ်များ၊ UMass Dartmouthရဲ့ Charlton College of Business, College of Engineering, College of Arts and Sciencesစတဲ့ ပညာရေးဌာနများမှ ဘာသာရပ်များ၊ UMass Bostonရဲ့ College of Liberal Arts, College of Management, College of Sciences and Mathematicsစတဲ့ ပညာရေးဌာနများမှ ဘာသာရပ် အမျိုးမျိုးတို့ကို ရွေးချယ်ကာ ဒုတိယနှစ်သို့ တိုက်ရိုက် တက်ရောက်နိုင်မယ်လို့ လေ့လာသိရှိရပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှ ဘွဲ့ရရှိပြီးသူများ အတွက်လည်း Navitasရဲ့ Pre-Masterမှတဆင့် အထက်ပါ တက္ကသိုလ်ကြီးတွေရဲ့ မဟာဘွဲ့ဒီဂရီတန်းတွေကို ဆက်လက် တက်ရောက်နိုင်မယ်လို့ သိရပါတယ်။ အထက်ပါ တက္ကသိုလ်ကြီးတွေနှင့် ချိတ်ဆက်ထားတဲ့ Navitasရဲ့ ပညာရေး လမ်းကြောင်းတွေဖြစ်တဲ့ UPPတန်းတွေကို တက်ရောက်ကြမယ်ဆိုရင် SATရလဒ် မလိုအပ်ကြောင်း သိရပြီး၊ Pre-Masterမှတဆင့် Master တက်မယ်ဆိုရင်လည်း GRE/ GMAT တင်ပြစရာ မလိုဘူးလို့ သိရပါတယ်။ ဒါ့အပြင် ၎င်းနဲ့ ချိတ်ဆက်ထားတဲ့ တက္ကသိုလ်ကြီးတွေဟာ သက်ဆိုင်ရာ နိုင်ငံအလိုက် အဖွဲ့အစည်းများ၏ ပညာရေးဆိုင်ရာ အသိအမှတ်ပြုမှုတွေ ရရှိထားတဲ့ ကျောင်းတွေ ဖြစ်တာကြောင့် နိုင်ငံတကာ ကျောင်းသား၊ ကျောင်းသူတွေအတွက် ခိုင်မာမှု ရှိပြီး အလုပ်အကိုင် အခွင့်အလမ်းကောင်းတွေ ရရှိနိုင်ကြမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှ အခြေခံပညာ အထက်တန်း အောင်မြင်ပြီးသူများ IGCSE အောင်မြင်ပြီးသူများ၊ နိုင်ငံတကာ ကျောင်းများမှ (၁၂)တန်း ပြီးဆုံးထားသူတွေနှင့် ဘွဲ့ဒီဂရီ ရရှိပြီးသူတွေအနေနဲ့ Navitas ပညာရေး ဆွေးနွေးပွဲကို တက်ရောက်သင့်ပြီး အသေးစိတ် စုံစမ်း မေးမြန်းလိုရင်တော့ ဖုန်း - ၀၁-၆၅၂-၂၈၈၊ ၀၁-၅၂၁-၁၂၅၊ ၀၁-၂၅၁-၃၃၂၊ ၀၉-၅၁၂-၄၇၆၁တို့ကို ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရပါသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 11
MYANMAR ICT JOURNAL

# အာရှဒေသရှိ အင်ဂျင်နီယာ ဘာသာရပ် စိတ်ဝင်စားသော ကျောင်းသားများ အတွက် ပညာသင်ဆု ပေးအပ်မည်




ဩစတြေးလျနိုင်ငံတွင် ထင်ရှားသော တက္ကသိုလ် တစ်ခုအဖြစ် အသိအမှတ် ပြုခံထားသော University of Newcastle နှင့် စင်ကာပူနိုင်ငံတွင် ဦးဆောင်ဦးရွက် ပြုနေသော ပုဂ္ဂလိက ကျောင်းဖြစ်သော PSB Academyတို့ ပူးပေါင်း၍ စင်ကာပူ ဒေါ်လာ 16,000တန်ဖိုး ရှိသော ပညာသင်ဆုကို PSB Academyတွင် တက်ရောက်နိုင်သော University of Newcastle Engineering ဘာသာရပ် အတွက် ပေးအပ်သွားမှာ ဖြစ်ကြောင်း 22.2.2013 သောကြာနေ့တွင် ထုတ်ပြန်ထားသည်။

## ရည်ရွယ်ချက်

အရှေ့တောင်အာရှမှ ထူးချွန် ထက်မြက်သော အရည်အသွေး ပြည့်မီ ပညာရှင် လူငယ်များကို Engineers Australia (EA) Professional Body for Engineer in Australia and Worldwide တရားဝင် အသိအမှတ် ပြုခြင်း ခံရသော UON၏ နိုင်ငံတကာ စံချိန်စံညွှန်းမီ Engineer ဘွဲ့ဒီဂရီကို တက်ရောက်နိုင်စေရန်နှင့် နိုင်ငံ အသီးသီးနှင့် ဒေသအသီးသီးတို့၏ အနာဂတ်များ ဖွံ့ဖြိုးတိုးတက်ရန် ကျွမ်းကျင်စွာ လုပ်ဆောင်မည့် ကျွမ်းကျင် အင်ဂျင်နီယာများ ပေါ်ထွက် လာစေရန် ရည်ရွယ်သည်။

## PSB Academy Profile

PSB Academyသည် ကျောင်းသားများ တစ်ဦးချင်း၏ လိုအပ်ချက်များကို ပြည့်စုံ ကြွယ်ဝဖို့ အဆင့်မြင့် ပညာရေးနှင့် လေ့ကျင့်သင်ကြားရေးကို ထောက်ပံ့ ပေးရာတွင် နှစ်ငါးဆယ်နီးပါး အတွေ့အကြုံ ရှိခဲ့သော စင်ကာပူနိုင်ငံ၏ အကြီးဆုံးနှင့် သိပ္ပံနှင့် နည်းပညာနယ်ပယ်တွင် ဦးဆောင်ဦးရွက် ပြုနေသော ပုဂ္ဂလိက ကျောင်းဖြစ်သည်။ ယခင်က PSB Academyသည် Singapore အစိုးရ အဖွဲ့ဝင်တစ်ခု ဖြစ်ခဲ့ပြီး Productivity and Standards Boardအဖြစ် စင်ကာပူနိုင်ငံ၏ လုပ်သားထု အင်အားကြားမှာ ထုတ်လုပ်မှုများ တိုးတက်လာစေရန် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင် လုပ်ဆောင်ခဲ့သည်။ ယခုအခါ PSB Academyသည် စင်ကာပူမှာ ရှိသော ဒေသခံနှင့် နိုင်ငံတကာ ကျောင်းသားဦးရေ တစ်သောင်းနီးပါးအတွက် အင်္ဂလိပ်စာ ဘာသာစကား သင်ကြားရေး ဆိုင်ရာ ဘာသာရပ် အပါအဝင် Business & Communication, Finance and Accounting, Engineering and Technology Life & Physical Sciencesများအတွက် Certificateတန်း စပြီး Diploma, Undergraduate Degrees, Postgraduateတန်းများအထိ Programပေါင်း ၅၇ခုကို အချိန်ပြည့်နှင့် အချိန်ပိုင်း သင်ကြားပေးလျက် ရှိသည်။ စင်ကာပူနိုင်ငံမှာလည်း Del မြို့တွင် ပြီးပြည့်စုံသော Campus ရှိပြီး တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ များမှာလည်း Academic Collaboration များဖြင့် ပူးပေါင်း ရပ်တည်လျက် ရှိသည်။

PSB Academy၏ ဘွဲ့ဒီဂရီ ဘာသာရပ် များသည် ဩစတြေးလျနိုင်ငံနှင့် အင်္ဂလန် နိုင်ငံတို့မှ ထင်ရှားကျော်ကြားသော ကမ္ဘာ့ ထိပ်တန်းဝင် တက္ကသိုလ်များဖြင့် ကောင်းမွန်စွာ တည်ထောင်ထားသော တက္ကသိုလ်ကျောင်း ဖြစ်သည်။

## ခံစားခွင့်ရှိသော ကျောင်းသားများ

1. ဇွန်လ (သို့) ဩဂုတ်လ 2013 ပညာသင်နှစ်မှာ PSB Academyမှ ဘွဲ့ဒီဂရီတန်း၏ ပထမနှစ် ဖြစ်သော Foundation Diploma in Engineering ဘာသာရပ် တက်ရောက်မည့်သူများ၊

(မှတ်ချက် - ပညာသင်နှစ် စုစုပေါင်း လေးနှစ်ကို စင်ကာပူနိုင်ငံရှိ PSB Academyတွင် ပြီးဆုံးအောင် သင်ရမည်။ PSB Academyမှ ပထမနှစ်နှင့် University of Newcastle သုံးနှစ်၊ ပေါင်း လေးနှစ်)

2. နိုင်ငံတကာ အသိအမှတ်ပြု Higher National Deploma (HND)ပြီးထားသော ကျောင်းသားများ မြန်မာနိုင်ငံ အစိုးရ Engineer တက္ကသိုလ် ကျောင်းများတွင် ပညာသင်နှစ် (၂)နှစ် အောင်မြင်ပြီးသော ကျောင်းသားများ၊ City and Guilds Level 5 ပြီးထားသော ကျောင်းသားများသည် PSB Acadamyမှ ပထမနှစ် ပညာသင်နှစ် ကင်းလွတ်ခွင့်ဖြင့် ဩဂုတ်လ 2013ခုနှစ် ကျောင်းဖွင့်ချိန် ကာလအတွက် လျှောက်ထားနိုင်သည်။

ကျောင်းသားများသည် တစ်ဘာသာကို စင်ကာပူ ဒေါ်လာ 500ဖြင့် ဘာသာရပ် အလိုက် ကင်းလွတ်ခွင့်ပေးမှာ ဖြစ်သည်။ (မှတ်ချက် - Module ပြန်ယူဖို့ လိုအပ်တဲ့ မည်သည့် ကျောင်းသားများ သက်ဆိုင်ရာ Moduleကို ပြန်ယူတဲ့အခါ ကျောင်းလခ ကိုတော့ အပြည့်သွင်းပေးရမှာ ဖြစ်သည်။ သင်ယူရန် ကျန်ရှိနေသော ဘာသာရပ် အသစ်များအတွက် ပညာသင်ဆု ဆက်လက် ခံစားခွင့် ရှိသည်။)

သိပ္ပံ ဘာသာရပ်များ ဖြစ်သော Life Scienceနှင့် Engineering ဘာသာရပ်အတွက် သင်ထောက်ကူ ပစ္စည်း အပြည့်အစုံ ပါဝင်သော လက်တွေ့ခန်းများကို PSB Academyမှ ကျောင်းသားများအတွက် ကြီးမားသော အခွင့်အလမ်းများအဖြစ် သီအိုရီများကို လက်တွေ့ အသုံးပြုနိုင်ရန် အထောက်အပံ့ ပေးထားသည်။ ထို့အပြင် စာကြည့်တိုက်၊ စာသင်ခန်းများ၊ ပြင်ပ လေ့လာ သင်ကြား နေရာများ၊ Students Hub၊ ကွန်ပျူတာ လက်တွေ့ခန်းများ၊ အားကစားနှင့် Recreation Facilities၊ ကော်ဖီဆိုင်များနှင့် စာအုပ် အရောင်းဆိုင်များ၊ Internet (Wi-Fi@PSB)များ အသုံးပြု စာသင်ခန်း ပြင်ပတွင် လေ့လာနိုင်ရန် စီစဉ်ထားခြင်း စသည့် ကျောင်းသားများအတွက် မရှိမဖြစ် လိုအပ်ချက်များကို အပြည့်အဝ ထောက်ပံ့ ပေးထားခြင်းဖြင့် PSB Academyတွင် ကျောင်းသားများ၏ သင်ယူမှု အတွေ့အကြုံ တွေကို တိုးတက်စေပါသည်။

2010 ခုနှစ်တွင် Singapore Experience Award for Best Education Experienceကို အောင်မြင်သော ပထမဆုံး ပုဂ္ဂလိက ပညာရေး တက္ကသိုလ် ဖြစ်ပြီး PSB Academyသည် 2010-20ခုနှစ် JobsCentral Learning Ranking စစ်တမ်းနှင့် 2011ခုနှစ်၏ AsiaOne People's Choice Awardsကို ရရှိခဲ့သောကြောင့် Top 3 Finalist ကျောင်းအဖြစ် သတ်မှတ်ခံရသည်။ 2000-2010ခုနှစ်တွင်လည်း စိတ်ကြိုက် ပုဂ္ဂလိက ပညာရေး ကျောင်းများတွင် JobsCentral Learning Rankingနှင့် Survey ကောက်ယူရာတွင် Diploma Educationအတွက် နံပါတ်တစ်အဖြစ် မဲအများဆုံး ရရှိထားပါသည်။

## PSB Academyရှိ School of Engineeringအကြောင်း

PSB Academyရှိ School of Engineeringသည် 2001ခုနှစ်မှ စ၍ Mechanical Engineering, Industrial Engineering, Information Technologyနှင့် Electrical Engineering ဘာသာရပ် ဒီပလိုမာနှင့် ဒီဂရီများကို အချိန်ပြည့် စာသင်ကြားချိန်နှင့် အချိန်ပိုင်း စာသင်ကြားချိန်ဖြင့် သင်ကြား ပေးလျက်ရှိသည်။ သင်ကြားပြသပေးသော ဆရာများသည် လုပ်ငန်းခွင် နယ်ပယ် များနှင့် သင်ကြားရေးဆိုင်ရာ နယ်ပယ် များတွင် အတွေ့အကြုံ အနည်းဆုံး သက်တမ်း ၁၀နှစ်ကျော် ရှိခဲ့သူများ ဖြစ်သည်။ ကျောင်းသားများအတွက် သင်ထောက်ကူပစ္စည်း အပြည့်အစုံ ထောက်ပံ့ ပေးနိုင်ပြီး စင်ကာပူဒေါ်လာ ကုန်ကျငွေ 2.2Millionဖြင့် ကောင်းမွန်သော ပစ္စည်း ကိရိယာစုံလင်နှင့် လက်တွေ့ ခန်းများကို အသုံးပြုသည့် တစ်ခုတည်းသော ကျောင်းဖြစ်သည်။

University of Newcastleမှ Engineering Program၏ ထူးခြားချက်မှာ အလုပ်သင်ကာလ ၁၂ပတ် ရှိခြင်း ဖြစ်သည်။ လက်တွေ့လုပ်ငန်းခွင် နေရာများတွင် ဘွဲ့မရခင် ၁၂ပတ်ကြာ Training ကာလအဖြစ် အလုပ်လုပ်ရမည် ဖြစ်သည်။ PSB Academy ကျောင်းမှ စက်မှုလုပ်ငန်းခွင်များရှိ လိုအပ်သည့် အလုပ်နေရာများတွင် ကျောင်းသားများအား လွယ်ကူစွာ အလုပ်ရရှိစေရန် အတွက် ကူညီထောက်ပံ့ပေးသည်။ PSB၏ ဘွဲ့ရ ကျောင်းသား အများစုသည် Assistant Engineer (သို့) Engineerအဖြစ် ကုမ္ပဏီအမျိုးမျိုးရှိ ဌာန အသီးသီးတွင် ဝင်ရောက် လုပ်ကိုင်နေကြပြီ ဖြစ်သည်။ ထို့အပြင် အချို့သော ဘွဲ့ရကျောင်းသားများသည် Masterတန်းအတွက် MBAကို ဆက်လက် တက်ရောက်နိုင်ပြီး ဘဏ်လုပ်ငန်းဆိုင်ရာ ကဏ္ဍပိုင်းမှာလည်း ဝင်ရောက် လုပ်ကိုင် ကြသည်။ ၎င်းတက္ကသိုလ်မှ Engineering ဘွဲ့ရ အများစုသည် ဘွဲ့အပေါ် မူတည်ပြီး စင်ကာပူ ဒေါ်လာ လစာ 3,000နှင့် အထက် ခံစားခွင့် ရှိကြသည်။

## ကျွမ်းကျင်မှု အသိအမှတ်ပြုခြင်း

PSBနှင့် ချိတ်ဆက်ထားသော ဩစတြေးလျနိုင်ငံ University of Newcastleက ပေးအပ်သော Bachelor of Engineering ဘာသာရပ်သည် Engineers Australia (EA)မှ အပြည့်အဝ အသိအမှတ် ပြုထားပါသည်။ ထို့ကြောင့် ပြည်တွင်းအပြင် နိုင်ငံတကာမှ အလုပ်အကိုင် ရှာဖွေရန်နှင့် အလုပ်အကိုင် ရရှိရန် မြင့်မားသော တက္ကသိုလ် ဖြစ်သည်။

## University of Newcastle အကြောင်း

ဩစတြေးလျနိုင်ငံ၏ သုတေသန တက္ကသိုလ်များတွင် ထိပ်တန်း တက္ကသိုလ် တစ်ခုအဖြစ် အသိအမှတ်ပြုခံရသော University of Newcastleသည် ၁၉၆၅ ခုနှစ်တွင် သင်ကြား သင်ယူ မှုပိုင်းဆိုင်ရာ ကဏ္ဍတို့တွင် ကျွမ်းကျင်မှုနှင့် စဉ်ဆက်မပြတ် ဆန်းသစ် ပြောင်းလဲ တီထွင်ခြင်းတို့ကို နိုင်ငံတကာ စံချိန်စံညွှန်းဖြင့် အခြေခံ အကောင်အထည် ဖော်ရန်အတွက် စတင် တည်ထောင်ခဲ့သည်။ UONသည် ဩစတြေးလျနိုင်ငံ၏ ပြည်သူ့ ဘာကဏ္ဍာရေး တက္ကသိုလ်ကျောင်း ၃၆ကျောင်းနှင့် ဩစတြေးလျ အစိုးရ တက္ကသိုလ်များတွင် ၎င်း၏ သုတေသန ရလဒ်များကြောင့် Top 10အဆင့်တွင် နေရာယူထားပြီး Asian Pacific Regionအတွင်း Top 100အဆင့်တွင် ဆက်လက် ရပ်တည်လျက် ရှိသည်။ ထို့ကြောင့်လည်း UONမှ ဘွဲ့ရ သူများသည် နိုင်ငံတကာ လုပ်ငန်းခွင် ရှာဖွေရာတွင် အလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကျောင်းတစ်ကျောင်းအဖြစ် ပြည်တွင်း သာမက ပြည်ပများတွင် လူသိများ ကျော်ကြားသည်။

## Faculty of Engineering and Built Environment @ UoN

UON၏ သင်ကြားရေးဌာနသည် ဩစတြေးလျနိုင်ငံ၏ အကောင်းဆုံး အမျိုးအစား တစ်ခု ဖြစ်သည်နှင့်အညီ ပညာရေးအတွက် တာဝန်ရှိပြီး သုတေသန ပညာရှင်များအား လေ့ကျင့်ပေးခြင်းနှင့် အင်ဂျင်နီယာနှင့် ပတ်ဝန်းကျင် တည်ဆောက်ရေး လုပ်ငန်းနယ်ပယ် အမျိုးမျိုးတွင် ကျွမ်းကျင်သူများအား ဦးဆောင်ခြင်း တို့ကြောင့် အားကျစရာ ကောင်းသော ဂုဏ်သတင်းရှိခဲ့သည်။ ဆန်းသစ်တီထွင်ခြင်း၊ အလိုက်သင့် ပြောင်းလဲနိုင်ခြင်း၊ လိုက်လျောညီထွေ ဖြစ်ခြင်း၊ ကောင်းမွန်စွာ လေ့ကျင့် ပေးထားသော ဘွဲ့ရများ ဖြစ်လာ စေရန် ကျောင်းသားများအား အခု လက်ရှိ ဒီဂရီတန်း အမျိုးမျိုးက ထောက်ပံ့ ပေးထားပါသည်။ ဘာသာရပ်များသည် ကျောင်းသုံးကျောင်းမှ တစ်ဆင့် သင်ကြား ပေးနေပါသည်။

Architecture & Built Environment Engineering

Electrical Engineering & Computer Science

ပညာတတ်များ၊ ဆန်းသစ်တီထွင်မှု အများဆုံး သုတေသနပြုသူ၊ ထူးချွန်သော အထောက်အပံ့ ပေးသည့် ဝန်ထမ်း အနေဖြင့် အကောင်းဆုံးနှင့် အတော်ဆုံး လက်တွေ့ ကျင့်သုံးသူအဖြစ် တက်ကြွသော၊ ကျေနပ်စေလောက်သော အလုပ်လုပ်ခြင်းနှင့် ပတ်ဝန်းကျင်အကြောင်း သင်ယူရာတွင် စွမ်းရည်တွေက တာဝန် ထမ်းဆောင်ပါသည်။

UON၏ အမျိုးမျိုးသော အလုပ်သမား အဖွဲ့ဝင်များသည် ကျွမ်းကျင်မှုများ လက်တွေ့ကျင့်သုံးခြင်းနှင့် ပညာရေးနှင့် သုတေသန နယ်ပယ်များ ကြားတွင် သူတို့ ထောက်ပံ့ထားသော ဆက်စပ်မှု တွေအတွက် သက်ဆိုင်ရာ တန်ဖိုးတစ်ခု ဖြစ်ပါသည်။ အကောင်းဆုံး သုတေသန မှတ်တမ်းများအတွက် နိုင်ငံတကာ အသိအမှတ်ပြုခြင်း ခံရပါသည်။ Professorsနဲ့ စာသင်ကြားပေးသူ ဆရာ အတော်များများသည် သူတို့ ကျွမ်းကျင်သော နယ်ပယ်များ၏ စစ်မှန်၍ အသုံးချနိုင်သော စွမ်းရည်မြင့် သုတေသန ကျောင်းသားများနှင့် ယှဉ်ပြိုင်ရသော ဘဏ္ဍာရေး သုတေသနများတွင် စစ်မှန်သော ဆွဲဆောင်မှုများဖြင့် သုတေသနများ ဖော်ထုတ်ရာတွင် ခေါင်းဆောင်သူများ ဖြစ်ကြသည်။

UON Engineeringသည် ဒီဂရီတန်း အတွက် ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုမှုတွေကို ထိန်းသိမ်းထားပြီး ဘွဲ့ရပြီး သူများသည် ဒေသတွင်းနှင့် နိုင်ငံခြားမှာလည်း အလုပ်ရှင် အဖွဲ့အစည်းများနှင့် စက်မှု လုပ်ငန်းများမှ ကောင်းကောင်း စောင့်ကြည့် ခံနေရသောကြောင့် အလုပ်ရနိုင်မှု အများဆုံး ဖြစ်ပြီး ကောင်းမွန်သော လစာ ခံစားခွင့်များကိုလည်း ရရှိနိုင်ကြသည်။ UONသည် စက်မှုလုပ်ငန်း အခြေခံ ပညာသင်ဆုတွေကိုလည်း ဘာသာရပ် အများစုအတွက် အရေးပါသော အသားပေး လုပ်ဆောင်မှု တစ်ခုအဖြစ်နှင့် စက်မှု လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ထားပြီး ဆောင်ရွက်လျက် ရှိသည်။

## Faculty's Achievements

ERA၏ စစ်ဆေးမှု အောက်တွင် UONသည် ကမ္ဘာ့ စံချိန်စံညွှန်း အထက် ကောင်းသော တက္ကသိုလ်များတွင် A "5" ဖြစ်ပြီး၊ ကမ္ဘာ့ စံချိန်စံညွှန်းတွင် A "3" ရရှိထားပါသည်။ Engineering, Electrical Engineering and Mechanical Engineeringတွေမှာ အဆင့် "5"နေရာ ရရှိထားပါသည်။ Newcastleမှ Engineering ဘာသာရပ်သည် ERAတွင် စည်းကမ်း ကောင်းမွန်မှု လေးခုတွင် A "5"အဆင့်ရှိသော ကောင်းမွန်သော ရပ်တည်မှုများ ဖြစ်သည်။ University of Newcastleမှ The Engineering & Built Environmentသည် The Group of Eight Deans of Engineering and Associates၏ အဖွဲ့ဝင် တစ်ခုဖြစ်သည်။ ၎င်းအဖွဲ့သည် ဩစတြေးလျနိုင်ငံတွင် Top Ten သုတေသန အင်ဂျင်နီယာ အဖွဲ့အစည်းကို ကိုယ်စားပြုပြီး အဖွဲ့၏ သုတေသန ပြုလုပ်ချက်များ၊ သင်ကြားရေးနှင့် ပညာသင်ဆုများ၏ အကောင်းဆုံး အရည်အသွေးများ၏ အသိအမှတ်ပြု ခံရသော အဖွဲ့ ဖြစ်သည်။

အသေးစိတ် သိရှိလိုပါက Myanmar Search International (MSI) အမှတ် (၂၃၄)၊ ဒုတိယထပ် (ညာ)၊ ရွှေဘုံသာအလယ်လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၈၉-၉၁၅၊ ၀၁-၂၅၀-၉၂၉၊ ၀၉-၅၁၀-၃၉၁၅တို့သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ကြောင်း သိရှိရသည်။

# ဩစတြေးလျနိုင်ငံ၏ နံပါတ် (၁)ဖြစ်သော University of Melbourne၏ Trinity College Foundationမှ တာဝန်ရှိသူ လာရောက် ဆွေးနွေးမည်

ဩစတြေးလျနိုင်ငံ၏ နံပါတ်(၁)နှင့် ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်များတွင် နံပါတ် (၂၈)အဆင့်ရှိသော University of Melbourneသည် ကမ္ဘာ့ အလုပ်အကိုင် အခွင့်အလမ်း ရရှိမှုတွင်လည်း ထိပ်ဆုံးနံပါတ် (၉) အဆင့်တွင်ရှိသော ထိပ်တန်း တက္ကသိုလ် တစ်ခု ဖြစ်ပါသည်။ University of Melbourneသို့ တက်ရောက်လိုသော အထက်တန်း အောင်မြင်ပြီးသူများ၊ GCE "O" သို့မဟုတ် IB အောင်မြင်ပြီးသူများသည် University of Melbourne၏ စတင်ရာ ဖြစ်သော Trinity College၏ Foundation Studiesမှတဆင့် တက်ရောက်နိုင်ပါသည်။

Trinity Collegeသည် ဩစတြေးလျရှိ အခြားတက္ကသိုလ်၊ ကောလိပ်များနှင့် ကွဲပြားခြားနားသော ပညာရေး စနစ်ဖြင့် သင်ကြားလျက်ရှိသည်။ Trinity Collegeသည် Royal Parade, Parkville, Victoria, Melbourneတွင် တည်ရှိပါသည်။ Trinity Collegeတွင် Main Building အပါအဝင် Campus (၆)ခု ပါဝင်ပြီး၊ The University of Melbourne၏ Foundation Programများကို အဓိကထား သင်ကြားပေးလျက် ရှိသည်။ Trinity College၏ Foundation Programသို့ တက်ရောက်လိုသော ကျောင်းသားများ အနေဖြင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ (သို့) GCE "O" Level အောင်မြင်ပြီးသူ ဖြစ်ရမည်။ အင်္ဂလိပ်စာ ကျွမ်းကျင်မှု အရည်အသွေးအဖြစ် IELTS (5.5) အနည်းဆုံး ရှိရမည်ဖြစ်ပြီး Foundation Levelတွင် ရွေးချယ်သော ဘာသာရပ် အလိုက် ကာလ (၈)လ၊ (၁၀) လ၊ (၁၁)လမှ (၁၃)လအထိ ကြာမြင့်မည် ဖြစ်သည်။ Foundation Program ပြီးဆုံးပါက The University of Melbourneတွင် ပထမနှစ်မှ စတင် တက်ရောက်နိုင်မည် ဖြစ်သည်။

အသေးစိတ် အချက်အလက်များ သိလိုသူများသည် Trinity College၏ မြန်မာပြည် ကိုယ်စားလှယ်ရုံးဖြစ်သည့် Australian Visa & Student Services (AVSS) Myanmarသို့ ဆက်သွယ် စုံစမ်းနိုင်ပြီး Trinity Collegeမှ တာဝန်ရှိသူနှင့် ကိုယ်တိုင် ဆွေးနွေးလိုသူများ အနေဖြင့် မတ်လ ၁၄ရက် (ကြာသပတေးနေ့)တွင် Australian Visa & Student Services (AVSS) Myanmar ရုံးတွင် ညနေ ၄နာရီမှ ၆နာရီအထိ ဆွေးနွေး ပေးသွားမည် ဖြစ်ပါသည်။ စိတ်ပါဝင်စားသူများ Australian Visa & Student Services (AVSS Myanmar)၊ အမှတ် (၉၉)၊ ပထမထပ် (B)၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉၄၅၀-၀၀၆-၉၄၄၊ ၀၉-၄၅၀-၀၀၆-၉၅၅၊ ၀၉-၅၁၄-၇၂၂၇၊ ၀၉-၇၃၀-၃၅၅-၀၃သို့ ကြိုတင် စာရင်း ပေးသွင်းနိုင်ပါသည်။

# ပြည်တွင်း ပြည်ပမှ ပညာရှင်များကိုယ်တိုင် သင်ကြားပေးနေပြီဖြစ်သော SYNCHRONET Art and Media Training Centre

ဖအိ

SYNCHRONET Art and Media Training Centreမှ အနုပညာနှင့် နည်းပညာတို့ကို ပေါင်းစပ်ကာ စာတွေ့ လက်တွေ့ Professional တစ်ယောက်အဖြစ် လုပ်ငန်းခွင်တွင် ရပ်တည်နိုင်ရန် Advance Graphic Design, Professional Web Design, Vedio Editing, Audio Engineering စသော ပညာရပ်များကို ပြည်တွင်း ပြည်ပ အတွေ့အကြုံရှိ ဆရာများမှ ထိရောက်စွာ သင်ကြားပေးနေကြောင်း သိရသည်။ ဒီဇိုင်းပညာရပ်များတွင် အဓိက ကျသော အပြင်ပိုင်းဆိုင်ရာ အနုပညာဘာသာရပ်များ ဖြစ်သော Perspective, Tone (Value) Colour Theory, Compositionကို စနစ်တကျ သင်ကြားပေးပြီး ယနေ့ခေတ်တွင် ရေပန်းစားနေသော Graphite Design ပညာရပ်များကို ကျွမ်းကျင်ထက်မြက်စွာ လုပ်ကိုင်နိုင်သည်အထိ သင်ကြားပေးပြီး လုပ်ငန်းခွင်တွင် သိသင့် သိထိုက်သော အချက်အလက်များကိုပါ သင်ကြားပေးနေကြောင်း သိရသည်။ Web Developerအဖြစ် ပြည်တွင်း ပြည်ပများတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရန် လေ့ကျင့်သင်ကြားပေးသွားပြီး Practical Projectများ လုပ်ဆောင်ရာတွင် ထူးချွန်သူများအား On Job Training ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။ သင်တန်းများ အားလုံးကို MacBook Pro 15.4များဖြင့် သင်ကြားပေးသွားမည် ဖြစ်ပြီး သင်တန်းတစ်တန်းလျှင် (၅)ဦးသာ လက်ခံ သင်ကြားပေးသွားမည်ဟု သိရသည်။ အသေးစိတ် သိရှိလိုပါက N-18, သမြေညီတိုက် (1)၊ ဦးထွန်းလင်းခြံလမ်း၊ အင်းစိန်လမ်းမ။ ဖုန်း - ၀၉-၇၃၁-၈၇၂-၁၀သို့ ဆက်သွယ် စုံစမ်းနိုင်ပြီ ဖြစ်ကြောင်း သိရပါသည်။

" အမေရိကန်၊ အင်္ဂလန်၊ စင်ကာပူ၊ မလေးရှား ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များ စုစည်းမှု "

USA - UK - Singapore - Malaysia
UNIVERSITIES' FAIR 2013

ပြပွဲအတွင်း Education Guide Book အခမဲ့ လာရောက် ထုတ်ယူနိုင်ပါပြီ။

CROWN EDUCATION
British Council Education UK
Agents Training Certificate(Distinction)

- **SAT** ရမှတ်များ တင်ပြရန်မလိုအပ်ဘဲ၊ မြန်မာ(၁၀)တန်းအောင် သို့မဟုတ် **GCE 'O'** ရမှတ်ဖြင့် တိုက်ရိုက် လျှောက်ထားနိုင်မည့် အမေရိကန်တက္ကသိုလ်များ၊ **GRE / GMAT** တင်ပြရန်မလိုသည့် ဘွဲ့လွန်ပရိုဂရမ်များ
- **GCE 'A'** လက်မှတ်မလိုဘဲ တိုက်ရိုက်လျှောက်ထားနိုင်သည့် **Top(10)** အဆင့် အင်္ဂလန်တက္ကသိုလ်များ
- ကျပ်သိန်း(၁၀၀)ကျော် ပညာသင်ဆုပေးအပ်မည့် **PSB Academy** မှ အင်ဂျင်နီယာဘာသာရပ်များ
- **IELTS 6 (*For Degree*) / 6.5 (*For Master*)** ရရှိထားသူများအတွက် ၅၀% ပညာသင်ထောက်ပံ့ကြေးပေးအပ်မည့် အင်္ဂလန်တက္ကသိုလ်
- **Oxford / Cambridge** တက္ကသိုလ်ဝင်ခွင့် **Preparation** ကျောင်းများ
- အင်္ဂလန်ဆေးတက္ကသိုလ်ဝင်ခွင့်ပြင်ဆင်ပေးမည့် ကောလိပ်များ




| ရန်ကုန် | မန္တလေး |
|---|---|
| Date - **22ND MAR** 2013( သောကြာ) | Date - **24TH MAR** 2013( တနင်္ဂနွေ) |
| Time - 10:00 a.m to 2:00 p.m | Time - 10:00 a.m to 1:00 p.m |
| Venue - Summit Parkview Hotel | Venue - Hotel Mandalay |

LANCASTER UNIVERSITY · US University of Sussex · UNIVERSITY OF SURREY · UNIVERSITY OF LIVERPOOL · University of Chester · The University Of Sheffield. · CITY UNIVERSITY LONDON · ACADEMY of ART UNIVERSITY · AUSTON · JCU SINGAPORE · KAPLAN HIGHER EDUCATION ACADEMY · MDIS · psb Academy · University of Massachusetts UMASS Boston · University of Massachusetts UMASS Lowell · JAMES MADISON UNIVERSITY · INTI INTERNATIONAL UNIVERSITY · BellerbysCollege

Call Us : 09 732 732 77 - 09 5085 185 - 09 730 40 688

အိုင်စီတီ ဂျာနယ်
Volume 2, Issue 11
MYANMAR ICT JOURNAL

# မသိခြင်းသဘောကို သိကြည့်ခြင်း

မြတ်စွာဘုရားဟာ အိုခြင်း၊ နာခြင်း၊ သေခြင်းရဲ့ လွတ်မြောက်ရာကို ရဟန်းဘဝနဲ့ ရှာမယ်ဆိုပြီး တရားအားထုတ်ပါတယ်။

ဘုရားအဖြစ်ကို ရရှိခါနီး မိုးသောက်ယံမှာ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်ပြီးနောက်လို့ မဟာစည်ဆရာတော်ဘုရားကြီး ရေးသားတော်မူတဲ့ ဓမ္မာစကြာမှာ ဖော်ပြထားပါတယ်။

ပဋိစ္စသမုပ္ပါဒ်ရဲ့ အစဟာ အဝိဇ္ဇာတဲ့။ အဝိဇ္ဇာ ဆိုတာ မသိခြင်းပါပဲ။ အဝိဇ္ဇာဆိုတဲ့ အမှန်မသိမှုကြောင့် အားထုတ်မှု (သင်္ခါရ)တို့ဖြစ်တယ်။

သင်္ခါရဆိုတဲ့ အားထုတ်မှုကြောင့် ဘဝသစ် (ဝိညာဉ်) တို့ဖြစ်တယ်။

ဘဝသစ် ဝိညာဉ်ကြောင့် (နာမ်ရုပ်) ဖြစ်တယ်။

နာမ်ရုပ်ကြောင့် (အာယတန) ပစ္စည်းခြောက်ခု ဖြစ်တယ်။

အာယတန ပစ္စည်းခြောက်ခုကြောင့် အာရုံကိုတွေ့ထိတဲ့ (ဖဿ) ဖြစ်တယ်။

ဖဿ အတွေ့အထိကြောင့် ကောင်းတယ်၊ မကောင်းဘူး ခံစားမှု (ဝေဒနာ) ဖြစ်တယ်။

ဝေဒနာ ခံစားမှုကြောင့် နှစ်သက်တပ်မက်တဲ့ (တဏှာ) ဖြစ်တယ်။

တဏှာကြောင့် စွဲလမ်းမှု (ဥပါဒါန်) ဖြစ်တယ်။

ဥပါဒါန်ကြောင့် ဖြစ်ကြောင်းကံ (ဘဝ) ဖြစ်တယ်။

ဖြစ်ကြောင်းကံ (ဘဝ) ကြောင့် ဘဝအသစ်ဖြစ်မှု (ဇာတိ) ဖြစ်တယ်။

ဇာတိကြောင့် အိုခြင်း၊ သေခြင်း၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်စိတ်ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ စိတ်နှလုံးပြင်းထန်စွာ ပူပန်ခြင်းတွေ ဆက်တိုက် ဖြစ်ကုန် တယ်တဲ့။ အိုခြင်း၊ နာခြင်း၊ သေခြင်းတွေဖြစ်ရတာ ခန္ဓာကိုယ်ရှိနေလို့တဲ့ ခန္ဓာကိုယ် ရရှိခြင်းရဲ့အကြောင်းက အဝိဇ္ဇာ မသိခြင်းရဲ့ အကြီးကျယ်ဆုံး အပြစ်ကို ကျူးလွန်လိုက်တာပဲ။

မသိလို့ ကျူးလွန်မိတဲ့ အမှားက ရုပ်နာမ် ရရှိတယ်။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ပစ္စည်းခြောက်ခု ပါလာတယ်။ ပစ္စည်းခြောက်ခုကြောင့် အာရုံခြောက်ပါး ဖြစ်ပေါ် လာတယ်။ အာရုံတွေရဲ့ တွေ့ထိမှုကြောင့် ခံစားမှုတွေ ဖြစ်လာပြန်တယ်။ ခံစားမှုဆိုတာ လောင်စာ၊ အာရုံခြောက်ပါးဟာ လောင်စာ၊ ခန္ဓာကိုယ်ဟာ လောင်စာ၊ လောင်စာရှိလို့ မီးတွေ လောင်ကုန်တာ မသိခြင်းကြောင့်ပဲ။ လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းထဲမှာတော့ မသိတတ်တာ၊ ဘာမှကို မသိတာ၊ အလိုက်ကန်းဆိုး မသိတာ၊ သဘာဝရဲ့ အမှန်တရား တွေကို မသိတာရှိတယ်။ အဲဒီ မသိခြင်းတွေထဲမှာ အဆိုးရွားဆုံး မသိခြင်းကတော့.. ဒုက္ခကို ဒုက္ခမှန်း မသိတာပဲ။ ဒုက္ခကို ဒုက္ခမှန်း မသိလို့ ဒုက္ခဖြစ်ကြောင်းတွေချည်း လုပ်မိရင်း လုပ်မိရင်း အဆက်မပြတ် လုပ်ဖြစ်နေတော့တာပဲ။ ဒုက္ခထဲက လွတ်မြောက်အောင် ရုန်းထွက်ရမယ်။ လူဖြစ်ခွင့်ရနေတဲ့ အချိန်မှာသာ ရုန်းထွက်ခွင့်ရှိတယ်ဆိုတာကို မသိခြင်း ကတော့.. ဆုံးရှုံးမှုတွေထဲမှာ အကြီးမားဆုံး အဆင့်ပဲ။ မသိခြင်းဟာ အကြီးကျယ်ဆုံး အမှားတွေကို ကျူးလွန်ဖို့ အမြဲတမ်း အဆင်သင့်ဖြစ်နေတယ်။ မသိခြင်းဆိုတဲ့အရာကို အကြာကြီး ပစ်မထားပါနဲ့။ သိစရာရှိတာတွေထဲက သိသင့်တာကို မသိခြင်းဟာ လူဖြစ်ခွင့် ရနေတဲ့အချိန်မှာ သိအောင်ရှာဖွေတဲ့ အခွင့်အရေးကို ဆုံးရှုံးစေတယ်။

ရွှေ့တစ်ပတ်ဆက်ရန်

ဤစိတ်လေ့ကျင့်ခန်းများကို အသေးစိတ် သိလိုပါက www.athithedi.com တွင် သွားရောက်လေ့လာနိုင်ပါသည်။

# စင်ကာပူနိုင်ငံ James Cook Universityမှတစ်ဆင့် ဩစတြေးလျနိုင်ငံသို့ Transfer သွားရောက်နိုင်မည်

ဩစတြေးလျနိုင်ငံ၏ ထိပ်တန်း တစ်ခုဖြစ်သော James Cook University၏ စင်ကာပူ Campusတွင် တက်ရောက် သင်ကြားရင်း ဩစတြေးလျနိုင်ငံ Townsvilleနှင့် Cairnsမြို့များရှိ JCU Campusများသို့ Transfer သွားရောက် သင်ကြားနိုင်မည် ဖြစ်သည်။ ဩစတြေးလျနိုင်ငံတွင် တက်ရောက် သင်ကြားနေစဉ် ပေးချေရမည့် ကျောင်းလခမှာလည်း စင်ကာပူနိုင်ငံတွင် သင်ကြားသည့်အခါ ပေးချေရမည့် ပမာဏအတိုင်းပင် ဖြစ်သည်။ နိုင်ငံတကာမှ ကျောင်းသား၊ ကျောင်းသူများနှင့် သိကျွမ်းခွင့် ရမည်ဖြစ်သောကြောင့် နိုင်ငံတကာ၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုများကို လေ့လာခွင့် ရမည့်အပြင် နိုင်ငံတကာ အချိတ်အဆက်များပါ ရရှိလာမည် ဖြစ်သည်။ လူမှုဆက်ဆံရေး အရည်အချင်းများ တိုးတက်လာမည့်အပြင် မိမိကိုယ်ကို ယုံကြည်မှု ပိုမို တိုးပွားလာစေမည် ဖြစ်သည်။Transfer သွားရောက်လိုသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စင်ကာပူနိုင်ငံတွင် အနည်းဆုံး Semester ၁ခုသာ သင်ကြားရန် လိုအပ်ပြီး မိမိဆန္ဒရှိပါက ဩစတြေးလျနိုင်ငံတွင် ဘွဲ့ရသည်အထိ သင်ကြားနိုင်မည် ဖြစ်သည်။ James Cook Universityတွင် သင်ကြားနိုင်သည့် ဘာသာရပ်များမှာ Business, Accounting, Management and Entrepreneurship, International Business, Marketing, Human Resource Management, Hospitality Management, Tourism Management, Business and Environmental Science,, Information Technology, Psychology, Guidance and Counsellingနှင့် Education အစရှိသည့် ဘာသာရပ်များ ဖြစ်ပြီး အဆိုပါ ဘာသာရပ်များကို Double Majorဖြင့် Bachelorမှ Masterထိ တက်ရောက် သင်ကြားနိုင်မည့် အပြင် Master of Business Administrationနှင့် Master of Professional Accounting ဘာသာရပ်များကိုပါ သင်ကြားနိုင်မည် ဖြစ်သည်။ ၂၀၁၃ခုနှစ်၊ မတ်လနှင့် ဇူလိုင်လ Intakeများတွင် ကျောင်းအပ်သူများ အနေဖြင့်  ကျောင်းအပ်ခ ကင်းလွတ်ခွင့် ခံစားရမည် ဖြစ်ပြီး မည်သည့် Intakeတွင်မဆို တက်ရောက်သူများသည် JCUမှ ပေးအပ်သော iPad ရရှိမည် ဖြစ်သည်။ အသေးစိတ် သိရှိလိုပါက ဖုန်း ၀၁-၂၄၆-၁၈၈၊ ၀၁-၃၈၇-၀၂၂၊ ၀၉-၅၄၂-၈၄၄၈၊ ၀၉-၅၄၃-၈၄၄၈သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပါသည်။

# တက္ကသိုလ်ဝင်တန်း ဖြေဆိုထားပြီးသူများ စင်ကာပူနိုင်ငံရှိ အစိုးရအင်ဂျင်နီယာ ကျောင်းတစ်ခုကို လျှောက်ထားနိုင်

စင်ကာပူနိုင်ငံရှိ အစိုးရအင်ဂျင်နီယာကျောင်း BCA Academy ကျောင်းတွင် တက်ရောက် ပညာသင်ကြားခြင်းများ သာမက တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများပါ တက်ရောက် လျှောက်ထားနိုင်မည် ဖြစ်ကြောင်း သိရသည်။ BCA Academy အင်ဂျင်နီယာကျောင်းကို တက်ရောက်လိုသူများသည် English Preparation Course (EPC)ကို အဆိုပါကျောင်းတွင် ၅လ ထပ်မံ သင်ယူရမည် ဖြစ်သည်ဟု သိရသည်။ ထို့အပြင် အဆိုပါ ကျောင်းတွင် တက္ကသိုလ်ဝင်တန်း မအောင်မြင်သေးသော ပြည်တွင်းမှ လူငယ်များ တက်ရောက်နိုင်ရေး အတွက်ပါ စီမံနေပြီ ဖြစ်ကြောင်း သိရသည်။ Construction Engineering, Electrical Engineering and Clean Energy, Mechanical Engineering, Strategic Facilities Managementနဲ့ ဒီဂရီးဘာသာရပ်များ အပြင် ဘာသာရပ်အသစ် တစ်ခုဖြစ်တဲ့ Quantity Surveying အစရှိသော ဘာသာရပ်များထဲမှ ရွေးချယ် တက်ရောက်နိုင်မည် ဖြစ်ကြောင်း ပြည်တွင်းရှိ ပုဂ္ဂလိက ပညာရေးဝန်ဆောင်မှု အေဂျင်စီတစ်ခုမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

CARTOON BY

စမ်းချောင်း
ကိုကိုအောင်



# Tharaba®

Institute of Information & Computer Technologies

## Contact Us

No. 80, 1st Floor, 12th Street,
Lanmadaw Township, Yangon.
Tel: 01-225682, 09 203 5346, 09 450015507
Email: info@tharaba.com

BE A SUCCESSFUL PROFESSIONAL



နည်းပညာ Professional တစ်ဦးအဖြစ်သို့ ခိုင်မာသေချာသောလမ်း။

လုပ်ငန်းအတွေ့အကြုံ ၅ နှစ်မှ ၁၀ နှစ်ထိရှိသော ဦးစီးဖွင့်လှစ်သည့် ဆရာများကိုယ်တိုင် သင်ကြားပြသပေးသည်။

- သင်တန်းအပ်နှံတက်ရောက်ပြီးနောက် စိတ်ကျေနပ်မှုမရှိပါက ရက်သတ္တနှစ်ပတ်အတွင်း ငွေပြန်လည်ထုတ်ယူနိုင်သည်။
- သင်တန်းကြေးအား အရစ်ကျဖြင့် နှစ်ရစ်ခွဲကာပေးသွင်းနိုင်သည်။ အခြားမည်သည့်အခကြေးငွေမှ ထပ်မံပေးသွင်းရန်မလိုပါ။
- Air-con တပ်ဆင်ထားသော စာသင်ခန်းမတွင် သင်တန်းသား တစ်ဦးလျှင် ကွန်ပျူတာတစ်လုံးနှုန်း၊ Projector၊ Multimedia နှင့် သင်ကြားမှုအထောက်အကူပစ္စည်းပြည့်စုံစွာဖြင့်သင်ကြားပေးသည်။
- သင်တန်းပြီးဆုံးပြီးနောက် ဆက်လက်ဖွင့်လှစ်သည့် အမျိုးအစားတူ သင်တန်းများတွင် အခမဲ့ထပ်မံတက်ရောက်နိုင်ပါသည်။

**တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူများအတွက် သင်ကြိန်အပြီးတွင်ဖွင့်လှစ်မည့်တန်းခွဲသစ်များကို ကြိုတင်အပ်နှံနိုင်ပါသည်**

### Computer Engineering Courses

**CCNA Composite Exam**
Exam : 640-802 CCNA

**CompTIA N+ Certification Exam**
Exam : N10-005 (Batch-2)
Mon, Tue (06:00 PM - 08:00 PM)

**CompTIA A+ Certification Exam**
Exam : 220-801, Exam : 220-802 (Batch-2)
Sat, Sun (01:00 PM - 03:00 PM)

**Computer Fundamental**
MS Office, Internet & Email, General Knowledge
Mon, Tue, Wed (09:00 AM - 11:00 AM )

### Software Engineering Courses

**Fundamental Programming (C, C++)**
Logical Programming and Object Oriented Programming

**Mobile Application Development (iOS/Android)**
Creating and Selling Mobile App on App Store and Google Play
Mon, Tue (06:00 PM - 08:00 PM)

**Software Developement Course I (.Net)**
Creating .Net based Enterprise Software Solutions

**Software Developement Course I (Java)**
Creating Java based Enterprise Software Solutions

**Project Management Course**
The art and science of planning and leading software projects

### Graphics and Multimedia Courses

**Adobe Graphic Design**
Creating Graphic Contents to Export Any Media
Foundation for Advance Professional Media Courses
Thu, Fri (06:00 PM - 8:00 PM)

**Web Design**
Creating Graphic Contents to Export Web
Standard Web Technologies
Sat, Sun (09:00 AM - 12:00 AM)

**Animation and Special Effects**
Creating Motion Graphics and Special Effects
Fundamental 3D Modeling and Animation

**Video Editing and Authoring**
Post Video Editing and Processing
Exporting for Video, Film and Broadcasting Media



ENROLL NOW !!!

## ကွန်ပျူတာတတ်ရုံ သို့မဟုတ် ပန်းချီဆွဲတတ်ရုံဖြင့် Graphic Designer တစ်ဦးဖြစ်နိုင်ပါ့မလား?

**Professional Graphic Designer** တစ်ဦးဖြစ်လာစေရန် · · · · ·

၁။ အနုပညာနှင့်နည်းပညာပေါင်းစပ်အသုံးပြုနိုင်ရမည်။
၂။ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကိုကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်ရမည်။
၃။ ပန်းချီအနုပညာအခြေခံဖန်တီးနိုင်မှုရှုမ်းရည်၊အတွေးအခေါ်အရောင်သဘောတရားများကိုတတ်ကျွမ်းရမည်။
၄။ ကမ္ဘာကျော် graphic software များကိုကျွမ်းကျင်ပိုင်နိုင်စွာအသုံးချတတ်ရမည်။
၅။ ကာလာခွဲခြင်း၊ပလပ်စတစ်၊T-Shirt နှင့်စက္ကူများတွင်ပုံနှိပ်ထုတ်လုပ်ခြင်းစသည့် လုပ်ငန်းစဉ်အားလုံးကိုဗဟုသုတရှိရမည်။
၆။ လက်တွေ့လုပ်ငန်းခွင်အတွင်းသို့ ကွင်းဆင်း လေ့လာရမည်။
၇။ ဝါရင့်ကျွမ်းကျင် ဆရာ ဆရာမများ၏ သင်ကြားမှုကိုခံယူရမည်။

ပန်းချီအခြေခံနှင့် ဒီဇိုင်းဥပဒေသများကို ကိုဆန်းထွန်း (၁) ဒီဇိုင်းကိုဇော်ပေါက်(ယဉ်ကျေးမှုတက္ကသိုလ်)
အထုပ်အပိုးနှင့် စားသောက်ကုန်ဒီဇိုင်းရေးဆွဲခြင်းများကို ဒီဇိုင်းကိုသန့်စင်(Union Design Bank)
ဗလင်ကာလာခွဲခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာဗဟုသုတများကို ကိုသူရိန်ထွန်း(Star Color Repro)စသော
ဝါရင့်ကျွမ်းကျင်ပညာရှင်များ နှင့် Gémeaux digital art မှ ပညာရှင်များပေါင်းစည်းကာ စနစ်တကျ သင်ကြားပို့ချပေးပါမည်။

**ဒီပညာရပ်များကိုရာနှုန်းပြည့်သင်ကြားပေးနိုင်ရန်**
**ကျွန်တော်တို့နှစ်ပေါင်းများစွာအချိန်ယူပြင်ဆင်ပြီး**
**ဂရပ်ဖစ်ဒီဇိုင်းထုတ်လုပ်မှုကျွမ်းကျင်သင်တန်း**
**တန်းခွဲသစ်များကိုထပ်မံဖွင့်လှစ်ပါပြီ**

CREATIVITY
GREAT IDEA

**ဂရပ်ဖစ်ဒီဇိုင်းထုတ်လုပ်မှုကျွမ်းကျင်သင်တန်း**

တန်းခွဲတစ်တန်းလျှင်
သင်တန်းသား
(၅)ဦးသာ

ရေမိုဒစ်ဂျစ်တယ်အတ်
**Gémeaux® digital art**

no.248/2 36th st kyauktada t/s yangon-myanmar
tel: 384604/ 09-55-05290/ 09-51-01710
e-mail: gemeaux.digitalart@gmail.com

You want it ! We can achieve it !



# MICRO NET

## Computer Technology Centre



**Computer ပြုပြင်ခြင်း အထူးသင်တန်း**

**လူတစ်ယောက်အတွက် ကိုယ်ပိုင်အတက်ပညာတစ်ခုတတ်မြောက်ထားရန် အထူးလိုအပ်ပါသည်။**

System Engineer တစ်ယောက်အဖြစ် IT နယ်ပယ်တွင်
အလုပ်ဝင်လိုသူများ၊ မိမိကွန်ပျူတာကို ကိုယ်တိုင်
ပြုပြင်လိုသူများအတွက် ရည်ရွယ်ဖွင့်လှစ်ပါသည်။
တစ်ပတ်လျှင် (၅) ရက် (Mon to Fri )
နံနက် (၉) နာရီမှ ညနေ (၃) နာရီအထိ။
သင်တန်းကာလ (၁) လ ၊
အလုပ်သင်အဖြစ် (၃)လ လုပ်ကိုင်ခွင့်ရရှိမည်။
သင်တန်းကြေး (၁၀၀၀၀၀/ –)ကျပ်။
သင်တန်းပြီးဆုံးပါက အလုပ်အကိုင်ရရှိရန် ၁၀၀% အာမခံသည်။
A+ သင်တန်းတစ်ခုတည်းသာဖွင့်လှစ်ပြီး System Engineer
များစွာမွေးထုတ်ပေးပြီးဖြစ်သည်။
လစဉ် (၁) ရက်နေ့ နှင့် (၁၅) ရက်နေ့တိုင်းတန်းခွဲသစ်စသည်။
Network ချိတ်ဆက်ခြင်းနှင့် Internet ချိတ်ဆက်ခြင်းများပါဝင်သည်။
Laptop ပြုပြင်ခြင်းများ ထည့်သွင်းသင်ကြားပေးမည်။

**နယ်မှ သင်တန်းသားများအတွက်အဆောင်စီစဉ်ပေးမည်။**

" ကွန်ပျူတာ အခြေခံမရှိသူများလည်းတက်ရောက်နိုင်ပါသည် "

အမှတ်(၈၉)၊ အနော်ရထာလမ်းပေါ်၊ ဆိပ်ကမ်းသာလမ်းထောင့်၊
(၅)လွှာ (ဘယ်) (**ပညာဒါန**) ဆိုင်းဘုတ်ရှိသည်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဆက်သွယ်စုံစမ်းမေးမြန်းရန် - **376 072**

G-Mail : forever.lamin@gmail.com

အိုင်စီတီ ဂျာနယ်
Volume 2, Issue 11
MYANMAR ICT JOURNAL

# ဂီတ ရုပ်ရှင်နှင့် နည်းပညာ ဖလှယ်မှုတွေ ပါဝင်ဆင်နွှဲကြမည့် SXSW 2013 ပွဲတော်

ညီညီနိုင် တစ်ဆက်သည်။



Image Credit: www.news.softpedia.com

SXSW (The South by Southwest)လို့ ခေါ်တဲ့ ပွဲတော်ကို အမေရိကန် တောင်ပိုင်းရဲ့ တောင်ဘက်အစွန်ဆုံး မြို့တစ်မြို့ ဖြစ်တဲ့အပြင် Texas ပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ Austinမြို့မှာ ၁၉၈၇ခုနှစ်ကတည်းက နှစ်စဉ် ကျင်းပလာခဲ့ကြတာ ဖြစ်ပါတယ်။ ဂီတ၊ ရုပ်ရှင်နဲ့ နည်းပညာအသစ်တွေနဲ့ ပတ်သက်တဲ့ မိတ်ဆက်ပြသမှုတွေ၊ တွေ့ဆုံ ညှိနှိုင်းမှုတွေ၊ ကုန်ပစ္စည်းအသစ် မိတ်ဆက်မှုတွေအပြင် ပညာရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ တီထွင်ကြံဆမှု အသစ်တွေ အပါအဝင် များစွာသော Eventတွေနဲ့ အသိပညာ နည်းပညာတွေကို ရရှိနိုင်မည့် ပျော်စရာ ပွဲတော်ကြီး တစ်ခုပဲ ဖြစ်ပါတယ်။ ဒီပွဲတော်ကို နာမည်ကြီး ဂီတသမားတွေ၊ နည်းပညာရှင်တွေသာမက၊ အပြင်လောကမှာ လူချင်း တွေ့ဆုံဖို့ မလွယ်ကူတဲ့ Social Networkတွေ ပေါ်က နာမည်ကြီး Userတွေလည်း တက်ရောက်လေ့ ရှိပါတယ်။ ဒီပွဲကို နှစ်စဉ် မတ်လမှာ ကျင်းပလေ့ရှိပြီး ဆယ်ရက်ဝန်းကျင်ခန့် ကျင်းပလေ့ ရှိပါတယ်။ ဒီနှစ်မှာလည်း မတ်လ (၈)ရက်နေ့မှ မတ်လ (၁၇)ရက်နေ့အထိ ကျင်းပမှာ ဖြစ်ပါတယ်။ ပထမဆုံးနေ့မှာတော့ သတင်းဝက်ဘ်ဆိုဒ် တစ်ခု (သို့မဟုတ်) Social Mediaတစ်ခု ဖြစ်တဲ့ Mashableရဲ့ တည်ထောင်သူတွေကတော့ Memberတွေရဲ့ အချစ်တော် Grumpy Cat (တကယ့် ကြောင်အစစ်လေး)နဲ့အတူ ပွဲတက်လာခဲ့ပြီး Grumpy Catနဲ့ ဓာတ်ပုံတွဲ ရိုက်ချင်တဲ့ သူတွေများစွာဟာ တန်းစီ စောင့်ဆိုင်းခဲ့တယ်လို့ သိရပါတယ်။ ဒ့ါအပြင် ပထမနေ့အတွက် စိတ်ဝင်စားဖို့ အကောင်းဆုံး နည်းပညာ သတင်းတွေကို SXSW 2009မှာတုန်းက 3D Printing နည်းပညာကို မိတ်ဆက်ပေးခဲ့တဲ့ Bre Pettisက သယ်ဆောင်လာခဲ့ပါတယ်။ သူက Makerbotလို့ ခေါ်တဲ့ 3D Printerကို မိတ်ဆက်ပေးခဲ့ပြီး သူ့ရဲ့ 3D Printerဟာ ရုပ်ဝတ္ထုပစ္စည်းတွေကို Scan ဖတ်နိုင်ပြီး တစ်ပုံတည်း တူညီတဲ့ ပစ္စည်းတွေ အဖြစ် 3D Print Out ထုတ်ပေးနိုင်မယ်လို့ ဆွေးနွေး ပြသွားပါတယ်။ စာရွက်သားပေါ်က ရုပ်ပုံတွေကို Scanဖတ်ပြီး နောက်ထပ် စာရွက်အလွတ် တစ်ခုပေါ်မှာ မိတ္တူကူးပေးတဲ့ Printing နည်းပညာကို ကျော်လွန်ပြီး 3D Printing နည်းပညာကို အပြီးသတ် အဆုံးစွန်အထိ အသုံးချလို့ရအောင် သူ ကြံဆောင်နေတယ်ဆိုတဲ့ အကြောင်း ဆွေးနွေး တင်ပြသွားပါတယ်။

Ref: www.mashable.com/www.sxsw.com

# Cell Phoneများ ခိုးယူလာသူ၏ ဘောင်းဘီအိတ်အတွင်းမှ Ringtone သံမျိုးစုံကြောင့် ဖမ်းမိ



Image Credit: www.thenextweb.com

ရာဇဝတ်မှု ကျူးလွန်သူတွေဟာ စီးပွားရေး လုပ်တဲ့ သူတွေလိုပဲ သူတို့ရဲ့ လုပ်ငန်း အကြံအစည်တွေ အောင်မြင်ဖို့ အစီအစဉ်တွေ ဆွဲထားတတ်ကြပါတယ်။ ဒါပေမယ့် မျှော်လင့်မထားဘဲ ဖြစ်လာနိုင်တဲ့ အခြေအနေတွေကိုလည်း ထည့်တွက်ထားသင့်ပါတယ်။ အသက် ၂၈နှစ်အရွယ် Florin Constantin ဆိုသူကတော့ ရိုမေးနီးယား နိုင်ငံသား တစ်ယောက်ဖြစ်ပြီး ပြီးခဲ့တဲ့နှစ် အစောပိုင်းလောက်က အင်္ဂလန်နိုင်ငံကို ရောက်ရှိလာခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သူဟာ ရည်ရွယ်ချက်ရှိရှိနဲ့ မိုဘိုင်းလ်ဖုန်းတွေကို လိုက်လံ ခိုးယူပါတော့တယ်။ ဒီလို ခိုးယူမှုတွေ လုပ်ဖို့ သူ့ဘက်က ပြင်ဆင်ထားတာလည်း ရှိပါတယ်။ သူ့ရဲ့ ပြင်ဆင်မှုကတော့ သူ့ရဲ့ ဘောင်းဘီရှည်အောက်မှာ ခြေအိတ်ရှည်လိုမျိုး အသားကပ် အတွင်းခံ ဘောင်းဘီရှည် တစ်ထပ်ဝတ်ဆင်ထားပြီး အဲဒီအတွင်းခံ ဘောင်းဘီရှည်ထဲမှာ Cell Phoneတွေ များစွာ ထည့်ထားလို့ ရပါတယ်။

တစ်နေ့မှာတော့ သူဟာ ခိုးယူလာတဲ့ Cell Phoneတွေနဲ့အတူ Norwich မြို့က ဘားတစ်ခုမှာ ရှိနေခဲ့ပါတယ်။ သူ့အတွင်းခံ ဘောင်းဘီရှည်ထဲမှာ ခိုးယူလာတဲ့ ဖုန်းတွေ ပါတယ်ဆိုတာကို ဘယ်သူမှ မသိဘူးဆိုတဲ့ ယုံကြည်ချက် အပြည့်နဲ့ပေါ့။ ဒါပေမယ့် သူသတိမထားမိဘဲ မေ့လျော့နေတဲ့ လူ့သဘာဝတစ်ခု ရှိပါတယ်။ အဲဒါကတော့ ဖုန်းပျောက်တဲ့ သူတွေဟာ သူတို့ရဲ့ သူငယ်ချင်း ဖုန်းတွေကိုပဲ ဖြစ်ဖြစ် သုံးပြီး ပျောက်သွားတဲ့ ဖုန်းတွေကို ခေါ်မယ်ဆိုတဲ့ အချက်ပါပဲ။ ဘားမှာ အေးအေးဆေးဆေး ထိုင်နေရင်း သူ့ဘောင်းဘီထဲက ဖုန်း Ringtone သံမျိုးစုံ တစ်ပြိုင်တည်း ထွက်ပေါ်လာတဲ့အချိန်မှာတော့ Florin Constantin တစ်ယောက် ကံဆိုးပါပြီ။ တိုက်တိုက်ဆိုင်ဆိုင် Ringtone အသံပေါင်းများစွာ ပြိုင်တူ ထွက်လာတာကို ဘားရဲ့ ဝန်ထမ်းတွေ သာမက ဘားထဲက လူတွေပါ သတိထား မိသွားပါတယ်။ အဲဒီလို သတိထား မိသွားပြီး နောက်မှာတော့ အတွင်းခံ ဘောင်းဘီထဲက ဖုန်းသံမျိုးစုံ ထွက်လာပြီး ထိတ်ထိတ်ပြာပြာ ဖြစ်သွားတဲ့ မှုမမှန်တဲ့ လူတစ်ယောက်အကြောင်း ရဲကို သတင်းပေးပါတော့တယ်။ နောက်ဆုံးမှာတော့ Constantin တစ်ယောက် Cell Phone ခိုးယူမှုနဲ့ ထောင်ဒဏ် သုံးလကျခံဖို့ တရားရုံးက အမိန့်ချလိုက်ပါပြီ။ တကယ်လို့သာ သူခိုးယူလာတဲ့ ဖုန်းတွေကို Silent လုပ်ထားခဲ့မယ် ဆိုရင်တော့ အခုအချိန်အထိ ခိုးယူမှုတွေ ကျူးလွန်နေဖို့ အခွင့်အရေး ရနေဦးမှာ အသေအချာပါပဲ။

Ref: news.cnet.com

# LinkedInမှ Pluse Newsreader Appကို ဝယ်မည်




Social Network တစ်ခုဖြစ်တဲ့ LinkedInဟာ Newsreader Application တစ်ခုဖြစ်တဲ့ Pluseကို ဝယ်ယူတော့မယ်လို့ ကြေညာလိုက်ပါတယ်။ ဝယ်ယူဖို့ အတွက် ဈေးနှုန်းကို ညှိနှိုင်းနေဆဲဖြစ်ပြီး အမေရိကန် ဒေါ်လာ သန်း ၅၀မှ သန်း ၁၀၀အတွင်း ဖြစ်မယ်လို့ သိရပါတယ်။ ဒီလို ညှိနှိုင်းနေဆဲ အရောင်းအဝယ်မှာ Microsoftနဲ့ Yahooတို့လည်း ပါဝင်တယ်လို့ သိရပါတယ်။

San Franciscoမှာရှိတဲ့ Alphonso Labsမှာ ဖန်တီးခဲ့တဲ့ Pluse Applicationဟာ Platform Independent Application တစ်ခုဖြစ်ပြီး အမျိုးမျိုးသော OSသုံးတဲ့ Device မျိုးစုံပေါ်မှာ သုံးလို့ရမှာ ဖြစ်ပါတယ်။ Pluseဟာ Redpoint Ventures, Greycroft Partners, Mayfield Fund, Lightspeed Investment Partners, New Enterprise Associatesနဲ့ Lerer Venturesစတဲ့ ကုမ္ပဏီတွေကို အခြေပြုပြီး ဒေါ်လာ ၁၀သန်းခန့် တန်ဖိုးမြင့်တက်ခဲ့တယ်လို့ ဆိုပါတယ်။ LinkedInဟာ ဆိုရင်လည်း အသုံးပြုသူ သန်း ၂၀၀ခန့် ရှိပြီး နေ့စဉ် သတင်းပေါင်း ၁၀သန်းခန့် ဖတ်ရှုနေကြတယ်လို့ သိရပါတယ်။ ဒ့ါအပြင် LinkedInရဲ့ ပိုင်ဆိုင်မှုတွေထဲမှာ CardMunch, Slide Shareနဲ့ Rapportiveစတာတွေလည်း ပါဝင်ခဲ့ပြီ ဖြစ်ကြောင်း သိရပါတယ်။

Ref: www.allthingsd.com

# Battery Life စမ်းသပ်မှုမှာ နံပါတ်တစ်ဖြစ်ခဲ့တဲ့ MacBook Pro




စွမ်းအင်ပြည့်ဝမှု၊ Portable ဖြစ်မှုနဲ့ Battery သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်မှုတို့ကို ကြိုက်နှစ်သက်တဲ့ MacBook ချစ်သူများအတွက် အကောင်းဆုံး ထုတ်လုပ်ထားတဲ့ Retina Display MacBook Proဟာ Battery သက်တမ်း စမ်းသပ်မှုတစ်ခုမှာ နောက်ဆုံးပေါ် Windows 8 Laptopတွေနဲ့ Chromebookတို့ထက် ပိုမို သာလွန်ခဲ့ပါတယ်။ အဲဒီစမ်းသပ်မှုမှာ MacBook Proအပြင် Windows 8 Laptop ၁၈လုံးနဲ့ Chromebookတစ်လုံးတို့ ပါဝင်ခဲ့ပါတယ်။ စမ်းသပ်ခဲ့တဲ့ ပုံစံကတော့ Laptop အားလုံးကို Batteryအားအပြည့် အနေအထားမှာ Hard Driveထဲက Video Fileတွေ ဖွင့်ထားပြီး Web Browsingလည်း ပြုလုပ်ခဲ့ပါတယ်။ သိချင်တဲ့ အချက်ကတော့ Battery အပြည့်အနေအထားမှာ တူညီတဲ့ ဆက်တိုက်သုံးစွဲမှု ပြုလုပ်လျှင် နာရီဘယ်လောက်ကြာကြာ အသုံးခံမလဲဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။ ဒီစမ်းသပ်မှုမှာ 13inches Retina Displayနဲ့ MacBook Proက ၆နာရီကြာ ဆက်တိုက် အသုံးခံမှုနဲ့ နံပါတ်တစ်နေရာမှာ ရှိခဲ့ပြီး Windows 8သုံးထားတဲ့ Acer Aspire Timeline Ultra M5-581Tက ၅နာရီ မိနစ် ၃၀နဲ့ ဒုတိယ နေရာမှာ ရှိခဲ့ပါတယ်။ Acerရဲ့ Displayက ၂လက်မ ပိုကြီးပြီးတော့ Retina Type Displayတော့ မဟုတ်ပါဘူး။ Retina Displayခြင်းတူရင်တော့ MacBook Proက ၁နာရီလောက် ပိုအသုံးခံမယ်လို့ ခန့်မှန်းကြပါတယ်။ ဒီစမ်းသပ်မှုမှာ တတိယ နေရာမှာ ရှိခဲ့တဲ့ Samsung Series 3 Chromebookကတော့ ၃နာရီနဲ့ ၄၄မိနစ်ပဲ အသုံးခံခဲ့တယ်လို့ သိရပါတယ်။

Ref: www.tuaw.com

## ဆံကေသာ အနုပညာ



http://unique-hairstyles.net

နောက်ဆုံးပေါ် နည်းပညာ၊ နောက်ဆုံးပေါ်ကား၊ နောက်ဆုံးပေါ် ခေတ်မီဒီဇိုင်းစတဲ့ နောက်ဆုံးပေါ်တွေ အနက် နောက်ဆုံးပေါ် ခေတ်မီ ဆံပင်ပုံစံတွေကို ဖော်ပြပေးနေတဲ့ ဝက်ဘ်ဆိုက် ဖြစ်ပါတယ်။ Wedding Hair, Layered Hair, Shag Hairstyle တွေကို ကြည့်ရှုနိုင်မှာ ဖြစ်ပြီး ၂၀၁၀မှာ ခေတ်စားခဲ့တဲ့ ဆောင်းရာသီ ဆံပင်ပုံစံတွေ၊ မြင်ရသူ ဘိုင်းကနဲ လဲကျသွားစေနိုင်လောက်တဲ့ ညှို့ချက်ပြင်း စိုပြေလှပတဲ့ အသွေးအရောင်တွေနဲ့ ဆံပင် ဖြတ်ညှပ်ပုံစံတွေနဲ့ ၂၀၁၁၊ ၂၀၁၂ရဲ့ ခေတ်မီ ဆံပင်ပုံစံတွေကို လေ့လာ မှတ်သားနိုင်မှာ ဖြစ်ပါတယ်။ ဆံပင် အတို၊ အရှည်၊ အကောက်၊ ဆံပင်ဆေးဆိုး အရောင်တွေ ခံစား ကြည့်ရှု ရမှာဖြစ်ပြီး မင်္ဂလာဆောင် ဆံကေသာ စတိုင်လ်၊ ခပ်မိုက်မိုက် တိုနံ့နံ့ ကေလေးတွေကိုလည်း တင်ပြ ပေးထားပါတယ်။ ဒါ့အပြင် ယောက်ျားသား တို့ရဲ့ ဆံပင်ပုံစံတွေ၊ ဆံကေသာ ထိန်းသိမ်းရမယ့် နည်းလမ်းတွေကိုလည်း ဖော်ပြ ပေးထားပါတယ်။

## လက်ကိုင်အိတ်



http://www.handbag.com

ဈေးဝယ် ဖက်ရှင်၊ ပွဲလမ်းသဘင် ဖက်ရှင်၊ သတင်းနဲ့ ဆောင်းပါး၊ Catwalkစတဲ့ ဖက်ရှင်ကဏ္ဍ၊ အရေပြား ထိန်းသိမ်းနည်း၊ မိတ်ကပ်၊ ရေမွှေး၊ အလှကုန်၊ အလှအပအတွက် အကြံပေးချက်စတဲ့ အလှအပ ရေးရာ ကဏ္ဍ၊ ဆံကေသာရေးရာ ထုတ်ကုန်နဲ့ ပြုပြင်နည်းတွေ၊ အောင်မြင် ကျော်ကြား အနုပညာရှင်တွေရဲ့ လှုပ်ရှားမှု၊ နေထိုင်မှုပုံစံနဲ့ သူတို့ကြားက အတင်းအဖျင်း စကားစတဲ့ ဖျော်ဖြေရေးဆိုင်ရာ ကဏ္ဍတွေ ဖတ်ရှုရမယ့် ဝက်ဘ်ဆိုက် ဖြစ်ပါတယ်။ ဒါတင်မက နလုံးသား ရေးရာနဲ့ ပတ်သက်တဲ့ မှတ်သားစရာ အဖြစ်အပျက်လေးတွေ၊ ချိန်းတွေ့ပုံနဲ့၊ ပြဿနာ ဖြေရှင်းပုံလေးတွေ တင်ပြပေးထားပြီး အစား အစာနဲ့ ကျန်းမာရေးဆိုင်ရာ အချက်အလက်တွေ ရှာဖွေ ဖတ်ရှုနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ပြိုင်ပွဲတွေ၊ ပရိုမိုးရှင်း အစီအစဉ်တွေနဲ့ ဇာတာခွင် တွက်ချက်နိုင်မယ့် ကဏ္ဍလေးတွေကိုလည်း ထည့်သွင်း ပေးထား ပါသေးတယ်။

## လူတွေရဲ့ အချစ်တော်



http://www.mytopdogs.com

အိမ်မွေးတိရစ္ဆာန်ဖြစ်တဲ့ ခွေးကလေးတွေဟာ တစ်ကယ်တော့ လူသားတွေရဲ့ အကောင်းဆုံး အဖော်၊ အကောင်းဆုံး သူငယ်ချင်း ဖြစ်သလို လူသားတွေရဲ့ အချစ်တော်လည်း ဖြစ်ပါတယ်။ ကြင်နာတတ်တဲ့ လူသားတွေနဲ့ အလိုက်သိတတ်တဲ့ ခွေးလေးတွေ ကြားမှာရှိတဲ့ သံယောဇဉ် တစ်ခုဟာလည်း မိသားစုပမာပါပဲ။ အမေရိကားမှာတင် အိမ်မွေးခွေးပေါင်း ၆၈သန်းကျော် ရှိတယ်လို့ ဒီဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။ ခွေးစာ ကျွေးနည်းတွေ၊ ခွေးလေးတွေအတွက် နာမည်ပေးနည်းတွေ၊ ချစ်စရာ ခွေးပုံလေးတွေ၊ အိမ်မွေးခွေးလေးတွေနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ၊ ရယ်မော ပျော်ရွှင်စရာ ဟာသတွေ တင်ပြပေးထားပြီး လူသိများတဲ့ ခွေး အမျိုးအစားပေါင်း ၇၀ကျော်ရဲ့ အသေးစိတ် အချက်အလက်တွေ ဖတ်ရှုနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ခွေးဖက်ရှင်၊ အစားအသောက်၊ ကစားစရာ၊ ကိုယ်ဂန်ဆောင်ခွေး၊ မွေးမြူ လေ့ကျင့်ရေးဆိုင်ရာ သိစရာတွေ ပါရှိပြီး ခွေးပေဒင်ပါ တွက်ချက်နိုင်မှာ ဖြစ်ပါတယ်။

## စင်္ကာပူဂိုးတဲ့ မြန်မာ



http://myanmarinsingapore.com

စင်္ကာပူရောက် မြန်မာတွေ စုစည်းနိုင်ဖို့ လွှင့်တင်ထားတဲ့ ဝက်ဘ်ဆိုက်ပါ။ ယခင်က စင်္ကာပူမှာရှိတဲ့ မိုဘိုင်းဖုန်းများထံသို့ အွန်လိုင်းကနေ SMS အခမဲ့ ပို့လို့ရမယ့် ဝက်ဘ်ဆိုက်တစ်ခု ဖြစ်ပါတယ်။ စင်္ကာပူမှာ M1, Starhub, Singtel ဖုန်းလိုင်း သုံးခုရှိတဲ့အနက် SMS ပို့လိုတဲ့ မိုဘိုင်းဖုန်းဟာ ဘယ်ဖုန်းလိုင်းကို အသုံးပြုနေတယ်ဆိုတာ သိရန် လိုအပ်ပြီး စင်္ကာပူရောက် ဆွေမျိုးသားချင်းများနဲ့ မိတ်ဆွေ သူငယ်ချင်းများအား မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများမှ အလွယ်တကူ ဆက်သွယ်နိုင်ရန် စုစည်းပေးထားခြင်း ဖြစ်ပါတယ်။ စင်္ကာပူကို လာရောက်လိုသူတွေနဲ့ စင်္ကာပူရောက် မြန်မာတွေ ကြုံတွေ့နေရတဲ့ အခက်အခဲတွေ အတွက်လည်း အကူအညီတွေ ပေးနိုင်ပါတယ်လို့ ဝက်ဘ်ဆိုက်က ဆိုပါတယ်။ ဒါ့အပြင် ငွေကြေး လှဲလှယ်နှုန်းထား တွေကိုပါ ဖော်ပြပေးထားပြီး သီချင်းနဲ့ ဗွီဒီယို ဖျော်ဖြေရေး၊ ဆွေးနွေး မှုတွေ၊ စင်္ကာပူ ပညာရေး၊ သတင်းစုံ၊ အင်္ဂလိပ်စာ၊ နည်းပညာ၊ ကျန်းမာရေး၊ စာပေရေးရာ၊ အချစ်နှင့် အိမ်ထောင်ရေး ကဏ္ဍတွေနဲ့ အလုပ်အကိုင် မျိုးစုံပါ ရှာဖွေ ဖတ်ရှုနိုင်မှာ ဖြစ်ပါတယ်။

## အနမ်း သင်တန်းကျောင်း



http://www.virtualkiss.com

အနမ်းဆိုတာ နှစ်သက်စရာ၊ ချစ်စရာကောင်းတဲ့ အာရုံတစ်ခုကနေ ဖြစ်ပေါ်လာပြီး ကြင်နာမှုရဲ့ သင်္ကေတလို့လည်း ခေါ်ဆိုနိုင်ပါတယ်။ ဒီကမ္ဘာမြေမှာ ပန်းတွေ ဘယ်လောက်လှလှ ချစ်သူနှစ်ဦးရဲ့ ချစ်သက်သေ ပြယုဂ်ဖြစ်တဲ့ အကြင်နာ အနမ်း ပန်းပွင့်လေးတွေ လောက်တော့ သာယာ ချိုမြိန်လှပမယ် မထင်ပါဘူး။ ဒီဝက်ဘ်ဆိုက် မှာတော့ အနမ်းနဲ့ ပတ်သက်လို့ လေ့လာ သိမှတ်စရာ၊ ဆောင်ရန် ရှောင်ရန်တွေ ဖတ်ရှုနိုင်မယ့် Kissing School, လူသုံးကုန်တွေမှာ လှပတဲ့ အနမ်းပုံတွေ ပါဝင်တဲ့ Kissing Gear, အွန်လိုင်းမှ မှာယူနိုင်မယ့် အနမ်း စတစ်ကာ၊ Kissing Daily Tipsတွေ၊ အနမ်း ပုံပြင်လေးတွေ၊ Kissing Games, အနမ်း ဗေဒင်၊ အနမ်းတွေ ဝေမျှနိုင်မယ့် Message Board ကဏ္ဍတွေ ပါဝင်ပြီး အနမ်းပြိုင်ပွဲတွေလည်း ပါဝင်ပါတယ်။ ဒါ့အပြင် Kiss Chat ၊ ပရင့်ထုတ်ယူနိုင်မယ့် အနမ်းဓာတ်ပုံတွေလည်း ထည့်သွင်း ပေးထားပါတယ်။

## အပန်းဖြေစရာ ဂိမ်းကမ္ဘာ



http://www.myrealgames.com

ဘဝမှာ သင်ယူ လေ့လာစရာတွေနဲ့ လုပ်ငန်းဆောင်တာတွေ များပြားနေလို့ တခါတရံ သင့်စိတ်ကလေး ညှိုးနွမ်းနေခဲ့ရင်ပဲ ဖြစ်ဖြစ်၊ ကြင်နာစရာ ချစ်သူမရှိလို့ အထီးကျန်နေလို့ပဲ ဖြစ်ဖြစ်၊ ဆုံးဖြတ်ချက် ရမယ့် နေရာတွေမှာ အာရုံတွေပြား ဝေဝါးနေရင်ပဲဖြစ်ဖြစ် ဂိမ်းတွေဟာ သေးသေး ကြီးကြီး သင့်ရဲ့ အာရုံစူးစိုက်မှုကို ပြန်လည် ရယူပေးနိုင်ကာ အပန်းလည်းပြေ၊ ဦးနှောက်ကိုတောင် ထက်မြက်စေနိုင်ပြီး ပျော်ရွှင်စရာတွေ ဆောင်ကျဉ်း ပေးနိုင်ပါတယ်။ ဒီဝက်ဘ်ဆိုက်မှာတော့ အွန်လိုင်းမှာ အခမဲ့ ဆော့ကစားနိုင်မယ့် Trial Version မဟုတ်တဲ့ ကွန်ပျူတာ ဂိမ်းတွေသာ ထည့်သွင်း ပေးထားပြီး ကြိုက်နှစ်သက်တဲ့ ဂိမ်းတွေကို ဒေါင်းလုပ်ပါ ဆွဲယူနိုင်မှာ ဖြစ်ပါတယ်။ 3D Game, Adventure, Dress Up, Billiards, Bike, Brain, Car, Cooking, Flash, Flying, Funny, Girls, Helicopters, Logic, Matching, Military, Mind, Shooter, Strategy စတဲ့ ဂိမ်းတွေ ပါဝင်ပါတယ်။

APT တင်ဆက်သည်။

# Samsung Galaxy S IVအတွက် ပိုမို နီးစပ်လာတဲ့ ခန့်မှန်းချက်များ

ညီညီနိုင်



Samsung Galaxy SIV ထွက်တော့မယ်ဆိုတဲ့ သတင်းတွေနဲ့ ဘယ်လို Specificationတွေ ပါဝင်လာမယ် ဆိုတဲ့ ခန့်မှန်းချက်တွေ အကြိမ်ကြိမ် ထွက်ရှိခဲ့ပြီးပါပြီ။ ဒါပေမယ့် ယခုတစ်ဖန် ထပ်မံ ထွက်ပေါ်လာတဲ့ ခန့်မှန်းချက်တွေကတော့ ဖြစ်နိုင်ချေနဲ့ ပိုမို နီးစပ်လာပြီး ပိုမို တိကျတဲ့ ခန့်မှန်းမှုတွေနဲ့တကွ ဖော်ပြလာကြပါတယ်။ ခန့်မှန်းချက်တွေအရ ဒီ Smart Phoneမှာ Android 4.2.1 OSကို သုံးထားမှာ ဖြစ်ပြီး မျက်နှာပြင်အကျယ် ၅လက်မရှိတဲ့ 1080P Displayပါရှိပါမယ်။ 2GB RAM ပါဝင်ပြီး CPU Speed 1.8GHzရှိတဲ့ Core ၈ခုပါတဲ့ 8-Core CPU Unitကို အသုံးပြုမှာ ဖြစ်တယ်လို့ ခန့်မှန်းထားပါတယ်။ ဒါ့အပြင် Storage Memoryကို 16GBလို့ ခန့်မှန်းထားပြီး Micro SD Expension Soltလည်း ပါဝင်ပါမယ်။ Batteryကိုတော့ 2600mAh Battery ပါဝင်မယ်လို့ ဖော်ပြထားပြီး ကင်မရာကိုတော့ 13MP ကင်မရာ ပါဝင်မယ်လို့ သိရပါတယ်။ ဒါ့အပြင် eye-tracking နည်းပညာ ပါဝင်လာမယ်လို့လည်း သိရပြီး Web Pageတွေကို ဖတ်တဲ့အခါ လက်နဲ့ ထိစရာ မလိုဘဲ Scroll လုပ်လို့ရမှာ ဖြစ်ပါတယ်။ စာဖတ်သူရဲ့ မျက်လုံးအကြည့် နောက်ဆုံး စာပိုဒ်ရဲ့ နောက်ဆုံး စာလုံးကို ရောက်ရှိသွားတဲ့အခါ နောက်စာမျက်နှာကို အလိုအလျောက် ဖွင့်ပေးသွားမှာပဲ ဖြစ်ပါတယ်။ ကမ္ဘာ့ Smart Phone ဈေးကွက်မှာ ဈေးကွက်ဝေစု များများရဖို့ ရည်ရွယ်ထားတဲ့ Samsung Galaxy SIVဟာ အမှန်တကယ် မဖြန့်ချိခင်ကတည်းက Smart Phone အသုံးပြုသူများရဲ့ စိတ်ဝင်စားမှုကို အထူးရရှိနေပြီး လူကြိုက်များမယ့် Smart Phone တစ်လုံး ဖြစ်လာမှာ အသေအချာပါပဲ။ Mobile Advertising ကုမ္ပဏီတစ်ခုဖြစ်တဲ့ BlisMediaရဲ့ CEO Greg Isbisterကလည်း အထက်ပါ ခန့်မှန်းချက်တွေကို မှန်ကန်မှု ရှိနိုင်တယ်လို့ မှတ်ချက်ပေးခဲ့ပြီး Samsung Galaxy SIVဟာ Smart Phone ဈေးကွက်ကို လှုပ်ခတ်စေမယ့် ဖုန်းတစ်လုံး ဖြစ်လာမယ်လို့ ပြောခဲ့ပါတယ်။

Ref: www.engadget.com/news.sky.com

# Mobile Advertising လုပ်ငန်းများ ရာခိုင်နှုန်းများစွာ မြင့်တက်

ညီညီနိုင်



Image Credit: www.thenextweb.com

ကွန်ပျူတာတွေဟာ အနာဂတ်မှာ Mobile Deviceတွေအဖြစ် အပြည့်အဝ အသွင်ပြောင်းသွား လိမ့်မယ်ဆိုတာကို လူတိုင်း သိကြပါတယ်။ စာရင်းဇယားနဲ့ မှတ်တမ်းတွေကလည်း Mobile Gadgetတွေ အသုံးပြုမှုအပေါ် များစွာသော ကိန်းဂဏန်းတွေနဲ့ ပြသနေပါတယ်။ Mobile Deviceတွေ အသုံးပြုမှုနဲ့ Mobile Advertising လုပ်ငန်းတွေ အဆမတန် တိုးတက်ဖွံ့ဖြိုးလာမှုကို ပြီးခဲ့တဲ့ 2011 Mobile World Congress ကနေ 2013 Mobile World Congressအထိ သုံးနှစ်အတွင်းမှာ သိသာထင်ရှားစွာ တွေ့မြင်ခဲ့ရပါတယ်။

ဒီလို အချက်အလက်တွေကို Mobile Advertising ကုမ္ပဏီကြီး တစ်ခုဖြစ်တဲ့ Inneractiveက စုစည်း တင်ပြပေးခဲ့တာ ဖြစ်ပြီး အဲဒီကုမ္ပဏီဟာ Mobile Advertising ကွန်ယက်ပေါင်း ၁၀၀ကျော်နဲ့ ချိတ်ဆက်ထားတဲ့အပြင် Mobile Ads Networkတွေ အားလုံးနဲ့ ပူးတွဲလုပ်ဆောင်ဖို့ ကြိုးစားနေတဲ့ ကုမ္ပဏီပဲ ဖြစ်ပါတယ်။ မှတ်တမ်းတွေအရ Mobile Advertising လုပ်ငန်းတွေဟာ Appleရဲ့ iOSနဲ့ Googleရဲ့ Android Platform နှစ်မျိုးမှာ အဓိက ဖွံ့ဖြိုးလာတာ ဖြစ်ပြီး၊ လွန်ခဲ့တဲ့ သုံးနှစ်ကျော်ကနဲ့ နှိုင်းယှဉ်ရင် iOS သုံးတဲ့ Mobile Deviceတွေမှာ 981%နဲ့ Android OSသုံး Mobile Deviceတွေမှာ 759% တိုးတက်များပြားလာတာဖြစ်လို့ အံ့အားသင့်ဖွယ် ကောင်းလောက်တဲ့ အရှိန်အဟုန်နဲ့ တိုးမြင့်လာခြင်းပဲ ဖြစ်ပါတယ်။ Mobile Advertising ဝန်ဆောင်မှုတွေ ဖွံ့ဖြိုး တိုးတက်လာမှုနဲ့ ပတ်သက်ပြီး မြောက်အမေရိကတိုက်က နံပါတ်တစ်နေရာမှာ ရှိနေပြီး ဥရောပကတော့ ဒုတိယနေရာမှာပါ။ ထင်မှတ်မထားခဲ့တဲ့ အချက်ကတော့ အာဖရိကတိုက်က နံပါတ်လေးနေရာကို ရောက်လာတာပါပဲ။ ဒီလို Mobile Advertising လုပ်ငန်းတွေ ဖွံ့ဖြိုးလာမှုမှာ Facebookလို Social Networkတွေက သူတို့ရဲ့ ဝန်ဆောင်မှုကို Mobile Deviceတွေပေါ်မှာ ကောင်းစွာ အသုံးပြုနိုင်ဖို့ အာရုံထားပြီး ဝန်ဆောင်မှု ပေးလာတာကြောင့်လည်း ဖြစ်တယ်လို့ သိရပါတယ်။

Ref: www.thenextweb.com

# Appleနှင့် Facebookကို တိုက်ခိုက်ခဲ့သည့် Hackerများ၊ ကားကုမ္ပဏီများနှင့် အခြားစီးပွားရေး လုပ်ငန်းများကိုလည်း တိုက်ခိုက်ခဲ့


Image Credit: www.aapltrader.com

ပြီးခဲ့တဲ့ လပိုင်းအတွင်းမှာ ကမ္ဘာ့ကျော် နည်းပညာ ကုမ္ပဏီကြီးတွေဟာ Cyber တိုက်ခိုက်မှု ခံခဲ့ရကြောင်း တရားဝင် ကြေညာခဲ့ပါတယ်။ အဲဒီလို တိုက်ခိုက်ခံခဲ့ရတဲ့ နည်းပညာ ကုမ္ပဏီကြီးတွေကတော့ Apple, Facebook, Microsoftနဲ့ Twitter တို့ပဲဖြစ်ပြီး ယခုအချိန်မှာတော့ အဲဒီကုမ္ပဏီတွေ သာမက အခြား စီးပွားရေး လုပ်ငန်းတွေ ဖြစ်တဲ့ ကားထုတ်လုပ်သူ သကြားလုံး ကုမ္ပဏီတွေအပြင် USရဲ့ အစိုးရ ရုံးတွေကပါ သူတို့လည်း တိုက်ခိုက်ခံခဲ့ရပြီး သူတို့ကုမ္ပဏီတွေရဲ့ Company Systemတွေထဲကို ထိုးဖောက် ဝင်ရောက်ခံခဲ့ရခြင်းတွေ ရှိခဲ့တယ်လို့ ပြောခဲ့ပါတယ်။ ဒီလို တိုက်ခိုက်မှုတွေနဲ့ ပတ်သက်ပြီး Facebook Security Teamရဲ့ ခေါင်းဆောင် Joe Sullivanက တိုက်ခိုက်သူတွေရဲ့ ပစ်မှတ်က နည်းပညာ ကုမ္ပဏီတစ်ခု သို့မဟုတ် စီးပွားရေး လုပ်ငန်းတစ်ခု ဆိုတာထက် များစွာ ပိုမို ကျယ်ပြန့်တယ်လို့ Me Security Ledger (www.securitledger.com)ကို ပြောခဲ့တယ်လို့ သိရပါတယ်။

The Security Ledgerကလည်း တိုက်ခိုက်သူတွေဟာ နည်းပညာ ကုမ္ပဏီကြီးတွေရဲ့ ကွန်ပျူတာတွေထဲကို Malwareတွေ ထည့်သွင်းဖို့အတွက် အဲဒီ ကုမ္ပဏီတွေရဲ့ ဝန်ထမ်းတွေ အသုံးပြုနေကြ သို့မဟုတ် ရင်းနှီးပြီးသား ဖြစ်နေမည့် Third-Party Websiteတွေကို အသုံးပြုခဲ့တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ လပိုင်းအတွင်းမှာ Cyber တိုက်ခိုက်မှု ခံခဲ့ရတဲ့ ကုမ္ပဏီပေါင်း ၄၀ခန့်ရှိပြီး တိုက်ခိုက်မှုတွေရဲ့ အများစုက တရုတ်ပြည်မှ လာတယ်လို့ ယူဆထားကြပါတယ်။ ဒီလို တိုက်ခိုက်မှုတွေ အားလုံးကို Hackerအဖွဲ့ တစ်ခုတည်းက ရည်ရွယ်ချက် ရှိရှိနဲ့ တိုက်ခိုက်နေတာလား၊ တိုက်ဆိုင်မှုလား ဆိုတာကိုတော့ ဘယ်သူမှ ရှင်းရှင်းလင်းလင်း မပြောနိုင်သေးပါဘူး။

Ref: www.securitledger.com





MYANMAR ICT JOURNAL အိုင်စီတီ ဂျာနယ်
Volume 2, Issue 11



How-to

# Gtalkမှာ မြန်မာစာ မမြင်ရဘဲ အတုံးလေးသာ ပေါ်နေသော Errorဖြေရှင်းနည်း

ချိုခင်




အင်တာနက် အသုံးပြုသူတွေဟာ Gtalkမှာ မြန်မာစာကို ရိုက်ဖို့အတွက် Zawgyi Fontကို သွင်းထားရပါတယ်။ သို့ပေမယ့်လည်း တချို့သော ကွန်ပျူတာတွေမှာ Gtalk အသုံးပြုသူတွေဟာ Zawgyi Font သွင်းထားပြီး မြန်မာစာ ရိုက်လို့ရပေမယ့်လည်း မိမိရဲ့Gtalkမှာတော့ မြန်မာ Fontတွေကို မမြင်ရဘဲ အတုံးလေးတွေသာ ပေါ်နေတတ်ပါတယ်။ မြန်မာလို မြင်ရဖို့အတွက် ဖြေရှင်းတဲ့ နည်းလမ်းကတော့ Windowsမှာ Build in ပါလာတဲ့ Internet Explorerမှာ အနည်းငယ် ဝင်ပြင်ပေးရမှာပါ။ ပထမဆုံး Internet Explorerကို ဖွင့်လိုက်ပါ။ ပြီးရင်တော့ Menu Barထဲသို့ ဝင်လိုက်ပါ။ Internet Optionsကို ရှာပြီး Click နှိပ်ပါ။ General Tabကို တွေ့ရပါလိမ့်မယ်။ General Tabထဲမှာ Appearanceအောက်က Fontsထဲကို ဝင်ပါ။ အဲဒီထဲမှာ Webpage Fontကို Time New Romanလို့ ရွေးပြီးသား ဖြစ်နေပါလိမ့်မယ်။ Time New Romanရဲ့နေရာမှာ Zawgyi-Oneကို ပြောင်းပေးပြီး OKကို နှိပ်ပါ။ ကဲ ဒီလောက်ဆိုရင်တော့ Gtalkမှာ မြန်မာလို မြင်နေရပါပြီ။

# ကွန်ပျူတာ ပါဝါဖွင့်ထားပြီး Windows မတက်သော Error ဖြေရှင်းနည်း

ချိုခင်




Desktop ကွန်ပျူတာတွေမှာ ပါဝါဖွင့်ပြီး Windows မတက်တဲ့ Errorကတော့ ဖြစ်လေ့ ဖြစ်ထ ရှိတတ်ပါတယ်။ ဘယ်ကစပြီး ဖြစ်တယ်ဆိုတာကတော့ ကွန်ပျူတာ System Unitမှာ ဖုန်မှုန့်တွေနဲ့ အမှိုက်စလေးတွေ ဝင်နေလို့ပဲ ဖြစ်ပါတယ်။ ကွန်ပျူတာကို သန့်ရှင်းရေး ပုံမှန် လုပ်ပေးရင်တော့ ဒီပြဿနာ ဖြစ်ဖို့ ရာခိုင်နှုန်း နည်းသွားပါလိမ့်မယ်။ ကဲ စတင်ပြီး Errorကို ဖြေရှင်း ကြည့်ရအောင်။ အရင်ဆုံး ကွန်ပျူတာ ပါဝါကို ပိတ်ထားပေးပါ။ ပြီးရင်တော့ Power Supplyရဲ့ ပါဝါကြိုးကို ဖြုတ်ထားပါ။ ကွန်ပျူတာ System Unitကို သန့်ရှင်းရေး ပြုလုပ်ပေးဖို့ Casing အဖုံးကို ဖွင့်လိုက်ပါ။ Motherboardပေါ်မှာ တက်နေတဲ့ ဖုန်မှုန့်နဲ့ အမှိုက်စလေးတွေကို စုတ်တံဖြင့် ရှင်းလင်းပေးပါ။ CPUထဲမှာ ဝင်နေတဲ့ ဖုန်မှုန့်တွေကိုတော့ CPU Fanကို ဖြုတ်ပြီး စုတ်တံဖြင့် သန့်ရှင်းပေးပါ။ ပြီးရင် Memory Slotမှာ တပ်ထားတဲ့ Memoryကို ဖြုတ်ပြီးတော့ Memory Slot ကြားထဲမှာ ရှိသော ဖုန်မှုန့် လေးတွေကို စုတ်တံဖြင့် ရှင်းလင်းပေးပါ။ ကွန်ပျူတာ အသုံးပြုတာ အချိန်ကာလတွေ ကြာမြင့်လာရင်တော့ Memory Cardက ကြေးအနည်းငယ် ကပ်နေတတ်ပါတယ်။ ဒါကို ဖြေရှင်းပေးဖို့အတွက် ခဲဖျက်ကို အသုံးပြုရပါလိမ့်မယ်။ ကြေးတက်နေတဲ့ Memory Cardကြောင့်လည်း Windows မတက် တာလည်း ဖြစ်နိုင်ခြေ များပါတယ်။ ကြေးတက်နေတဲ့ Memory Cardကို သန့်ရှင်းရန် Memory Cardရဲ့ အောက်ခြေမှာရှိတဲ့ ကြေးငုတ်လေးတွေမှာ တက်နေတဲ့ ကြေးတွေကို ခဲဖျက်ဖြင့် ဖျက်ပြီး သန့်ရှင်းအောင် ပြုလုပ်ပေးလိုက်ပါ။ ကွန်ပျူတာ အစိတ်အပိုင်း အားလုံး သန့်ရှင်းရေး ပြုလုပ်ပြီးသွားရင်တော့ Power Supply ပါဝါကြိုးကို ပြန်တပ်ပေးပါ။ ကွန်ပျူတာပါဝါကို ဖွင့်လိုက်တာနဲ့ Windows ပြန်တက်တဲ့ အနေအထားကို ရောက်ရှိသွားမှာပါ။

# Androidဖုန်းတွေ မကြာခဏ Hangနေရခြင်း

ရဲထား



ဖုန်းတွေ ဘာလို့ မကြာခဏ Hangနေရတာလဲဆိုတာ အကြောင်းအရင်း များစွာ ရှိပါတယ်။ CPU နိမ့်နေတာကြောင့်လဲ ဖြစ်နိုင်ပါတယ်။ ဖြစ်နိုင်ဆုံး အခြေအနေကတော့ ဖုန်းမှာပါတဲ့ Built-in Memoryလို့ ခေါ်တဲ့ Memory ပမာဏနည်းတဲ့ ဖုန်းတွေက ပို Hangတတ်ပါတယ်။

ဘာကြောင့် Built-in Memoryနည်းတဲ့ ဖုန်းတွေက ပိုHangတာလဲ?

Built-in Memory နည်းတဲ့ဖုန်းတွေက CPU နည်းပါတယ်။ Built-in Memoryက နည်းနေတဲ့အတွက် External Memory ထပ်ထည့်ရပါ တယ်။ External Memory 8GB, Built-in Memoryက 125 MB ရှိနေတဲ့ ဖုန်းတစ်လုံးဟာ မကြာခဏ Hangနေတယ်။ ဘာကြောင့်လဲဆိုရင် ဖုန်းထဲမှာ သွင်းထားတဲ့ Applicationတွေ များနေတယ်။ Built-in Memory ရှိသလောက်ကို Applicationတွေ သွင်းထားတာကြောင့်လဲ ဖြစ်နိုင်ပါတယ်။ နောက်တစ်ခုက External Memory 8GBကို 7GBလောက် Dataတွေ ထည့်ထားတာကြောင့်လဲ ဖြစ်နိုင်ပါတယ်။ အဲ့ဒီလို အခြေအနေမျိုးမှာ ဖုန်းက OSကိုလဲ Runနေရတယ်။ တစ်ခြား Applicationတွေကိုလဲ Runနေရတဲ့အတွက် သူလုပ်နိုင်တဲ့ စွမ်းရည်ထက် ကျော်လွန်သွားတဲ့အခါ တစ်ခါတလေ Hangတတ်ပါတယ်။

Built-in Memoryနည်းတဲ့ ဖုန်းတွေကို အဲ့လို မဖြစ်အောင် ဘယ်လိုလုပ်မလဲ?


ရှင်းပါတယ်၊ သူလုပ်နိုင်သလောက် တာဝန်ကိုပဲ လုပ်ခိုင်းပါ။ CPU နည်းတဲ့အတွက် သူ့ရဲ့အလုပ် လုပ်နိုင်စွမ်းလည်း နည်းပါတယ်။ ဖုန်းတစ်လုံးက Built-in Memory 125 MB, CPU 800 MHz ရှိတယ် ဆိုပါစို့။ အဲ့ဒီ Memoryက Android Osရဲ့ Data ပမာဏကို နုတ်ပြီး လက်ကျန် Memory ဖြစ်ပါတယ်။ နဂိုထဲက Memory နည်းနေတဲ့အတွက် Application အများကြီး သွင်းလို့ မရပါဘူး။ ဖုန်းထုတ်တဲ့ လူတွေက ဒါကို တွက်ချက် ပေးပြီးသားပါ။ Applicationတွေကို အစကတည်းက လိုအပ်သလောက် ထည့်ပေးပြီးသားပါ။ User လက်ထဲရောက်မှာသာ စိတ်ကြိုက် Application ထည့်လို့ရအောင် Memory ချန်ပေးထားတာပါ။ Built-in Memoryပေါ်မှာ Android Osကလဲ အလုပ်လုပ်နေတယ်၊ Applicationတွေကလဲ အလုပ် လုပ်နေပါတယ်။ Built-in Memory နည်းတဲ့ ဖုန်းတွေကို External Memory တတ်နိုင်သမျှ အများဆုံး ထည့်ပါ။ Applicationတွေ လိုအပ်သလောက်ပဲ ထည့်ပါ။ ဂိမ်းကို အချိန်ကြာမြင့်အောင် မဆော့ပါနဲ့။ Recentတွေကို ဖျက်ပေးပါ။ Call Logတွေ အများကြီး သိမ်းမထားပါနဲ့ ဖျက်လိုက်ပါ။ တစ်ပတ် တစ်ခါလောက် ဖုန်းကို Restart လုပ်ပေးပါ။ ဖုန်းဖွင့်ထားဖို့ မလိုအပ်တဲ့ အချိန်တွေမှာ ဖုန်းကို ခဏ ပိတ်ထားပါ။ ဖုန်းဆိုတာ ကွန်ပျူတာထက် အလုပ် ပိုလုပ်ပါတယ်။ ကွန်ပျူတာက အလုပ်လုပ်ပြီးရင် ပိတ်တဲ့အချိန်တွေ ရှိပါတယ်။ ဖုန်းကို Power ပိတ်တဲ့အချိန်က နည်းပါတယ်။ ဒါကြောင့် တစ်ခါတလေ အနားပေးသင့်ပါတယ်။ စက်ပစ္စည်းဆိုတာ လူတွေနဲ့ အတူညီဆုံး ပုံစံတွေယူပြီး တီထွင်ထားတာပါ။ သူတို့လဲ လူတွေလို အနားပေးသင့်ပါတယ်။ လုပ်နိုင်စွမ်းထက် ပိုလာရင် ဘယ်အရာပဲဖြစ်ဖြစ် ပျက်စီးလွယ်ပါတယ်။ ဒီလိုနည်းလမ်းတွေနဲ့ ဖုန်း မကြာခဏ Hangနေတယ်ဆိုတဲ့ Errorကို အတတ်နိုင်ဆုံး ဖြေရှင်းလို့ရပါတယ်။



## Freemake Music Box

အရွယ်အစား - 1.14 MB
ဝက်ဘ်ဆိုက် - http://www.freemake.com
တွဲသုံးနိုင်သည့်စနစ် - Windows XP/Vista/7

အွန်လိုင်းပေါ်ကနေ သီချင်းဖိုင်တွေ ရှာဖွေ ဆွဲယူနားဆင်နိုင်မယ့် ဆော့ဖ်ဝဲ ဖြစ်ပါတယ်။ တချို့ ဆော့ဖ်ဝဲတွေက သုံးစွဲဖို့ နေရာဒေသတိုင်း ပြည်ကန့်သတ်ချက် ထားရှိပေမယ့် ဒီဆော့ဖ်ဝဲကတော့ အဲဒီလို ကန့်သတ် မထားပါဘူးတဲ့။ နားဆင်ချင်တဲ့ သီချင်းကို တိုက်ရိုက် ရှာဖွေနားဆင်နိုင်မှု၊ အယ်လ်ဘမ်၊ သီဆိုသူနဲ့ သီချင်းခေါင်းစဉ်အလိုက် ခွဲခြားထားနိုင်မှုတို့ ပါဝင်ပြီး နိုင်ငံတကာမှ လွှင့်တင်ထားတဲ့ အင်တာနက်ပေါ်က သီချင်းတွေဖြစ်ပြီး ဥပဒေနှင့် ညီညွတ်တဲ့အတွက် ဒုက္ခ မဖြစ်စေရပါဘူးလို့ ဆိုပါတယ်။




## BS1 General Ledger

အရွယ်အစား - 1.45 MB
ဝက်ဘ်ဆိုက် - http://www.dbsonline.com
တွဲသုံးနိုင်သည့်စနစ် - Win 9x/XP/Vista/7

ဒီဆော့ဖ်ဝဲကလည်း အထွေထွေ ရသုံးမှန်းခြေ ဘတ်ဂျက် တွက်ချက်ပေးနိုင်ပြီး ငွေကြေးဆိုင်ရာ အချက်အလက်တွေ သိရှိနိုင်မယ့် ဆော့ဖ်ဝဲ ဖြစ်ပါတယ်။ ဝင်ငွေ အခြေအနေ၊ ညီမျှမှု၊ ဘတ်ဂျက်တွေကို Report ထုတ်ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ အသုံးပြုသူ ရွေးချယ် သတ်မှတ်နိုင်တဲ့ ငွေကြေးပုံစံ၊ အကောင့်ခွဲတွေ ပြုလုပ်နိုင်မှု၊ အလိုအလျောက် ပြုလုပ်ပေးမယ့် နှစ်ချုပ်စာရင်းတွေ ပါရှိပြီး Microsoft Excel ဖိုင်အဖြစ် သို့လည်း ပြောင်းလဲပေးနိုင်မှာ ဖြစ်ပါတယ်။ ငွေကြေးဆိုင်ရာ တွက်ချက် မှုတွေကို Wizard တွေနဲ့လည်း ဖန်တီး ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။




## LiLi USB Creator

အရွယ်အစား - 4.48 MB
ဝက်ဘ်ဆိုက် - http://www.linuxliveusb.com
တွဲသုံးနိုင်သည့်စနစ် - Win 98/2000/XP/2003/Vista/7

Bootable Live USB Key ဖန်တီး ပြုလုပ်ပေးနိုင်တဲ့ ဆော့ဖ်ဝဲ ဖြစ်ပါတယ်။ ဝင်းဒိုးစ် အသုံးပြုသူတွေ အနေနဲ့ Ubuntu, Fedora, Debian, PCLinuxOS, Damn Small Linux, Puppy Linux OSတွေကို Windows နဲ့တခြား OS တွေမှာ တိုက်ရိုက် အသုံးပြုနိုင်မှာဖြစ်တဲ့ အထူး သီးသန့် လုပ်ဆောင်မှုပါ ဆော့ဖ်ဝဲ ဖြစ်ပါတယ်။ Install လုပ်စရာမလို၊ ဘာ Configurationမှ လုပ်စရာ မလိုတဲ့အတွက် မည်သူမဆို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

APT တင်ဆက်သည်။

အိုင်စီတီ ဂျာနယ် Volume 2, Issue 11
MYANMAR ICT JOURNAL

# RAID Technology အကြောင်း တစေ့တစောင်း

ဧဦးသူ

**ယခင်အပတ်မှ အဆက်**

## RAID Levels

(1) RAID 0 (2) RAID 1 (3) RAID 2 (4) RAID 3 (5) RAID 4 (6) RAID 5 (7) RAID 6 (8) RAID 01 (0+1) and RAID 10 (1+0)

ဒါတွေက RAID Level သင်္ကေတချက်တွေပါ။ တစ်ခုချင်းစီအလိုက် သူ့ရဲ့ အလုပ်လုပ်ဆောင်ပုံကလည်း မတူညီပါဘူး။ RAID နည်းပညာကို အသုံးပြုမယ့် ITသမားတစ်ယောက်က အဲဒီ အချက်တွေကိုလည်း နားလည်ထားမှသာရင် အဆင်ပြေနိုင်ပါလိမ့်မယ်။ အဲဒီထဲကမှ အခု ကျွန်တော်တို့ အသုံးအများဆုံး ဖြစ်တဲ့ RAID 0, RAID 1, RAID 4 , RAID 5ကိုပဲ ကျွန်တော် ရေးပါ့မယ်။


နောက်တစ်ခု အနေနဲ့ RAID နည်းပညာကို အသုံးပြုတော့မယ်ဆိုရင် မိမိ အသုံးပြုမယ့် Storage Device တစ်နည်းအားဖြင့် Hard Diskက Sizeလည်း တူမယ်။ Brandလည်း တူမယ်ဆိုရင် ပိုကောင်းပါတယ်။ မတူဘူးဆိုရင်ရော မရဘူးလား ဆိုတော့ ရပါတယ်။ ဒါပေမယ့် တစ်ခုရှိတာက ဥပမာ - Hard Disk (၃)လုံး အသုံးပြုမယ်။ ပထမ Hard Diskက 500 GB ရှိတယ်၊ ဒုတိယ Hard Diskက 750 GB Size ရှိတယ်။ နောက်ဆုံး တတိယ Hard Diskက 1000 GB Size ရှိတယ် ဆိုပါတော့။ ဘယ် Hard Diskရဲ့ ပမာဏကို ယူမယ်ထင်လဲ။ RAID ဖန်တီးလိုက်တဲ့ အခါမှာ အငယ်ဆုံး Hard Diskရဲ့ ပမာဏ 500 GBကိုပဲ ယူသွားမှာပါ။ အဲဒါဆို ကျန်နေတဲ့ Size အပိုတွေက အလကား ဖြစ်သွားပြီပေါ့။

## RAID Level 0




သူ့ကိုတော့ Striping Volumeလို့ ခေါ်ပါတယ်။ တစ်နည်းအားဖြင့် Stripingဆိုတာ ခွဲခြမ်း စိတ်ဖြာတယ်ပေါ့။ RAID 0ကို ဘာအတွက် သုံးမလဲဆိုတော့ ဥပမာ - 250 HDD နှစ်လုံး ရှိနေတယ်ဗျာ။ အဲဒီ Hard Disk နှစ်လုံးကို Computerမှာ တက်လိုက်မယ် ဆိုပါတော့။ ပုံမှန်ဆိုရင် 250 GB ဆီရှိတဲ့ Partition 2ခု My Computerအောက်မှာ ပေါ်နေမှာပေါ့။ အဲဒါကို RAID 0 နည်းပညာကို အသုံးပြုပြီး Striping လုပ်လိုက်မယ်ဆိုရင် 500 GBရှိတဲ့ Partition 1 ခုထဲပဲ My Computerထဲမှာ မြင်ရပါမယ်။ အဲဒီတော့ ဘယ်သူတွေသုံးမလဲ ?? Gammerတွေ၊ Video Editorသမားတွေ Storage ပမာဏ များများ လိုအပ်တဲ့သူတွေ အသုံးပြုကြပါတယ်။ အဓိကကတော့ Data Transfer Rateကို မြှင့်ဖို့အတွက်နဲ့ Storage Volumeကို ချဲ့ဖို့အတွက် အသုံးပြုကြပါတယ်။ ဒီနည်းပညာကို သုံးမယ်ဆို အနည်းဆုံး Hard Disk (၂)လုံး လိုအပ်ပါတယ်။ Fault Tolerance မရပါဘူး။ တစ်ကယ်လို့ Hard Diskတစ်လုံး ပျက်ခဲ့မယ်ဆိုရင် ရှိသမျှ Data အကုန်ပျက်ပါ။ ဘာကြောင့်လဲဆိုတော့ သူက Dataကို Hard Disk (၂)လုံးကို မျှပြီး သိမ်းပါတယ်။ အဲလောက်ဆိုရင်တော့ RAID 0နဲ့ ပတ်သက်ပြီး နားလည်မယ်လို့ ထင်ပါတယ်။

## RAID Level 1



RAID 1 ကိုတော့ Mirror Volumeလို့ ခေါ်ပါတယ်။ RAID 1ကို Configure လုပ်မယ်ဆိုရင်လဲ Minimum Hard Disk (2)လုံး လိုအပ်ပါတယ်။ သူကတော့ Dataကိုခွဲပြီး သိမ်းတဲ့အတွက် Fault Tolerance ရပါတယ်။ Hard Disk တစ်လုံးမှာ သိမ်းတဲ့ Dataကို တစ်ခြား Hard Disk တစ်လုံးမှာလဲ ထိုနည်းတူစွာပဲ သွားပြီး သိမ်းပါတယ်။ အဲဒါကြောင့် Hard Disk တစ်လုံး ပျက်သွားခဲ့မယ် ဆိုရင်လည်း မိမိရဲ့ Data ကတော့ ကျန်ရှိနေဦးမှာပါပဲ။ ဒါပေမဲ့ Storageကတော့ ဥပမာ - 1000 GB ရှိတဲ့ Hard Disk 2လုံးကို အသုံးပြုမယ်ဆိုရင် မိမိရဲ့ Storageက 1000 GBပဲ ရမှာပါ။ ဘာကြောင့်လဲဆိုတော့ Dataကို Hard Disk (2)လုံး စလုံးမှာ တူညီစွာ သိမ်းတဲ့အတွက်ကြောင့်ပါ။ အဲဒါဆိုရင် RAID 1နဲ့ ပတ်သက်ပြီးလည်း နားလည်မယ် ထင်ပါတယ်။

## RAID Level 4




RAID 4ကိုတော့ Striping Volume with Dedicated Parity Deviceလို့ ခေါ်ဆိုနိုင်ပါတယ်။ RAID 4မှာ သိစရာ တစ်ခု ပါလာပါတယ်။ အဲဒါကတော့ Parityဆိုတာပါ။ RAID 4ကို အသုံး ပြုဖို့အတွက် Minimum Hard Disk 3လုံး လိုအပ်ပါတယ်။ အဲဒီ 3 လုံးထဲမှာမှ 2လုံးက Data အတွက်ပါ။ ကျန်တဲ့ 1လုံးကတော့ Parity တန်ဖိုးတွေ ထားရှိတာပါ။ Parity တန်ဖိုးဆိုတာ ဘယ်လိုမျိုးလဲဆိုတော့ လွယ်လွယ်ပြောရရင် Data Lost ဖြစ်သွားခဲ့ရင် Recover လုပ်ဖို့အတွက် သူက Parity တန်ဖိုးနဲ့ တွက်ထုတ်ပြီး သိမ်းပါတယ်။ အကြောင်းတခုခုကြောင့် Hard Disk တစ်လုံး ပျက်သွားခဲ့မယ်ဆိုရင် ကျန်ရှိနေသေးတဲ့ Dataကို Parity တန်ဖိုးနဲ့ တိုက်စစ်ပါတယ်။ လိုအပ်နေတဲ့ Dataကို ပြန် Recover လုပ်ပေးတယ်ပေါ့ဗျာ။ အဓိကက Parityအတွက် Spare Disk တစ်လုံး ပါတယ်ဆိုတာ သိရင် ရပါပြီ။ ဒီတန်ဖိုးတွေ ကျွန်တော်တို့ တွက်တက်ဖို့အထိ မလိုအပ်သေးပါဘူး။ ဒီ RAID 4မှာလဲ Hard Disk တစ်လုံး ပျက်ခွင့်ရှိပါတယ်။ အကယ်၍ HDD တစ်လုံး ပျက်သွားခဲ့ရင်လဲ Dataတွေ မပျက်သွားနိုင်ပါဘူး။

## RAID Level 5



RAID 5ကိုတော့ Striping Volume with Distributed Parityလို့ ခေါ်ပါတယ်။ RAID 4နဲ့ မတူဘူးနော်။ RAID 4က Dedicated Parityပါ။ RAID 5မှာက Distributed Parityပါ။ ပြောရင် Distributed ဆိုတော့ ဖြန့်ကျက်ပြီး သိမ်းတယ်ပေါ့ဗျာ။ RAID 4မှာတုန်းက Hard Disk တစ်လုံးက Parity တန်ဖိုးတွေ သိမ်းဖို့အတွက်တဲ့။ ဒီ RAID 5မှာကျတော့ Parity တန်ဖိုးတွေကို ဖြန့်ကျက်ပြီး သိမ်းပါတယ်။ ပုံမှာကြည့်ရင်လည်း တွေ့နိုင်ပါတယ်။ Pဆိုတာ HDDတိုင်းမှာ ပါနေပါတယ်။ သူလဲပဲ Minimum Hard Disk 3လုံး လိုအပ်ပါတယ်။ အဲဒီ Hard Disk 3 လုံးစလုံးမှာ Parity တန်ဖိုးတွေ သိမ်းပါတယ်။ အဲဒါလေးပဲ ကွာသွားတာပါ။ ဒီ RAID 5မှာလဲ Fault Tolerance ရပါတယ်။ Hard Disk တစ်လုံး ပျက်ခွင့်ရှိပါတယ်။ အကယ်၍ HDD တစ်လုံး ပျက်သွားခဲ့ရင် ကျန်တဲ့ HDD နဲ့ဆက်ပြီး Runနေပါလိမ့်မယ်။

Networkသမားတိုင်း သိထားသင့်တဲ့ RAID အကြောင်းကို Networkပိုင်းကို စလေ့လာမယ့် နည်းပညာသမားလေးတွေအတွက် နည်းနည်းဖြစ်ဖြစ် ဗဟုသုတ ရစေရန်၊ တစ်ဖက် တစ်လမ်းကပဲ ဖြစ်ဖြစ် အထောက်အကူပြုစေရန် တစေ့တစောင်းအနေနဲ့ ရေးသားလိုက်ခြင်းသာ ဖြစ်ပါသည်။ နည်းပညာဆိုတာ အများကြီး ကျယ်ပြန့်ပါတယ်။ အဆုံးမရှိပါဘူး။ ယခု ရေးလိုက်တဲ့ RAID နည်းပညာနဲ့ ပတ်သက်လို့လည်း လေ့လာစရာတွေ အများကြီး ကျန်ရှိနေပါသေးတယ်။ အင်တာနက်မှာပဲ ဖြစ်ဖြစ် ၊ လက်လှမ်းမှီရာ E-Bookတွေမှာပဲ ဖြစ်ဖြစ် ထပ်မံ လေ့လာလို့ အဆင်ပြေရန် အလို့ငှာ တစေ့တစောင်း ရေးသားလိုက်ခြင်းသာ ဖြစ်ပါသည်။ ကြိုးစားပါဦးမည်။ လေးစားစွာဖြင့် .........

# Sony၏ CEOဟောင်း Howard Stringer အနားယူရန် အတည်ပြု

ညီညီနိုင်



Image Credit: nytimes.com

Howard Stringerဟာ Sony Corporationနဲ့ ၁၅ခုနှစ်ကြာ လက်တွဲခဲ့တဲ့ Sonyရဲ့ CEOဟောင်း တစ်ယောက် ဖြစ်ပါတယ်။ သူဟာ စီးပွားရေးအရ အရှုံး ပေါ်နေတဲ့ Sonyကို ဆက်လက် ရပ်တည်နိုင်ဖို့ အကောင်းဆုံး လုပ်ဆောင်ခဲ့တဲ့ သူတစ်ယောက်ဖြစ်ပြီး ယခုလာမည့် ဇွန်လမှာ အနားယူတော့မယ်လို့ မတ်လ ၈ရက်နေ့၊ သောကြာနေ့က ကြေညာခဲ့ပြီး တနင်္ဂနွေနေ့မှာတော့ အဲဒီသတင်းကို အတည်ပြုပေးခဲ့ပါတယ်။ ဝေလနွယ်ဖွား အမေရိကန်နိုင်ငံသား Howard Stringerဟာ ၂၀၀၅ခုနှစ်မှာ Sonyရဲ့ ပထမဦးဆုံး နိုင်ငံခြားသား CEOတစ်ယောက် ဖြစ်လာခဲ့ပြီး Sonyရဲ့ ဂုဏ်ယူစရာ ထုတ်ကုန် တစ်ခုဖြစ်တဲ့ Sony Walkman Music Playerကို မွေးဖွား ပေးခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ နှစ်ကတည်းက Sonyကို လက်ရှိ CEOဖြစ်သူ Kazuo Hiraiရဲ့ လက်ထဲကို လွှဲပြောင်းပေးဖို့ အဆင်သင့် ဖြစ်ခဲ့တာဖြစ်ပြီး Sonyရဲ့ Chairman အဖြစ်သာ ဆက်လက် ရှိနေပေးတော့မယ်လို့ ပြောခဲ့ပါတယ်။ Sony Companyဟာ လက်ရှိအချိန်မှာ စီးပွားရေး ကျဆင်းပြီး ၆၇ခုနှစ်အတွင်းမှာ အရှုံးအများဆုံး အခြေအနေကို ရောက်နေပေမယ့် Howard Stringer ကတော့ ခေါင်းဆောင်မှု အရည်အသွေးကောင်းနဲ့ ထူးချွန်ထက်မြက်မှုတွေ များစွာရှိတဲ့ Kazuo Hiraiရဲ့ လက်ထဲကို ပြီးခဲ့တဲ့ နှစ်ကတည်းက အချိန်ကိုက် မှန်ကန်တဲ့ သွေးသစ်လောင်းမှု တစ်ခုအနေနဲ့ လွှဲပြောင်းခဲ့ပြီး ဖြစ်လို့ ကျေနပ်မှု ရှိတယ်လို့ ပြောခဲ့ပါတယ်။

Howard Stringerဟာ ပညာရေးနဲ့ ဆေးပညာ အဖွဲ့အစည်းတွေမှာ ပါဝင် လုပ်ဆောင်ဖို့နဲ့ American Film Instituteမှာ Chairmanအဖြစ် ဆက်လက် ရှိနေဖို့ အလုပ်တွေ ရှိနေသေးတယ်လို့လည်း ပြောခဲ့ပါတယ်။ ဒါ့အပြင် သူဟာ Sonyအတွက် အလုပ်မလုပ်ခင် အချိန် ၁၉၉၇ခုနှစ် မတိုင်ခင်ကတည်းက အနှစ် သုံးဆယ်လောက် Journalist တစ်ယောက်လုပ်ခဲ့တာ ဖြစ်ပြီး CBS Television Networkမှာလည်း ထုတ်လုပ်သူ အလုပ်အမှုဆောင် အဖြစ် လုပ်ကိုင်ခဲ့တာပါ။ သူ့ဘဝရဲ့ အဓိက ရည်မှန်းချက်က Electronic Deviceတွေနဲ့ ဖျော်ဖြေရေးကို မဟာဗျူဟာကျကျ ပေါင်းစပ်ဖို့ပဲ ဖြစ်တယ် လို့လည်း သိရပါတယ်။ Sony Corporation အနေနဲ့ကတော့ ဒီနှစ်ပိုင်းအတွင်းမှာ Smart Phone အကောင်းစားတွေကို ပွဲထုတ်နိုင်ခဲ့တဲ့အပြင် မကြာသေးမီက Playstation 4ကို ထုတ်လုပ်ခဲ့ပေမယ့် စီးပွားရေးအရ ဆက်လက် အရှုံးပေါ် နေသေးတယ်လို့ သိရပါတယ်။ Ref: www.nytimes.com






## HEADPHONES

1

### Beats by Dr. Dre Solo HD

Price: K 25,000 (Buy one Get one)
Made in Thailand
Contact: Ko Beno
✆ 01-256-417



3

### DIESEL Noise Division

Price: K 250,000
Contact: Ko Beno
✆ 01-256-417



5

### Purity HD

Price: K 25,000 (Buy one Get one)
Made in Thailand
Contact: Ko Beno
✆ 01-256-417



7

### 9 in 1 Wireless Headphone

Price: K 15,000
Contact: Ko Beno
✆ 01-256-417



9

### Beats by Dr. Dre Bluetooth Stereo Headset

Price: K 45,000
Contact: Ko Beno
✆ 01-256-417



11

### Beats by Dr. Dre

Model: B-988
Price: K 28,000
Contact: Ko Beno
✆ 01-256-417



## GAMING

2

### Copper Q6000

Price: K 55,000
Contact: Ko Beno
✆ 01-256-417



4

### PS VITA

Price: K 320,000
Contact: Game Hive
✆ 09-450-041-500



6

### Nintendo 3DS.XL

Price: K 300,000
Contact: Ko Beno
✆ 01-256-417




8

### XBOX 360 Kinect Sensor

Price: K 100,000
Contact: Game Hive
✆ 09-450-041-500



10

### Fun Station 3

Price: K 18,000
Contact: Ko Beno
✆ 01-256-417



12

### DANCE II

Price: K 28,000
Contact: Ko Beno
✆ 01-256-417



# Printer & Network Accessories

## PRINTER & SCANNER

| Epson/ Canon/ HP | Kyat |
|---|---|
| Epson LQ300+2 Printer with Cable | 174,000 |
| Epson Stylus Photo R230X Printer with Cable (USB) | 142,000 |
| Epson L210 Printer with Ink Tank (3 in 1) | 145,000 |
| Canon iP 2770 Printer with Cable (USB) | 40,000 |
| Canon LBP 6000 Printer with Cable (USB) | 77,000 |
| Canon LBP 2900B Printer with Cable (USB) | 117,000 |
| HP Laserjet P1102 Printer with Cable (USB) | 77,000 |
| HP Laserjet M1212NF AIO Printer with Cable (USB) (4 in 1) | 239,000 |
| HP Officejet 7000 Printer with Cable (USB) A3 Size | 268,000 |
| Star Receipt Printer SP712 MU (USB) | 215,000 |
| Flatbed Scanner Canon Lide 110 | 53,000 |
| MRS Computer & Network: 01-392-138 | |

## TONER

| HP/ Samsung/ Canon | Kyat |
|---|---|
| HP 1200 (C7115A) Toner | 57,000 |
| HP 1005 (CB 435A) Toner | 57,000 |
| HP 1102 (CE 285) Torner | 57,000 |
| HP 1010/3015 (Q 2612A) Toner | 60,000 |
| HP 1300 (Q 2613A) Toner | 60,000 |
| HP 2015 (Q7553A) Toner | 69,000 |
| HP 1522N (36A) Toner | 69,000 |
| HP 1536N (CE278A) Toner | 69,000 |
| HP 2055 (CE505A) Toner | 69,000 |
| HP 1320 (Q5949A) Toner | 69,000 |
| Canon 6000 (325) Toner | 27,000 |
| Samsung CLP-325/ CLX-3185Toner (CLT-C407S)/ (CLT-M407S)/ (CLT-Y407S)/ CLT-K407S | 48,000 |
| Canon 2900 (EP303)/ Canon 1120 (EP22)/ Canon 3050 (312) | 48,000 |
| MRS Computer & Network: 01-392-138 | |

## NETWORK ACCESSORIES

| Prolink/ Dlink | Kyat |
|---|---|
| Prolink - 5 Ports Switch 10/100B | 8,000 |
| Prolink - 8 Ports Switch 10/100B | 10,000 |
| Prolink - 16 Ports Switch 10/100B | 23,000 |
| Dlink - 8 Ports Switch 10/100B | 17,000 |
| Dlink - 16 Ports Switch 10/100B | 38,000 |
| Dlink - 24 Ports Switch 10/100B | 50,000 |
| Dlink - PCI Network Card 10/100 BT | 6,500 |
| Prolink - Gigabit Lan Card 10/100/1000 BT | 8,500 |
| Prolink - Gigabit 5 Port Switch 10/100/1000 BT | 28,000 |
| Prolink - Gigabit 8 Port Switch 10/100/1000 BT | 35,000 |
| Prolink - Gigabit 16 port switch 10/100/1000 BT | 88,000 |
| Prolink - Gigabit 24 Port Switch 10/100/1000 BT | 108,000 |
| Prolink - Wireless-USB Network Adapter( WN-2201) 300Mbps | 16,000 |
| Prolink - Wireless-N High Power USB Adapter( PAN-2001) 150Mbps | 20,000 |
| Prolink - Wireless-WNR1004C Combo(Mini Portable Router+Nano USB Adapter) | 22,000 |
| Prolilnk - Wireless-N 4 port Gigabit Router (WNR-1008) | 51,000 |
| Prolink - Wireless-N 4G Mobile Router (WNR 1011) | 40,000 |
| Prolink - Wireless-N 4G MIMO AP/Router (WNR 1012) | 39,000 |
| Prolink - Wireless N2T2R Multifunction Router (WNR-1004/P-BLK) | 33,000 |
| Wireless - N AP/Router/Repeater /4-Port switch (1T1R) PRN2001 | 28,000 |
| Wireless - N AP/Router/Repeater /4-Port switch (2T2R) PRN3001 | 32,000 |
| Wireless - N 21.6Mbps Mobile Modem Router (2in1) PRT7001H | 80,000 |
| MRS Computer & Network: 01-392-138 | |

Updated on March 14, 2013.

# Accessories Your Gizmo

1



### Fashionable Optical Mouse

Price: K 3,000
Available at: Matrix
✆ 01-245-580

2



### Zen Mouse

Model: 800dpi
Price: K 5,500
Available at: Club iT
✆ 01-536-975

3



### Delux Wireless Optical Mouse

Model: DLM-102GX +G07uF
Price: K 7,000
Available at: Matrix
✆ 01-245-580

4



### Delux Keyboard

Model: DLK-1900
Price: K 8,000
Available at: Club iT
✆ 01-536-975

5



### Beats by Dr. Dre

Price: K 75,000
Available at: Club iT
✆ 01-536-975

6



### Somic Headphone

Model: E-95
Price: K 37,000
Available at: Club iT
✆ 01-536-975

7



### High Resolution Video

Model: FY1301
Price: K 33,000
Available at: Matrix
✆ 01-245-580

8



### SSK (HDD xternal)

Model: SHE002
Price: K 16,500
Available at: Matrix
✆ 01-245-580

9



### ASUS Motherboard

Model: P8H77-M
Price: K 79,500
Available at: Club iT
✆ 01-536-975

10



### Power Supply (550W)

Model: EOP21
Price: K 16,500
Available at: Matrix
✆ 01-245-580

11



### New iPad Cover

Price: K 35,000
Available at: Ko Beno
✆ 01-256-417

12



### New iPad Cover

Price: K 25,000
Available at: Ko Beno
✆ 01-256-417

13



### iPhone 5 cover

Price: K 28,000
Available at: Ko Beno
✆ 01-256-417

14



### iPhone 5 cover

Price: K 10,000
Available at: Ko Beno
✆ 01-256-417

Updated on March 14, 2013.

အိုင်စီတီ ဂျာနယ်
Volume 2, Issue 11
MYANMAR ICT JOURNAL

# ခေတ်မီ Living Room နှင့် Kitchen ပိုင်ဆိုင်ချင်သူများအတွက်...

## Sony Bravia HX750
Display: 55", Resolution: 3D Full HD
Type: LED
K 1,269,000
Ph: 01-546-006



## Sony Bravia EX430
Display: 40"
Type: LED
K 499,000
Ph: 01-546-006



## Samsung LA-32D403E2R
Display: 32"
Type: LCD
K 227,000
Ph: 01-256-501



## Sony KLV-32BX350
Display: 32"
Type: LCD
K 275,000
Ph: 01-256-501



## LG 32CS460
Display: 32"
Type: LCD
K 249,000
Ph: 01-256-501



## LG 32LS5700
Display: 32", Resolution: Full HD
Type: LED Smart
K 379,000
Ph: 01-379-954





## Samsung LA-40D503XSQ
Display: 40"
Type: LCD
K 500,000
Ph: 01-252-991




## Toshiba 32PU200
Display: 32"
Type: LED
K 307,000
Ph: 01-252-991





## LG BP620
3D Blu-ray
K 209,000
Ph: 01-379-954




## LG BP-120
Blu-ray
K 105,000
Ph: 01-379-954



## LG BP420
3D Blu-ray
K 169,000
Ph: 01-379-954



## Samsung BD-C6900
3D Blu-ray
K 483,000
Ph: 01-252-991



## Sony BDV-E690
K 649,000
Ph: 01-546-006



## LG DH7620
Audio System: 5.1
K 399,000
Ph: 01-379-954



## Sony BDV-E490
K 499,000
Ph: 01-546-006



## Panasonic MX-AC210 Blender
K 61,000
Ph: 01-249-162



## Philips HD4729 Rice Cooker
Capacity: 1.8L
Avaliable Color: White
K 33,500
Ph: 01-256-501





## Panasonic NC-GF1 Coffee Maker
Power Voltage: 880W
K 27,000
Ph: 01-249-162





## Samsung ME81Y
Capacity: 23L
Available Color: White
K 82,000
Ph: 01-256-501



## Panasonic NN-SM322
Capacity: 23L
K 69,500
Ph: 09-732-421-09

အိုင်စီတီ ဂျာနယ်
Volume 2, Issue 11
MYANMAR ICT JOURNAL

# မည်သည့် Notebook, Monitorနှင့် HDDတို့ကို ဝယ်ယူလျှင် ကောင်းမလဲလို့ စဉ်းစားနေသူများအတွက်...

## Gaming

### ASUS S46CM-WX138D
Intel Core i7-3630QM 2.4GHz, 4GB DDR3
750GB SATA, 14"HD LED LCD
NVIDA Geforce GT635 2GB
Wireless LAN, GbLAN, HDMI, USB 3.0
**USD 829**
**Tel : 01-391-789**




### HP Pavilion G4-2002TX
Intel Core i7-3612QM 2.1GHz
4GB DDR3 1333MHz,750GB SATA
14"HD LED LCD, IntelHM76 Express Chipset
Wireless LAN, GbLAN, HDMI, USB 3.0
**K 630,000**
**Tel : 01-391-789**




### Dell Inspiron 5521-1128
Intel Core i5-3337U 1.7GHz
4GB DDR3 1600MHz, 1TB Sata, 15.6" LED,
Wireless LAN, HDI, eSATA, USB 3.0
Intel HM76 Express Chipset
**K 629,000**
**Tel : 01-391-789**



### Lenovo U410
Intel Core i5 3317U 3rd (1.7GHZ)
4GB DDR3 1333MHz RAM
750 GB SATA, Nvidia Graphic 1GB,
14" WXGA-ACV Display, Wireless, HDMI
**USD 699**
**Tel: 01-385-824**




## Office

### msi CX480
Intel Core i5 2450M (2.5 GHz)
Memory 2GB DDR3, HD 500GB SATA
LED 14", Wi-Fi, Webcam
**K 560,000**
**Tel : 01-398-006**




### Dell Inspiron V560809
Intel Core i3-3310M, 2.40Ghz,
Memory 4GB, HD 500GB SATA
LED 14", Wi-Fi, Webcam
**K 514,500**
**Tel : 01-398-006**



### msi CX-61
Core i3 3110M (2.4Ghz), 4GB DDR3
500GB SATA 7200MB, Nvidia GT 635M
(2GB), 15.6" WXGA + ACV Display
**USD 589**
**Tel: 01-385-824**




### Acer E1-471
Core i3-2348M (2.3GHz), 500GB HDD,
2GB DDR3, Intel HD Graphic 3000,
14.1 Crystal LED LCD, Wi-Fi, GBLan
**USD 465**
**Tel : 01-378-171**



## Budget

### HP 1000
Core i3-(2.3GHz), 500GB HDD,
2GB DDR3, ATI 1GB Graphic,
14" Crystal LED LCD, Wi-Fi- GBLan, Webcam
**K 395,000**
**Tel : 01-378-171**




### Lenovo G485
AMD E1 1200 (1.4 GHz), ATM 7310M
500GB HDD, 2GB DDR3,
14" Crystal LED LCD, Wi-Fi, GBLan
**K 305,000**
**Tel : 01-378-171**



### Samsung 300E4X
Intel Core 1200M (1.4GHz), 2 GB DDR3,
320GB SATA, 14" WXGA+ACV Display,
Wireless 802.11(N), HDML
**K 295,000**
**Tel : 01-385-824**



### SINGTECH SGT243BUQ
ADM Dual Core C60 (1.3GHz)
Memory 2GB, HD 320GB SATA,
LED 14", Wi-Fi, Webcam, HDMI, USB 3.0
**K 288, 000**
**Tel : 01-398-006**




## Monitor

### AOC e2343F
Display: 23" LED
Audio: LED Monitor
Contrast Ratio: 50,000,000:1 (DCR)
**K 143,000**
**Tel: 01-430-013**



### Acer s200HI
Display: 20" LED
Audio: LED Monitor
Contrast Ratio: Colour Monitor
**K 94,000**
**Tel: 01-385-824**



### Viewsonic Va1912a
Display: 18.5" LED
Audio: LED Monitor
Contrast Ratio: Colour Monitor
**K 84,000**
**Tel: 01-385-824**




## External

### Verbatim 1000GB
USB: 3.0, Storage: 1000GB
Warranty: 2Year
**K 80,000**
**Tel: 01-385-177**



### Verbatim 500GB
USB: 3.0, Storage: 500GB
Warranty: 2Year
**K 58,000**
**Tel: 01-385-177**



### Freecom 1TB
USB: 3.0, Storage: 1TB
Warranty: 2Year
**K 80,000**
**Tel: 01-297-332**



### Freecom 500GB
USB: 3.0, Storage: 500GB
Warranty: 2Year
**K 58,000**
**Tel: 01-297-332**



**DO-IT-YOURSELF: ကွန်ပျူတာ တစ်လုံး ဘယ်လောက် ကျမလဲ။ ရေးချပြီး တွက်ကြည့်ပါ။**

## CPU

| Intel | Kyat |
|---|---|
| Intel Dual Core 2.9 GHz (3MB/1155) G-2020 | 60,000 |
| Intel Core i3 3.3 (3MB/1155) 3220 | 103,000 |
| Intel Core i5 3.2 (6MB/1155) 3470 | 161,000 |
| Intel Core i7 3.4 (8MB/1155) 3770 | 252,000 |
| Intel Core i3 3.3 (3MB/1155) 3220 | 107,000 |
| Intel Core i5 3.2 (6MB/1155) 3470 | 168,000 |
| Intel Core i7 3.4 (8MB/1155) 3770 | 258,000 |
| MRS Computer & Network: 01-392-138 | |

## MOTHERBOARD

| msi/ ASUS | Kyat |
|---|---|
| msi Z77A-GD65 (G3) (1155/DDR3) | 60,000 |
| msi Z77MA-G45 (G3) (1155/DDR3) | 52,000 |
| msi H77MA-G43 ( Intel B77 Express Chipset) (1155/DDR3) | 136,000 |
| msi B75MA-E33 ( Intel B75 Express Chipset) (1155/DDR3) | 77,000 |
| msi Z68A-GD55 (G3) (1155/DDR3) | 107,000 |
| msi H61M-P31 (G3) (1155/DDR3) | 105,000 |
| msi H61MA-E35 (B3) (1155/DDR3) | 194,000 |
| GA-H61M-DS2 (1155/DDR3) | 49,000 |
| msi intel DH61-HO (1155/DDR3) | 61,000 |
| ASUS- P8 H61-MLX (1155/DDR3) | 51,000 |
| ASUS- P8 H61-MLE (1155/DDR3) | 53,500 |
| ASUS- P8 H77-MLE (1155/DDR3) | 75,000 |
| ASUS- P8 H77-VLE (1155/DDR3) | 114,000 |
| | USD |
| ASUS P8H61-MLX R2.0 (1155/DDR3) | 60 |
| ASUS P8H61-MLE R2.0 (1155/DDR3) | 63 |
| msi: 01-240-110, MRS Computer & Network: 01-392-138, Golden Power Technology: 01-210-943 | |

## MEMORY

| Kingston | Kyat |
|---|---|
| Kingston - 512 MB (DDR / 400MHz) | 13,000 |
| Kingston - 1 GB (DDR / 400MHz) | 28,000 |
| Kingston - 2 GB (DDR2 / 800MHz) | 29,000 |
| Kingston - 2 GB (DDR3 / 1333MHz) | 12,000 |
| Kingston - 4 GB (DDR3 / 1333MHz) | 21,500 |
| T-Land: 01-382-868, MRS Computer & Network: 01-392-138 | |

## HARD DRIVE

| Seagate/ Western Digital | Kyat |
|---|---|
| Seagate - 500GB SATA | 52,000 |
| Seagate - 1000GB SATA | 67,000 |
| Seagate - 1500GB SATA | 71,000 |
| Seagate - 2000GB SATA | 89,000 |
| Seagate - 2000 GB HDD 7200RPM SATA 32M | 90,000 |
| Western Digital - 1500 GB HDD 7200RPM SATA | 96,000 |
| Western Digital - 1500 GB HDD 7200RPM SATA Black | 105,000 |
| MRS Computer & Network: 01-392-138, T-Land: 01-382-868 | |

## POWER SUPPLY

| Golden Field/ Thermaltake | Kyat |
|---|---|
| Golden Field - 500W PSU | 10,500 |
| Golden Field - 550W PSU | 14,000 |
| | USD |
| Thermaltake - LP-430NLINH ( Litepower) 430W PSU | 27 |
| Thermaltake - SP-850 MPC BEU 850W PSU | 118 |
| Thermaltake - SPS-730MPCBEU (Smart) 730W PSU | 85 |
| Thermaltake - LT-600PCEU ( Litepower) 600W PSU | 54 |
| Thermaltake - LT-450 PCEU ( Litepower) 450W PSU | 45 |
| Thermaltake - LT-350 PCEU( Litepower) 350W PSU | 35 |
| GF: 01-430-013, Golden Power Technology: 01-210-943 | |

## GRAPHIC CARD

| msi/ ASUS | Kyat |
|---|---|
| msi - R7770 Power Edition 1GD5 / OC (1GB DDR5) | 142,000 |
| msi - R7750PMD1GD5/OC (1GB DDR5) | 106,000 |
| msi - R7750 PE 1GD5/OC (1GB DDR5) | 110,000 |
| msi - R6850 Cyclone 1GD5 Power Edition/OC (1GB DDR5) | 141,000 |
| msi - R6790-PM2D1GD5/OC (1GB DDR5) | 107,000 |
| msi - R6570-MD1GD3/LP (1GB DDR5) | 62,000 |
| msi - R6450-MD1GD3/LP (1GB DDR5) | 48,000 |
| ASUS - PCIE (1 GB) EAH 5450 (DDR3) | 34,000 |
| ASUS - PCIE (2 GB) GT610 (DDR3) | 49,000 |
| ASUS - PCIE (4 GB) GT630 (DDR3) | 79,000 |
| msi: 01-240-110, MRS Computer & Network: 01-392-138 | |

## OPTICAL DISK DRIVE

| ASUS | USD |
|---|---|
| ASUS BW-12B1ST (SATA INT Blu-ray Writer) | 106 |
| ASUS SBW-06D2X-U/BLK | 119 |
| ASUS SDRW-08D3S-U (BLK) | 44 |
| ASUS SDRW-08D2S-U (BLK, WHT) | 39 |
| ASUS DRW-24B5ST | 23 |
| Golden Power Technology: 01-210-943 | |

## MONITOR

| AOC/ Prolink/ Samsung/ Acer/ Philips/ Fujitsu/ ASUS | Kyat |
|---|---|
| AOC - 18.5" LED / 20,000,000:1 / VGA (e950Sw) Black | 87,000 |
| AOC -18.5" LED / 20,000,000:1 / VGA+ DVI (e962vwn) Black & White | 89,000 |
| AOC - 20" LED / 20,000,000:1 / VGA+DVI (e2051Sdn) Black Photo Frame | 103,000 |
| AOC - 21.5" LED / 20,000,000:1 / VGA+DVI (e2260Swdn) Black | 123,000 |
| AOC - 23" LED / 20,000,000:1 /VGA+DVI (e2351F) Black, Photo Frame | 138,000 |
| AOC - 23" LED / 50,000,000:1 /VGA+DVI (e2343F) White Slim | 143,000 |
| AOC - 27" LED / 20,000,000:1 /VGA+Twin HDMI (i2757) IPS Borderless Panel | 265,000 |
| Prolink - 18.5" LED Color Monitor Wide View with DVI | 79,000 |
| Samsung - 18.5" LED Color Monitor Wide View with DVI | 93,000 |
| Samsung - 20" LED Color Monitor Wide View with DVI | 104,000 |
| Acer - 20" LED Monitor S200HL Wide View | 96,000 |
| Philips - 18.5" LED Monitor Wide View | 86,000 |
| Fujitsu - 18.5" LED Monitor Wide View with DVI + Speaker | 82,000 |
| | USD |
| ASUS - VG278H 27" Wide LED Monitor | 668 |
| ASUS - VE278H 27" Wide LED Monitor | 340 |
| ASUS - PA238Q 23" Wide LCD Monitor | 297 |
| ASUS - VG23AH 23" Wide LED Monitor | 290 |
| ASUS - ML248H 24" Wide LED Monitor | 244 |
| AOC: 01-430-013, KMD: 01-381-129, Golden Power Technology: 01-210-943 | |

## UPS

| STAR/ EAST | Kyat |
|---|---|
| STAR UPS 650VA LED Metal Case - Black | 29,000 |
| STAR UPS 1200VA LED Metal Case - Black | 55,000 |
| EAST UPS 650VA LED Plastic Case - Black | 27,000 |
| EAST UPS 650VA LED Plastic Case - Black & Silver | 27,000 |
| EAST UPS 650VA LED Plastic Case - Black & Blue | 27,000 |
| EAST UPS 650VA LED Metal Case-Black | 29,000 |
| EAST UPS 1200VA LED Metal Case-Black | 55,000 |
| STAR: 01-430-013, EAST: 01-549-193 | |

| စဉ် | အမျိုးအမည် | ဈေးနှုန်း |
|---|---|---|
| 1 | CPU | |
| 2 | Motherboard | |
| 3 | Memory | |
| 4 | Hard Drive | |
| 5 | Graphic Card | |
| 6 | Casing | |
| 7 | Power Supply | |
| 8 | Monitor | |
| 9 | UPS | |
| 10 | Optical Disk Drive | |
| 11 | Keyboard/ Mouse | |
| | ကျသင့်ငွေ | |

## CASING

| Golden Field/ Thermaltake | Kyat |
|---|---|
| Golden Field Chasis F14B (500W PSU) | 22,000 |
| Golden Field Chasis F16B (500W PSU) | 22,000 |
| Golden Field Chasis D212B (500W PSU) | 22,000 |
| Golden Field Chasis 1331B (550W PSU) | 32,000 |
| Golden Field Chasis 7621 (550W PSU) | 34,000 |
| | USD |
| Thermaltake Armor Revo Snow Edition (VO200M-6W2N) | 137 |
| Thermaltake Armor Revo (VO200M1W2N) | 135 |
| Thermaltake Chaser MK-I (VN300M1W2N) | 143 |
| Thermaltake Versa G2 (VO700A1W3N) | 47 |
| Thermaltake Versa G1 (VO600A1W3N) | 47 |
| Thermaltake Commander MS-I (VN400A1W 2N) | 46 |
| Thermaltake Commander MS-I Snow Edition (VN40006W2N) | 48 |
| Thermaltake ARMOR A30 ( VM70001W2Z) | 90 |
| Thermaltake New Soprano ( VO900M1N2N) | 115 |
| Thermaltake New Soprano Snow Edition ( VO900M6N2N) | 118 |
| Golden Field: 01-430-013, Golden Power Technology: 01-210-943 | |

## KEYBOARD & MOUSE

| A4 Tech/ Prolink | Kyat |
|---|---|
| A4 Tech Optical Mouse X520D/ X5-28D/X6-10D / 59D/ N600/ N400/ N360/ D312 (USB) | 5,700 |
| A4 Tech Optical Mouse 620D (PS/2)/ (USB)/ BW-9 (USB) | 4,000 |
| A4 Tech KB (USB)/ (PS/2) X Slim Silver Black | 6,300 |
| A4 Tech KB (PS/2) | 6,000 |
| Prolink Wireless Multimedia KB with Touch Panel (5308G) | 34,000 |
| Prolink (Combo) Wireless Laser KB + Mouse (5307G) | 23,000 |
| Prolink (Combo) Wireless Multimedia KB + Mouse (5309G) | 20,000 |
| Prolink Wireless Bluetooth Multimedia KB PKM 3810B | 21,000 |
| Prolink Wireless Bluetooth Optical Mouse PMO 624B | 15,000 |
| Prolink Wireless Laser Mouse (USB) 303 | 16,000 |
| Prolink Wireless Nano Mouse (USB) 712G/ 713G/ 714G/ 715G/ 716G | 12,000 |
| Prolink Wireless Presenter with Air Mouse / LCD (USB) PWP-103G | 27,000 |
| MRS Computer & Network: 01-392-138 | |

လူကြီးမင်းတို့၏ ကုမ္ပဏီမှ ဖြန့်ချိသော ကုန်ပစ္စည်းဈေးနှုန်းများကို ပေးပို့လိုပါက newsroom@myanmarict.comသို့ အထက်ဖော်ပြပါ ဇယားအတိုင်း Spreadsheet (Excel) Formatဖြင့် ပေးပို့နိုင်ပါသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 11
MYANMAR ICT JOURNAL

## SOUND SYSTEM

**1**



**APOGEE AFI-PT5 Loud Speaker**
Price: K 480,000
Available at: Audio Net Sound & Vision
Made in USA
✆ 09-505-8440

**2**



**SAMSON Studio Monitor SE6**
Price: K 360,000
Available at: Audio Net Sound & Vision
Made in China
✆ 09-505-8440

**3**



**BEHRINGER Speaker (control 1C)**
Price: K 130,000
Available at: Sound Tech
Made in Germany
✆ 01-252-066

**4**



**BEHRINGER 1030A Studio Monitor**
Price: K 310,000
Available at: Sound Tech
Made in Germany
✆ 01-252-066

**5**



**BEHRINGER 2030A Studio Monitor**
Price: K 370,000
Available at: Sound Tech
Made in Germany
✆ 01-252-066

## INSTRUMENT

**7**



**IBANEZ GIO electric guitar**
Price: K 250,000
Available at: Music World Trading Co.,Ltd.
Made in China
✆ 01-254-380, 01-243-162

**8**



**IBANEZ Bass Guitar 5 String**
Price: K 210,000
Available at: National Musical Instrument
Made in Korea & China
✆ 01-375-268

**9**



**YAMAHA MD FS-50BT**
Price: USD 500
Available at: Myanmar Music Trading Co., Ltd.
Made in Indo
✆ 01-256-417

**10**



**China Violin**
Price: K 160,000
Available at: National Musical Instrument
Made in China
✆ 01-375-268

**11**



**CASIO HT3500**
Price: K 150,000
Available at: Ko Beno
Made in Japan
✆ 01-256-417



WORLD'S No.1 PC Vendor in Year 2012

lenovo FOR THOSE WHO DO

Lenovo Product ဝယ်ယူသူများအတွက် ငွေကျပ်(၄)သောင်းကျော်တန်ဖိုးရှိ လက်ဆောင်များရယူလိုက်ပါ၊

Yangon ICT Fair
March 22~24 2013 • Booth No: B3

FREE GIFT

Lenovo Mouse
Worth: 3,900/-KS

McAfee
3 Years McAfee Antivirus
Worth: 15,000/-KS

Lenovo Headphone
Worth: 13,500/-KS

Lenovo Speaker
Worth: 15,500/-KS

Notebook Bag




ပေါ့ပါး လျှင်မြန်မှုဖြင့် သင့်လုပ်ငန်းကို စတင်လိုက်ပါ။

ideaPad Z400

- Intel® Core™ i5 Processor 3230M (2.6Ghz up to 3.20GHz/1600MHz/3MB L3 Cache)
- 4GB DDR3 • 1TB HDD
- Super Multiburner Drive DVD-RW
- Nvidia GeForce GT645M 2GB
- 14" HD LED Display
- CardReader • Webcam • Bluetooth
- 2-years International warranty

$729

2 YEARS WARRANTY

ပြပွဲရက်အတွင်း Lenovo New Product များ ကြည့်ရှုခံစားရင်း ပျော်ရွှင်စရာ ဂိမ်းအစီအစဉ်များစွာကိုပါဝင်ဆင်နွှဲနိုင်ပါပြီ...

- Standard Notebook များ ထက် 25% ပို၍ပါးလွှာ၍ ညင်သာသောမျက်နှာပြင်ကို ထိတွေ့ခံစားနိုင်ခြင်း
- ပေါ့ပါးပြီး Multimedia Application များကို အလွယ်တကူအသုံးပြုနိုင်သော Entertainment Device ဖြစ်ခြင်း
- Dolby Home Theatre V4 Audio System ဖြင့် ကြည်လင်ပြတ်သားသော သံစဉ်များကို နားစဉ်ခံစားနိုင်ခြင်း
- နားလည်သိမြင်နိုင်စွမ်းရှိသော Touch Pad ဖြင့် ထိတွေ့မှုပုံစံ (Gestures) ၁၀ မျိုး အနေအထားအသုံးပြုနိုင်သော ကြောင့် Windows 8 ကို အကောင်းမွန်ဆုံး အနေအထား ဖြင့် အသုံးချနိုင် ခြင်း
- ပုံမှန် Lenovo Notebook များ တွင် ပါဝင်နေကျဖြစ်သော OneKey Recovery System ဖြင့် ရိုးရှင်း စွာ Data Backup and Recovery ပြုလုပ်နိုင်ခြင်း
- Nvidia GeForce Graphic ဖြင့် အကောင်းမွန်ဆုံး ဂိမ်းရုပ်ထွက်များဖြင့် ခံစားပါဝင်စီးမျောနိုင်ခြင်း
- Back Light Keyboard ဖြင့် အမှောင်ထဲတွင် Key များကိုရှင်းလင်းလွယ်ကူစွာ၊ အမြင်ဆန်းသစ်စွာဖြင့် အသုံးပြုနိုင်ခြင်း။
- Lenovo ၏ Energy Management System ဖြင့် Battery ကို ကြာရှည် ခံ အသုံးပြုနိုင်ပြီး အချိန်ကြာမြင့် စွာ သုံးစွဲနိုင်ခြင်း

Lenovo အရောင်းဆိုင်ကြီးများအားလုံးတွင် ဈေးနှုန်းတူညီစွာ ဝယ်ယူရရှိနိုင်ပါပြီ။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 11
MYANMAR ICT JOURNAL

# 2013 Cadillac XTS

ညီညီနိုင်

2013 Cadillac XTSဟာ ဝံ့ကြွားတဲ့ ဟန်ပန်အပြည့်နဲ့ Luxury Sedan ကားတစ်စီး ဖြစ်ပြီး စွမ်းအင်ပြည့်ဝမှုနဲ့ ညက်ညော ပြေပြစ်မှုကို အချိုးညီညီ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ သိသာထင်ရှားတဲ့ ရဲလ်တွေအပြင် လှပခန့်ညားပြီး ဘယ်ကားနဲ့မှ ပုံစံချင်း မတူတဲ့ ဒေါင်လိုက် နောက်မီးခွက်တွေက တစ်ချက်လောက် ကြည့်လိုက်ရုံနဲ့ Cadilacလို့ တိုးတိုး ရေရွတ်မိစေနိုင်လောက်အောင် ကားချစ်သူတွေရဲ့ ရင်ထဲကို နေရာဝင်ယူထားပြီးသား ဖြစ်ပါတယ်။ Trim အနေနဲ့ Base, Luxury, Premiumနဲ့ Platinumဆိုပြီး လေးမျိုး ခွဲခြားထားပါတယ်။ အော်တိုဂီယာ ခြောက်ချက်နဲ့ 3.6L V6 အင်ဂျင်က မြင်းကောင်ရေ ၃၀၄ကောင်အား ရှိပါတယ်။ Trim လေးမျိုးထဲမှာ Baseကလွဲပြီး ကျန်တဲ့ သုံးမျိုးက 4 - Wheel Drive ဖြစ်ပါတယ်။ သတ္တုရောင် ပြောင်လက်နေတဲ့ ၂၀လက်မ အလွိုင်းဗိုးတွေက Cadillac XTSကို ခန့်ညားတဲ့ ကားတစ်စီး ဖြစ်စေဖို့ ထောက်ပံ့ပေးနေသလို ဇီနွန်မီးလုံးတွေနဲ့ နေ့ခင်းဘက်မှာပါ မျက်နှာချင်းဆိုင် ကားက ကိုယ့်ကို သတိထားမိပြီး ယာဉ်မတော်တဆမှု နည်းပါးသွားအောင် လုပ်ဆောင်ပေးမယ့် Daylight Lampတွေကလည်း Cadillac XTSကို လိုအပ်ချက် မရှိတဲ့ ကားတစ်စင်း ဖြစ်အောင် ဖြည့်စွက်ပေးနေပါတယ်။ ဒါ့အပြင် Parking Sensorတွေ၊ နှင်းကျတဲ့ တိုင်းပြည်တွေမှာ အသုံးဝင်မယ့် အပူပေးလို့ရတဲ့ မှန်နဲ့ စတီယာရင်၊ ပုံစံဆယ်မျိုး ပြောင်းလို့ရတဲ့ ယာဉ်မောင်းနေရာက ထိုင်ခုံစတာတွေလည်း ပါဝင် ပါသေးတယ်။

Dual-Zone Automatic Climate Control, Stability Control, Traction Control စတဲ့ နည်းပညာတွေအပြင် ဒီကားကို စီးနင်းမယ့် ခရီးသည်ရဲ့ လုံခြုံမှုအတွက် အသက်ကယ် လေအိတ် ၁၀လုံး ပါဝင်ပါတယ်။ ကားတော်တော်များများမှာ လေအိတ် ၈လုံးပဲ ပါလေ့ ရှိပေမယ့် ဒီကားမှာတော့ ရှေ့ခန်းက ခရီးသည်တွေကို ဒူးခေါင်း ထိခိုက်မှု မရှိအောင် လေအိတ် ၂လုံး အပိုထည့်ပေးထားတဲ့ အကြောင်းကတော့ ဒါဟာ Cadillac ဖြစ်လို့ပါပဲတဲ့။ ဒါ့အပြင် Navigation Systemနဲ့ Entertainmentအတွက် iPod Input, Satellite Radioစတာတွေ ပါဝင်ပြီး Bluetoothလည်း ပါဝင်ပါတယ်။ အသံစနစ်အတွက် ကတော့ Bose® Studio Surround® Sound System စပီကာ ၁၄လုံး ပတ်လည် တပ်ဆင်ထားပါတယ်။ ဆီစားနှုန်းကတော့ Trimအားလုံးမှာ မြို့တွင်း ဆီတစ်ဂါလံ ၁၇မိုင်နှုန်းနဲ့ ဟိုင်းဝေးလမ်းပေါ်မှာ ဆိုရင်တော့ Baseမှာ တစ်ဂါလံ ၂၈မိုင်နှုန်းနဲ့ ကျန်တဲ့ Trimတွေမှာ ၂၆မိုင်နှုန်းပဲ ဖြစ်ပါတယ်။ ခြုံငုံပြီး သုံးသပ်ရရင်တော့ 2013 Cadillac XTSဟာ ခန့်ညား ဝံ့ကြွားတဲ့ သွင်ပြင်၊ သက်သောင့်သက်သာ ရှိပြီး ကျယ်ဝန်းတဲ့ အတွင်းခန်းတို့အပြင် 2013 မော်ဒယ်လ် ကားတွေမှာ ရှိသင့်တဲ့ အချက်အလက်တွေ အားလုံးနဲ့ ပြည့်စုံတဲ့ အကောင်းဆုံး ဇိမ်ခံ ကား တစ်စီးပဲ ဖြစ်ပါတယ်။





